www.burmeseclassic.com

အရှေ့အလင်းစာပေ

# တာတေ

ဆရာမနိုင်

စီစဉ်သည့်....

တာတေ

နတ်စက်ရှိန်

ကျော်မင်းနိုင်

မင်းဘုန်းသိခ်သူ

ဂါဦးနွန်းကို



ဒီဇိုင်း - [illegible]

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးဒီဇိုင်း
သခုံစိုး

အတွင်းသရုပ်ဖော်
ကိုကျော်ဦး

ကွန်ပြူတာစာစီ
ဇာနည်မော်

မျက်နှာဖုံးCTP
EAGLE

အတွင်းဖလင်
ရာဇာမျိုးဝင်း

စာအုပ်ချုပ်
မေတ္တာပန်း စာအုပ်ချုပ်လုပ်ငန်း

ထုတ်ဝေသူ
ဦးဘုန်းဇော်
အရှေ့ဘက်ကောင်းကင်
စာပေထုတ်လုပ်ဖြန့်ချိရေး(၀၀၂၃၉)
အမှတ် ၂၈၂၊ ပထမထပ်၊
လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊


ပုံနှိပ်သူ
ဦးသိန်းဦး
မြတ်ရတနာပုံနှိပ်တိုက် (၀၀၆၅၂)
အမှတ်-၄၂၊ ၄၂လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

အုပ်ရေ- ၁၀၀၀ အုပ်
တန်ဖိုး- ၅၀၀ ကျပ်

ဖြန့်ချိရေး
အရှေ့ဘက်ကောင်းကင်
အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၉

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


၁။ တာတေ . . . . . . . . . . . . ဆရာမနိုင်တခွေဒိုင် ၅

၂။ နတ်ခက်ရှိန် . . . . . . . . . . သရဲမွေးတဲ့ခြံ ၄၂

၃။ ကျော်မင်းနိုင် . . . . . . ခေါင်းတွင်းမှပျောက်သွားသောအလောင်း ၇၄

၄။ မင်းဘုန်းသိစ်သူ . . . . . . . မွေးခါးသရဲ ၉

၅။ ဂါဦးနွန်းကို . . . . . . . . . . . လိုက်မဆွဲနဲ့နော် ၁၃

www.burmeseclassic.com



# ဆရာမနိုင် တစ္ဆေအိုင်

## တာတေ

အဘကတော့ ဝမ်းသာနေတာဗျ။

ဆောင်းမြေပဲတွေ လှွတ်ကောင်းနေတာလေဗျာ။ တစ်ယာလုံး စိမ်းလို့ဗျို့။ ကျုပ်တို့ ထနောင်းကုန်းသားတွေဆိုတာ ပျော်ချက်ဗျာ။ တချို့လည်း စိတ်ကူးနဲ့ ဖဲရိုက်လို့ဗျ။ ပဲဘယ်နှင်တင်းထွက်လို့ကတော့ ဘာလုပ်မယ်၊ ညာလုပ်မယ်ပေါ့ဗျာ။ အချို့

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဒီနှစ်တော့ ဆီနဲ့ ရေချိုးလိုက်ဦးမယ်လို့ ပြောလို့ပြောဗျ။

ဟုတ်တော့လည်း ဟုတ်သားဗျ။ ကျုပ်တို့ အညာမှာက သီးနှံကောင်းဖို့ဆိုတာက ဘုရားတနေရတာဗျို့။ သီးနှံဆိုတာက လည်း နှင်းကျချိန်ကျမှ သီးနှံအောင်တာလေဗျာ။ နည်းနည်းလေး ရာသီ ဖောက်သွားလို့ကတော့ အရင်းသာသာနဲ့ ကျေနပ်လိုက် ကြရတာချည်းပဲဗျ။

စားဖို့၊ သောက်ဖို့တော့ ရတာပေါ့ဗျာ။ ပိုပိုလျှံလျှံတော့ ဘယ်ရှိလိမ့်မတုံး။ ဒီတော့ ရပ်ထဲရွာထဲမှာ အလှူအတန်းနည်း တော့တာပေါ့။ ဒီနှစ်တော့ ကျုပ်တို့ရွာက ရွှေတောင်ဦးဘုရားပွဲ စည်ပြီပေါ့ဗျာ။ အနီးအနားရွာတွေလည်း အားလုံး ပဲကောင်းကြ တာကိုးဗျ။

မနေ့ကမှ ပေါင်းလိုက်လို့ ပြီးသွားတာဗျို့။

ဒီနေ့တော့ အဘရော၊ အမေရော၊ ကျုပ်ရော အိမ်မှာ နားနေကြတာပေါ့ဗျာ။

"အမေ ဘာဟင်းကောင်းချက်မှာတုံး"

ကျုပ်က အမေ့ကို စပြီး မေးလိုက်တာဗျ။ အမေက အဘ ပုဆိုးဟောင်းလေးတစ်ထည် ခေါင်းပေါ်တင်ပြီး ရွာထဲသွားဖို့ ပြင်နေတာတွေ့လို့ ကျုပ်က မေးလိုက်တာလေဗျာ။

"ငွေစိန်ရေ··နင့်သား တာတေကတော့ အလုပ်ပြီးသွား တာနဲ့ ဟင်းကောင်းမျှော်တော့တာပဲ ငွေစိန်ရေ"

www.burmeseclassic.com



အဘက ရယ်ပြီး အမေ့ကို ပြောတာဗျ။ အမေက ကျုပ်ကို တစ်ချက်လှည့်ကြည့်ပြီး ရယ်နေတယ်။

"ကဲ…တာတေ၊ နင်ဟင်းကောင်းစားချင်ရင် ငရုတ်သီး တစ်ဆုံ ထောင်းထားပေတော့"

"ဟာ…စိတ်ချ၊ စိတ်ချ။ ကျုပ်ထောင်းထားမယ်။ နို့ အမေက ဘာရလာမှာတုံး"

"မနေ့က ပေါင်းလိုက်ရင်း အနောက်ပိုင်းက မပုပြောလို့ ဒီနေ့ ဂုံးဒေါင်းက အမဲသားလာမယ်တဲ့။ အဲဒါ တစ်ပိဿာမှာထားတယ်။ အူစုံ၊ သည်းစုံလေးလည်း နည်းနည်းလိုချင်တယ်လို့ ပြောထားတာ။ စောစောကပဲ ဝိုင်းရှေ့ကနေ မပုလာပြီး လက်ယပ်ခေါ်သွားတယ်"

"ဩော်…အမေ၊ အဲဒါ သွားယူမလို့ပေါ့။ ဒါဆိုလည်း တောင်းလေးဘာလေး ယူသွားဦးလေ"

"မယူတော့ဘူး တာတေရေ။ ငါ့ စိတ်ဝင်တောင်းလေးက မပုတို့အိမ်ရောက်နေတာ။ ဟိုတစ်လောက ငါ့ဆီက ဆေးရိုးပြန်မျှသွားလို့ စိတ်ဝင်တောင်းလေးနဲ့ ထည့်ပေးလိုက်တာ။ အခု အဲဒီတောင်းနဲ့ထည့်ပြီး ပြန်လာခဲ့မယ်"

အမေက ပြောပြောသွားသွား ဝိုင်းထဲဆင်းသွားပြီး ရွာထဲ ထွက်သွားရောဗျို့။

သိတဲ့အတိုင်းပေါ့ဗျာ။ တာတေဆိုတဲ့ ကျုပ်က အမဲသား



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ကတော့ အနည်းဆုံး သုံးပန်းကန်ပဲဗျ။

ကျုပ်တို့အိမ်မှာက ပုန်းရည်ကြီးက ပြတ်တယ်လို့မှ မရှိတာဗျာ။ ပုန်းရည်ကြီးသုပ်ကလေးကလည်း တစ်ခွက်ပါသေးဗျ။ စိမ်းစားငါးပိကို မီးကင်ပြီး ငရုတ်သီးစိမ်းနဲ့ စပ်စပ်ကလေးထောင်းပြီး သံပရာသီးညှစ်ထားတဲ့ ငါးပိထောင်းလေးနဲ့ သရက်သီး သီးကင်းလေးတွေ တကျွတ်ကျွတ်တို့လို့ပေါ့ဗျာ။

စားလည်းပြီးရော ကျုပ်လည်း နံရိုးဖဲထိုးကိုင်း ဖြစ်ရောဗျို့။ နဂါးဆေးပေါ့လိပ်ကလေး သုံးလေးဖွာ ဖွာရသေးတယ်။ မျက်စိက ပိတ်ကျလာရောဗျား။ ဒါနဲ့ တန်းလျားလေးပေါ်မှာ ဝါးဘိုးခြမ်းလေး ခေါင်းအုံးပြီး အိပ်လိုက်ရောဗျို့။

"ပြေးဟေ့…ပြေး၊ ပြေးကြဟေ့"

ဟင်…လူတွေပြေးနေကြတာဗျ။ ကျုပ်လည်း လန့်သွားပြီး သေသေချာချာကြည့်လိုက်မိတယ်။ ဒီလူတွေနောက်ကို ဘာများလိုက်လာလို့ အခုလို ညာသံပေးပြီး ပြေးနေတာတုံးဆိုတာ ကျုပ်သိချင်သွားတာပေါ့ဗျာ။

ဟာ…ပြေးနေတာ ကျုပ်တို့ရွာသားတွေဗျ။ လူကြီးတွေရော၊ ကလေးတွေရော၊ ယောကျ်ားရော၊ မိန်းမတွေရော စုံလို့ဗျာ။ ပြေးနေပုံကလည်း မျက်လုံးပြူး၊ မျက်ဆန်ပြူးနဲ့ အသက်လုပြေးနေကြတဲ့ ပုံမျိုး။ ပြေးတဲ့လူတွေ လွန်သွားတော့ နောက်ကို ကျုပ် လှည့်ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟာ…ဆံပင်ဖားလျားကြီးချထားတဲ့ သရဲမကြီးလိုက်တာဗျို့။ ဟင်…ဒါဘယ်လိုဖြစ်တာပါလိမ့်။ သရဲမကြီးက ထဘီအနက်ကြီးကို ရင်လျားထားတာဗျ။ ထဘီက ပေါင်လည်လောက်ပဲ ရှိတယ်။ အရပ်ကြီးက ဆယ်ပေလောက်ရှိမယ်ဗျ။ မျက်လုံးကြီးတွေ ပြူးထွက်နေတာ ကျွတ်ကျတော့မလိုပဲဗျို့။ ဒေါသတကြီးနဲ့ ပါးစပ်ကြီးကို ဖြဲအော်နေတာ အစွယ်တွေမှ ဖွေးနေတာပဲဗျာ။ လက်သည်းကြီးတွေကလည်း တိရစ္ဆာန်လက်သည်းကြီးတွေလို ချွန်ထက်နေတာဗျို့။ လူတွေနောက်ကို ဒေါသတကြီးနဲ့ ပြေးလိုက်သွားတာဗျ။ လူတွေက ဘယ်ကိုပြေးတာလဲလို့ ကျုပ်ကြည့်လိုက်တော့ ကျုပ်တို့ရွာဦးက ရွှေတောင်ဦးဘုရားဘက်ကို တန်းပြေးကြတာဗျ။

ကျုပ်ဖြင့် ပြေးတဲ့အထဲမှာ မပါပေမဲ့ မြင်ရတဲ့ မြင်ကွင်းကြီးကြောင့် ရင်တွေ တဆတ်ဆတ်ကို တုန်နေတော့တာဗျို့။

"ကိုတာတေကြီး…ကိုတာတေကြီး"

ကျုပ်လန့်နိုးသွားတယ်။ ဒီတော့မှ ကျုပ်အိပ်မက်မက်နေတာကို သိသွားတာဗျို့။ တော်ပါသေးရဲ့ဗျာ။ ဒါပေမဲ့ အိမ်မက်ထဲက သရဲမကြီးကို ခုထိကြောက်နေတုန်းဗျ။ ရင်တွေ တကယ်ကို ခုန်နေတာဗျ။ ကျုပ်ပိုင်းဝကို လှမ်းကြည့်လိုက်တော့ မျက်ပြူးဗျ။ မျက်ပြူးတောင် ကျုပ်ဆီမလာတာ ကြာပေါ့။

"မျက်ပြူး…လာလေကွာ။ အိမ်ပေါ်တန်းတက်ခဲ့။ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ”

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးကို မီးညှိပြီး ဖွာလိုက်တယ်။ မျက်ပြူးက ကျုပ်ထိုင်နေတဲ့ တန်းလျားမှာပဲ ဝင်ထိုင်လိုက်တယ်။

“ဘယ်က လှည့်လာတာတုံးကွ မျက်ပြူးရဲ့။ မင်းတောင်တော်တော်ထွားလာပါလား”

မျက်ပြူးက ငယ်ငယ်ကဆိုရင် လူညှက်ကလေးဗျ။ လူက ညှက်ညှက်သေးသေး၊ မျက်လုံးကပြူးပြူး။ ဒါ့ကြောင့်လည်း ဒီကောင့်ကို တစ်ရွာလုံးက မျက်ပြူးပဲ ခေါ်တာ။ ကျုပ်ကိုတော့ လွှတ်ခင်တဲ့ကောင်ပါဗျာ။ ကျုပ်နိုင်းလို့ကရတော့ ဘာမဆိုလုပ်ပေးတဲ့ကောင်ဗျ။

အမေနဲ့ အဘက ဝိုင်းနောက်ဘက်က မန်ကျည်းပင်ကြီးအောက်မှာ ဂုန်နီအိတ်တွေ ဖာလို့ဗျ။ ဒီနှစ် ပဲကောင်းပြီဆိုတာသိနေတော့ ရှိသမျှ ဂုန်နီအိတ်တွေကို ပြန်ပြီး ဖာကြထေးကြရတော့တာပေါ့ဗျာ။

“ဘယ်ကမှ လှည့်လာတာမဟုတ်ဘူး ကိုကြီးတာတေရ။ ဒီကိုပဲ တန်းလာခဲ့တာ”

“ဟေ…ပြောပါဦးကွ မျက်ပြူးရ။ အကြောင်းထူးများရှိလို့လား”

ကျုပ် ငှဲ့ပေးတဲ့ ရေနွေးကြမ်းကို မျက်ပြူးက ဖူးဖူး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မှုတ်သောက်နေတယ်ဗျ။

"ကျုပ်ဘထွေးတွေတော့ တစ်ခုခုဖြစ်နေပြီဗျ ကိုကြီးတာတေရ"

"ဟော. . .ဘယ်သူတုံးကွ မျက်ပြူးရ။ လေးလေးမိုးဆွေလား၊ လေးလေးချက်ဖောင်းလား"

ဒီလိုဗျ။ မျက်ပြူးမှာက ဘထွေးက နှစ်ယောက်ရှိတာ။ သူ့အဘဦးနှင်းခါးမှာ ညီနှစ်ယောက်ရှိတာလေဗျာ။ လေးလေးမိုးဆွေနဲ့ လေးလေးမိုးသီးဗျ။ လေးလေးမိုးသီးကို ရွာကလူတွေက ချက်ဖောင်းလို့ ခေါ်ကြတာ။ ကျုပ်တို့ကလည်း လေးလေးမိုးသီးကို လေးလေးချက်ဖောင်းပဲ ခေါ်ကြတာပေါ့ဗျာ။ လေးလေးမိုးဆွေနဲ့ လေးလေးချက်ဖောင်း နှစ်ယောက်စလုံး လူပျိုကြီးတွေဗျ။ အသက်လေးဆယ်လောက်ရှိပြီ။ လေးလေးချက်ဖောင်းက အငယ်ဗျ။

မျက်ပြူးရဲ့ အဘိုးအဘွားတွေကလည်း ရှိကြသေးတာကိုဗျ။ အားလုံး အတူနေကြတာ။ ရွာလယ်မှာ ဝိုင်းက အကျယ်ကြီး။ ရှေးအိမ်ကြီးကလည်း ရေနံ့ဝပြီး မည်းနက်နေတာဗျ။ မိသားစုကြီး သိုက်သိုက်ဝန်းဝန်းနဲ့ လွတ်စည်းလုံးကြတာ။ သဘောသဘာဝကလည်း ကောင်းကြပဗျာ။

"နှစ်ယောက်စလုံးဗျ"

"ဟော. . .ဘာဖြစ်နေလို့တုံး မျက်ပြူးရ။ လူပျိုကြီးနှစ်ယောက် မိန်းမယူချင်နေလို့လားကွ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးဗျ။ နှစ်ယောက်လုံး ငူငူငိုင်ငိုင်နဲ့ဗျ။ ပြီးတော့ ညညဆိုရင်လည်း လန့်ပြီး ထထအော်ကြတယ်"

"ဟော…ဟုတ်လား၊ ဘယ်သူက အော်တာတုံး"

"နှစ်ယောက်စလုံး ပြိုင်တူအော်တာဗျ။ အိပ်နေရင်းနဲ့ လန့်ပြီး ထအော်နေကြတာ"

"ဟင်…ဘာတွေအော်ကြတာတုံးကွ"

"ကျုပ်မသိလို့ပါဗျ။ ကျုပ်တကယ် မသိတာပါလို့ အော်တဲ့အခါ အော်တယ်။ တစ်ခါတလေကျတော့လည်း အောင်မလေး၊ ဆံပင်ဖားလျားကြီးနဲ့ သရဲမကြီး ကြောက်တယ်ဗျ၊ ကြောက်တယ်လို့ အော်တာဗျ။ ကျုပ်တို့ဘိုးက အိပ်ရာကထလာပြီး ရေမန်းနဲ့ တောက်လိုက်ရင် နိုးသွားကြပြီး ငြိမ်သွားပြန်ရောဗျ"

"ဒီလိုအော်တာ ဘယ်နှခါလောက်ရှိပြီတုံး"

"ညတိုင်းလို အော်နေတာဗျ။ ခုဆိုရင် လေး၊ ငါးည လောက်ရှိပြီ"

"ဟာ…ဟုတ်လား၊ နေ့ခင်းနေ့လယ်ကျတော့ရော လန်းလန်းဆန်းဆန်းရှိကြရဲ့လား"

"မရှိတော့ဘူးဗျ။ နေ့ခင်းဘက်လည်း ငူတူတူ ငိုင်တိုင်တိုင်ကြီးတွေ ဖြစ်နေကြတာဗျ။ လူတွေကြားမှာ သိပ်မနေဘူး။ သစ်ပင်အောက်မှာသွားပြီးနေကြတယ်။ သူတို့ညီအစ်ကိုနှစ်ယောက်တော့ တိုးတိုးတိုးတိုးနဲ့ ပြောကြတာပဲဗျ။ ဘာတွေပြော



www.burmeseclassic.com

www.burmeseclassic.com



တာတုံးတော့ ကျုပ်မသိဘူး ကိုကြီးတာတေရ"

ကျုပ်ကလည်း အခုပဲ နေ့ခင်းကြောင်တောင်မှာ အိပ်မက်မက်နေတာဗျ။ အိပ်မက်ထဲမှာ ဆံပင်ဖားလျားနဲ့ သရဲမကြီးတစ်ယောက်က ကျုပ်တို့ ရွာသားတွေကို နောက်က ပြေးလိုက်နေတာဗျ။ ကျုပ်တို့ရွာသားတွေက အလန့်တကြားနဲ့ အော်ဟစ်ပြီး ပြေးနေကြတာ။

ကျုပ်အိပ်မက်ကို တွေးရင်း ဆေးလိပ်ကလေး ဖွာလိုက်တယ်။

"ခုတလော မင်းဘထွေးတွေ တောတွေ ဘာတွေ တက်ကြသေးလားကွ မျက်ပြူးရ"

"ဟိုတလောကတော့ တစ္ဆေအိုင်ဘက် တက်ကြတယ်ဗျ။ မျောက်တစ်ကောင်ရလာလို့ သူတို့အပေါင်းအသင်းတွေနဲ့ ချက်ပြုတ်စားကြတယ်။ ကျုပ်အဘရော၊ ဘိုးတို့ရောက မျောက်သားမစားကြတော့ သွားမစားဘူး။ ကျုပ်လည်း မျောက်သားမစားရဲဘူးဗျ။ ရွံတယ်။ ဒါကြောင့် အဲဒီနေ့က ကျုပ်လည်း သွားမစားဘူး။ ဘထွေးတို့က ဝိုင်းထဲမှာပဲ ချက်ပြုတ်ပြီး သူတို့သူငယ်ချင်းတွေခေါ်ပြီး စားကြတာ။ ရွာမြောက်ပိုင်းက ဦးမဲတူးတို့၊ ဦးရှုပ်ထွေးတို့၊ ဦးတရုတ်ဖြူတို့လည်း လာစားကြသောက်ကြတာ တွေ့တယ်"

"မင်းဘထွေးတွေက အသောက်အစားရော ရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်ဗျ။ အမြဲတော့ မဟုတ်ပါဘူး။ တစ်ခါတလေ လူဆုံတဲ့အခါ သောက်ကြတာပါ"

လေးလေးချက်ဖောင်းတို့ ညီအစ်ကိုက တောလိုက်တာ ဝါသနာလွတ်ပါကြတာဗျ။ တောကောင်ရလာရင်လည်း ရောင်းချစားတာမဟုတ်ဘူး။ ရွာထဲမှာ ဟိုလူဝေ၊ ဒီလူဝေနဲ့ ဝိုင်းထဲမှာ ချက်ပြုတ်ပြီး သောက်ကြစားကြတာပဲဗျ။

ကျုပ်တောင် လေးလေးချက်ဖောင်းခေါ်လို့ နှစ်ခါသုံးခါ သွားစားဖူးတယ်။ ကျုပ်တွေးနေတာဗျ။ မျက်ပြူးပြောသလိုဆိုရင် တစ္ဆေအိုင်ဘက်ကို တောလိုက်ရင်း တောမှားတာတွေ ဘာတွေများ ရှိလာသလားလို့ တွေးတာဗျ။ ဒါပေမဲ့ သူတို့ညီအစ်ကိုက တောလိုက်တဲ့အကြိမ်ပေါင်း နည်းတော့တာမှ မဟုတ်တာဗျာ။ တောထဲမှာ အမှားလုပ်စရာအကြောင်း မရှိလောက်ပါဘူး။

ဒါပေမဲ့ အဲဒီ တစ္ဆေအိုင်တောဆိုတာ လူတိုင်းသွားရဲတဲ့ တောတော့ မဟုတ်ဘူးဗျ။ လွတ်ကြမ်းတဲ့ တောလို့ ပြောကြတယ်။

ကျုပ်တို့ရွာထဲက မုဆိုးကိုတောင်လုံးခေါ်လို့ အပျင်းပြေ မေးလိုက်ဖူးတယ်ဗျ။ ဒီတုန်းက ကိုတောင်လုံးက တစ္ဆေအိုင် တောကို တက်တာ။ ကျုပ်ကလည်း အကြောက်အလန့်မရှိ လိုက်သွားတာဗျ။

နောက်မှ ကျုပ်ပြန်သိတာ။ အဲဒီတောထဲက ကျုပ်ရောက်ခဲ့တဲ့ ရေအိုင်ကြီးကို "ဆရာမနိုင် တစ္ဆေအိုင်" လို့ ခေါ်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပဲ။

အဲဒီ ရေအိုင်ကြီးမှာ တစ္ဆေမကြီးရှိတယ်ဆိုပဲ။ အဲဒီ တစ္ဆေမကြီးက တော်တော်ကို ကြမ်းတမ်းပြီး တကယ့် အရိုင်း အစိုင်းကြီးတဲ့ဗျ။ ဂျပန်တပ်တွေ ကျုပ်တို့တိုင်းပြည်ကနေ ဆုတ် သွားတော့ ရွှေသေတ္တာတွေကို အဲဒီ ရေအိုင်ကြီးထဲမှာ သေသေချာ ချာ မြှုပ်ခဲ့တာတဲ့ဗျာ။ ပြီးတော့မှ သူတို့ ဘယ်ကလာမှန်းမသိတဲ့ မိန်းမတစ်ယောက်ကို ဒီအိုင်ကြီးဘေးမှာ ခေါင်းဖြတ်သတ်ပြီး သူတို့ပစ္စည်းတွေကို စောင့်ဖို့ အမိန့်ပြန်ခဲ့တယ်ဆိုပဲ။ အဲဒီ မိန်းမ က စုန်းမကြီးလို့လည်း ပြောတယ်ဗျ။ စုန်းမကြီးကို သတ်ပြီး သူတို့ပစ္စည်းတွေကို စောင့်ဖို့ အမိန့်ပြန်ထားတာတဲ့ဗျ။

အဲဒီ ဂျပန်တွေသတ်ခဲ့တဲ့ စုန်းမတစ္ဆေကြီးကို အစွဲပြုပြီး တော့ ဒီရေအိုင်ကြီးကို တစ္ဆေအိုင်လို့ ခေါ်ကြတာဆိုပဲ။

ကျုပ်မြင်တာကတော့ ရေအိုင်ကြီးက အတော်ကျယ်သဗျ။ တောင်ချိုင့်ကြီးထဲမှာ သဘာဝအတိုင်း ဖြစ်နေတာဗျ။ ဘယ် တုန်းကတည်းက ရှိတယ်ဆိုတာကို ဘယ်သူမှတောင် မပြောနိုင် ကြဘူး။

"တာတေ…အဲဒါ တစ္ဆေအိုင်ကြီးလေကွာ။ ဒီအိုင်ကို စွဲပြီး ဒီတောကိုလည်း တစ္ဆေအိုင်တောလို့ ခေါ်ကြတာကွ။ ကန် က ရေတော်တော်နက်တဲ့ပုံပဲ။ ဘယ်လောက်နက်တယ်ဆိုတာတော့ ဘယ်သူမှ အတိအကျမသိဘူးကွ။ ဘာဖြစ်လို့လဲဆိုတော့ ဒီရေ



www.burmeseclassic.com

www.burmeseclassic.com



အိုင်ထဲကို ဆင်းကြည့်ဝံ့တဲ့သူ တစ်ယောက်မှ မရှိဘူးလေကွာ"

ကိုတောင်လုံးက ကျုပ်ကို ပြောတာဗျ။ ကျုပ်တို့က ခပ်လှမ်းလှမ်းက တောင်ကုန်းပေါ်ကနေ ဆီးကြည့်ကြတာ။

"ဘာကိုကြောက်လို့တုံးဗျ ကိုတောင်လုံးရဲ့"

"ဒီရေအိုင်ကိုစောင့်တဲ့ တစ္ဆေက အတော်ကြမ်းတယ်ကွ။ တစ္ဆေမကြီးတဲ့။ မုဆိုးတွေပစ်လို့ သားကောင်က သွေးရှူးသွေးတန်းနဲ့ အဲဒီအိုင်ထဲ စွတ်ပြေးလို့ကတော့ လိုက်ဖို့ စိတ်မကူးနဲ့တဲ့ဟေ့"

"ဟင်...ဘာဖြစ်လို့တုံးဗျ"

"ရေအိုင်ထဲကနေ ဆံပင်ဖားလျားကြီးနဲ့ တစ္ဆေမကြီးပေါ်လာပြီး အဲဒီ သားကောင်ကို သိမ်းလိုက်ရောတဲ့ကွ။ ပြီးရင် ပါးစပ်ကြီးဟပြီး အစိမ်းစားတာတဲ့ဟေ့။ အစွယ်ကြီးတွေမှ အရှည်ကြီးတဲ့ဗျာ"

"ဟာ...ကြောက်စရာကြီးပါလား ကိုတောင်လုံးရဲ့"

"အေး...အဲဒါကြောင့် လူတွေ ဒီတောကို တော်ရုံတန်ရုံနဲ့ မလာရဲကြတာပေါ့ကွ"

"နို့...ကိုတောင်လုံးကရော ဒီကို ဘာကြောင့်အမဲလာလိုက်တာတုံးဗျ"

"ဒီရာသီဆိုရင် တခြားတောတွေမှာ တောကောင်ရှားသွားပြီကွ။ ဒီတောမှာကတော့ ဘယ်သူမှ အမဲမပစ်ရဲတော့ တောကောင်ပေါတယ်လေကွာ။ ဒါကြောင့် သတိထားပြီး လာရတာ



www.burmeseclassic.com

www.burmeseclassic.com



ကွ။ မင်းက သတ္တိကောင်းလို့ မင်းကိုခေါ်လာတာ တာတေရ"

"ဟာ…ကိုတောင်လုံး ကျုပ်ကို စောစောကသာ ဒီအကြောင်းတွေ ပြောရင် ကျုပ်လည်း လိုက်ရဲမှာတောင် မဟုတ်ဘူးဗျ"

"ဟား…ဟား…ဟား…ဟား"

ကျုပ်စကားကိုကြားတော့ ကိုတောင်လုံးက အော်ပြီး ရယ်ပါရောဗျာ။ ကိုတောင်လုံး ရယ်သံကြီးကိုကြားပြီး ကျုပ်တောင် တုန်သွားတာဗျ။ လန့်ဖျပ်ပြီး တစ္ဆေအိုင်ကြီးဘက်ကို လှမ်းကြည့်လိုက်သေးတယ်။ တစ္ဆေမကြီးများ ကြားသွားသလားလို့ပေါ့ဗျာ။ ထူးတော့ ထူးသားဗျ။ အိုင်ကြီးထဲက ရေတွေက နက်မှောင်နေတယ်။ ရေညှိတို့၊ ရေမှော်ပင်တို့၊ ကြာပင်တို့ ဘာပင်မှကို မပေါက်ဘူးဗျ။ ရေကလည်း လှုပ်တောင်မလှုပ်ဘဲ ငြိမ်နေတာ။ လူတွေပြောတာ ဟုတ်ချင်မှလည်း ဟုတ်မှာပါလို့ ကျုပ်က တွေးလိုက်မိတယ်။

ကိုတောင်လုံးက တောထဲကို အသံမမြည်အောင် မုဆိုးတိုး တိုးဝင်တယ်။ ကျုပ်လည်း သူ့နောက်ကနေ သူတိုးသလို တောတိုးရတာပေါ့ဗျာ။

"ကိုတောင်လုံး…ဒီလောက်ဆိုးတဲ့ တစ္ဆေအိုင်က သရဲမကို နှိမ်နင်းနိုင်တဲ့ ဆရာတွေဘာတွေ မလာဘူးလားဗျ"

ကျုပ်က တောတိုးရင်း လေသံကလေးနဲ့ မေးရတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…လာပါပြီလား တာတေရာ။ ဒီအိုင်ကြီးထဲမှာ ဂျပန်တွေရဲ့ ရွှေသေတ္တာတွေရှိတယ်ဆိုပြီးတော့ ရောက်ရောက်လာတဲ့ ဆရာတွေမှ နည်းပါဘူးကွာ"

"ဟာ…ဟုတ်လားဗျ"

"ဟုတ်ပါ့ဗျာ။ ဒီရောက်ရင် ဒီသရဲမကို သူတို့ပညာနဲ့ ချုပ်ကြ၊ နှောင်ကြ၊ ရိုက်ကြ၊ ပုတ်ကြပေါ့ကွာ။ ပြီးရင် ရေအိုင်ထဲဆင်းပြီး ရွှေသေတ္တာတွေရှာကြတာပဲပေါ့"

"ဟာ…တွေ့ရောလားဗျ ကိုတောင်လုံးရဲ့"

"တွေ့ဖို့နေနေသာသာ ပွဲချင်းပြီးသွားတဲ့ ဆရာနဲ့၊ သွက်သွက်လည်အောင်ရှုံးသွားတဲ့ ဆရာနဲ့။ တချို့ဆိုရင် အလောင်းတောင် မတွေ့ရတော့ဘူးကွ"

"ဟာ…တစ္ဆေအိုင်သရဲမက စားများပစ်လိုက်တာလား ဗျာ"

"မပြောတတ်ဘူးကွ တာတေရ။ စားချင်လည်း စားမှာပဲ။ ပြောလို့မရဘူးကွ"

"သြော်…ဒါကြောင့် ဆရာမနိုင် တစ္ဆေအိုင်လို့ ပြောကြတာကိုး"

"အေး…ဟုတ်တယ်ကွ တာတေရ။ ဘယ်ဆရာမှကို မနိုင်တဲ့ တစ္ဆေအိုင်ကွ။ ဟာ…ရှူး"

ကိုတောင်လုံးက ကျုပ်ကို "ရှူး" ဆိုပြီး သတိပေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ သူက ရှေ့ကနေပြီး မုဆိုးဒူးထောက် ထိုင်ချလိုက်တယ်ဗျ။ ကျုပ်လည်း သူ့လိုပဲ မုဆိုးဒူးထောက် ထိုင်ချလိုက်ရတာပေါ့ဗျာ။ သူကြည့်တဲ့ဘက်ကို ကျုပ်လည်း လိုက်ကြည့်လိုက်တယ်။ ဟာ…ဂျီနှစ်ကောင်ဗျ။ ကျုပ်တို့က လေအောက်မှာရောက်နေတာဗျ။ ဂျီတွေက လေတင်မှာ။ ဒီတော့ ကျုပ်တို့အနံ့ကို သူတို့ ဘယ်ရမှာတုံးဗျာ။ ကိုတောင်လုံးက ကျောမှာလွယ်ထားတဲ့ မြားကျည်တောက်ထဲက မြားတစ်ချောင်းကို ထုတ်ယူလိုက်တယ်။ မြားက သိပ်မရှည်ဘူးဗျ။ ကိုတောင်လုံးက သူ့လက်ထဲက ဒူးလေးကို လေးကြိုးတင်လိုက်တယ်။ ပြီးတော့ မြားလမ်းကြောင်းအချိုင့်လေးထဲမှာ မြားထည့်လိုက်တယ်။ မြားဖုန်းတိုတိုလေးအောက်ကို မြားထိုးထည့်လိုက်တာဗျ။

ကိုတောင်လုံးက ဂျီတစ်ကောင်ကို စိတ်တိုင်းကျရွေးပြီး ချိန်လိုက်တယ်။ ကိုတောင်လုံးက အသက်ကို အရှည်ကြီးရှူလိုက်တဲ့အသံကို ကျုပ်ကြားလိုက်တယ်။ ကျုပ်ကြည့်နေတယ်ဗျ။ ကိုတောင်လုံးရဲ့လက်ညှိုးလေးက ခလုတ်ကို ဖြည်းဖြည်းလေးဆွဲလိုက်တယ်။

"ဖျပ်…ဝှီး"

လေးကြိုးက ဖျတ်ခနဲ ပြုတ်ထွက်သွားပြီး မြားက ဝှီးခနဲ ပျံထွက်သွားတယ်။

"အိ"



www.burmeseclassic.com

www.burmeseclassic.com



ထိပြီဗျာ။ ချက်ကောင်းဗျ။ ဂျီရဲ့ လက်ပြင်ကို မြားစိုက်သွားတာ။ ဒါပေမဲ့ ဂျီက လဲကျမသွားဘူးဗျ။ သွေးရွှဲသွေးတန်းနဲ့ စွတ်ပြေးတော့တာဗျို့။

ဟာ…တောင်ဘက်ကိုလှည့်ပြီး ပြေးနေတာဗျ။ ဟင်…တစ္ဆေအိုင်ဘက်ကို ပြေးတာဗျို့။ ကျန်တဲ့ ဂျီနှစ်ကောင်ကတော့ လန့်ပြီး ပြေးထွက်သွားတာပေါ့ဗျာ။ မြားမှန်သွားတဲ့ ဂျီကတော့ တစ္ဆေအိုင်ကြီးဘက်ကို စွတ်ပြေးနေတာဗျို့။ ဟော…ကိုတောင်လုံးက ရှေ့ကပြေးလိုက်ရောဗျ။ ကျုပ်က နောက်က ပြေးလိုက်တယ်။

ဂျီက ရှေ့ကပြေး၊ ကျုပ်တို့နှစ်ယောက်က နောက်ကလိုက်နဲ့ တစ္ဆေအိုင်ကြီးနားကို ကျုပ်တို့ရောက်လာရောဗျို့။

အိုင်ကြီးကို အနီးကပ်တွေ့နေရပြီ။

"တာတေ…ရပ်တော့"

ရှေ့ကပြေးနေတဲ့ ကိုတောင်လုံးက ပြေးရင်း တုံ့ခနဲရပ်လိုက်တယ်။ ကျုပ်လည်း ရပ်လိုက်ရတာပေါ့ဗျာ။

"တာတေ…ဟိုမှာတွေ့လား။ ငါပစ်လိုက်တဲ့ ဂျီက အိုင်စပ်မှာလဲနေပြီ။ ရေနဲ့တောင် ထိနေပြီကွ။ ဆက်မလိုက်နဲ့တော့၊ အန္တရာယ်ရှိတယ်"

ပြောရင်းနဲ့ ကိုတောင်လုံးက ကညင်ပင်ကြီးနောက်ကို ကပ်ရပ်လိုက်တယ်။ ကျုပ်လည်း သူ့ဘေးမှာကပ်ပြီး ပါစပ်ပင်



www.burmeseclassic.com

www.burmeseclassic.com



တွေနောက်မှာ ကွယ်ပြီးရပ်နေလိုက်တယ်။ ပြီးတော့ နှစ်ယောက်သား ရေအိုင်ကြီးအစပ်မှာ လဲကျနေတဲ့ ဂျီကို လှမ်းကြည့်လိုက်တယ်။

"ဝုန်း"

ဟာ…ရေအိုင်ကြီးထဲက လှိုင်းလုံးကြီးထလာတယ်ဗျို့။ ဟာ…ဘာကြီးတုံးဗျ၊ ရေထဲက ပေါ်လာတာ။ ဆံပင်ဖားလျားကြီးနဲ့ဗျ။ အို…ထဘီရင်လျားကြီးနဲ့ဗျ။ အရပ်ကြီးက နည်းတဲ့အရပ်ကြီး မဟုတ်ဘူးဗျို့။ ဟာ…တစ္ဆေမကြီးဗျ။ ကိုတောင်လုံးပြောတဲ့ တစ္ဆေအိုင်စောင့်တဲ့ သရဲမကြီးထင်တယ်ဗျို့။ ဟာ…ရေထဲက ကူးလာပြီး ကမ်းစပ်ကို လေးဘက်ကြီးထောက်ပြီး တက်လာတယ်ဗျို့။ ဟာ…ဂျီသေဆီကို တန်းသွားတာဗျို့။ ဟာ…ကိုက်ပြီဗျို့၊ ကိုက်ပြီ။ ပါးစပ်ကြီးဖြဲပြီး ဂျီကို ကိုက်နေတာဗျို့။ တကယ့်ကို တိရစ္ဆာန်အရိုင်းကြီးလိုပါပဲဗျာ။

ဟာ…ဆွဲသွားပြီဗျို့။ ဂျီသေကို ပါးစပ်ကြီးနဲ့ ကိုက်ပြီး ရေထဲကို ဆွဲချသွားပြီဗျာ"

"ဝုန်း"

ရေအိုင်ကြီးထဲမှာ လှိုင်းလုံးကြီးထကျန်ခဲ့တယ်ဗျို့။ ကျုပ်တို့ ဒူးတွေတောင် တဆတ်ဆတ်တုန်နေရောဗျာ။ ကိုတောင်လုံးကို လှမ်းကြည့်တော့ ကြက်သေကြီးသေပြီး မလှုပ်မယှက်ကြီးဖြစ်နေတော့တာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတောင်လုံး…ကိုတောင်လုံး"

လို့ ကျုပ်က အသံခပ်အုပ်အုပ်နဲ့ ခေါ်လိုက်တော့မှ သတိဝင်သွားတာဗျ။

"ဟေ…တာတေ မင်းတွေ့လိုက်လား"

"ဟာ…တွေ့တာပေါ့ဗျာ ကိုတောင်လုံးရဲ့။ ကျုပ်ဖြင့် ခုထိ ဒူးတွေတုန်နေတုန်းဗျ"

"ကဲ…တာတေ၊ လာ…လာ…ပြန်ကြရအောင်။ ငါ့နောက်က ကပ်လိုက်ခဲ့။ ဖြတ်လမ်းကို ငါသိတယ်။ လာ…လာ"

လို့ ပြောပြီး ကိုတောင်လုံးက တောထဲကို တိုးဝင်သွားတယ်။

ကျုပ်လည်း သူ့နောက်က ထက်ကြပ်မကွာ လိုက်ခဲ့ရတာပေါ့ဗျာ။ ကိုတောင်လုံးက မပြေးရုံတစ်မည်ပဲဗျ။ ကျုပ်လည်း သူ့လိုပဲပေါ့ဗျာ။

ဟုတ်တယ်ဗျ။ ကိုတောင်လုံးက တောကျွမ်းတဲ့လူဆိုတော့ သိပ်မကြာခင်မှာ တောကိုဖောက်ထွက်လိုက်နိုင်တယ်။ ရွာကိုပြန်ရောက်တဲ့အထိ ကျုပ်တို့နှစ်ယောက် တစ်ချက်မှ မနားတမ်းကို ခြေကုန်သုတ်ခဲ့ကြတာဗျို့။

ကျုပ်တို့ရွာ ထနောင်းကုန်းကို ပြန်ရောက်တော့ နှစ်ယောက်သား မောပြီး စကားတောင် ချက်ချင်းမပြောနိုင်ကြဘူးဗျာ။ တော်တော်လေးအမောပြေသွားတော့မှ ကိုတောင်လုံးက



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို မေးတယ်။

"တာတေ…မင်းတော်တော်လန့်သွားလားကွ"

"ဟာ…လန့်တာပေါ့ ကိုကြီးတောင်လုံးရာ။ ကျုပ်က မျက်ကွင်းဆေးကွင်းပြီး နာနာဘာဝမျိုးစုံ မြင်ဖူးပါတယ်။ ဒါပေမဲ့ မျက်ကွင်းဆေးမကွင်းဘဲ ခုလို နေ့ခင်းကြောင်တောင်ကြီးမှာ ရေထဲက ဆံပင်ဖားလျားကြီးနဲ့ ဝုန်းခနဲပေါ်လာပြီး ရေအိုင်စပ်ကို လေးဘက်ကြီးထောက်တက်လာတဲ့ သရဲမကြီးမျိုးကိုတော့ ဒီတစ်ခါပဲ တွေ့ဖူးတာဗျ"

"တောတကာ့တောဝင်ပြီး သားကောင်ပစ်နေတဲ့ ငါတို့လို မုဆိုးတွေမှာ တောချောက်တာတို့၊ တာမှောက်တာတို့ ဆိုတာတွေကို မျိုးစုံအောင် ကြုံခဲ့ဖူးတာပေါ့ကွာ။ ဒါပေမဲ့ ဒီနေ့လိုမျိုး ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ရေထဲကပေါ်လာတဲ့ သရဲမကြီးတော့ ငါလည်း တစ်ခါမှ မတွေ့ဖူးပါဘူးကွာ။ ငါ့ရင်ဘတ်တွေဆိုတာ တဝုန်းဝုန်းနဲ့ ခုန်နေတုံးကွ တာတေရ"

"ကိုတောင်လုံးရေ…ဒီအကြောင်းကို ရွာထဲမှာ မပြောရင် ကောင်းမယ်ဗျ။ ဘာဖြစ်လို့တုံးဆိုတော့ တချို့က ဒီအကြောင်းကိုကြားရင် အလွန်အမင်း စိုးရိမ်သွားကြမှာဗျ။ တချို့ကတော့ ကျုပ်တို့ လိမ်ပြောတာလို့ ထင်ကြမှာဗျ"

"အိပ်ဟုတ်တာပေါ့ တာတေရာ။ လူတွေက ဘာပြောမယ်လို့ မင်းထင်တုံး။ ငါပြောမယ် တာတေ။ မုဆိုးတောင်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ကောင်က သားကောင်ပေါ်တဲ့ တစ္ဆေအိုင်တောမှာ သူတစ်ယောက်တည်း အမဲပစ်ချင်လို့ လူတွေကို ကြောက်အောင် ပြောတာပါကွာလို့ ပြောကြမှာကွ”

နောက်တော့ ကိုတောင်လုံးရော၊ ကျုပ်ရော ဒီအကြောင်းကို ဘယ်သူ့ကိုမှ ပြန်မပြောတော့ဘူးပေါ့ဗျာ။

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးကို ဖွာရင်း ကျန်ခဲ့တဲ့ နှစ်နှစ်လောက်က ကျုပ်ကြုံခဲ့တဲ့အကြောင်းကို ပြန်တွေးနေတာဗျ။

ကျုပ် ငြိမ်ပြီးတွေးနေတော့ မျက်ပြူးကလည်း ရေနွေးကြမ်းသောက်ရင်း ငြိမ်နေတာပေါ့ဗျာ။

“ဟာ”

ကျုပ်က ပါးစပ်က အသံထွက်သွားတာဗျ။ ခုမှ ကျုပ်တွေးမိတာဗျို့။ စောစောက အိပ်ပျော်နေတုန်းမှာ မက်တဲ့ အိပ်မက်ထဲက ကျုပ်တို့ရွာသားတွေနောက်ကို ပြေးလိုက်တဲ့ သရဲမကြီးဟာ လက်စသတ်တော့ ကျုပ်နဲ့ ကိုတောင်လုံး တစ္ဆေအိုင်တောကြီးထဲမှာ မြင်ခဲ့ရတဲ့ တစ္ဆေအိုင်သရဲမကြီးပဲဗျ။ ကျုပ်ဆိုတာ ကြက်သီးတွေ တစ်ကိုယ်လုံးထပြီး လန့်အော်လိုက်မိတာဗျို့။

“ကိုကြီးတာတေ…ဘာကိုတွေးမိလို့တုံး”

မျက်ပြူးက သူ့ရဲ့ မျက်လုံးပြူးပြူးတွေနဲ့ ကျုပ်ကိုကြည့်ပြီး မေးတယ်။ ်ကလေးကိုတော့ ကျုပ်အမှန်အတိုင်း ပြောလို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဖြစ်မှာတုံးဗျ။

"ဟာ…မဟုတ်ပါဘူး မျက်ပြူးရ။ ငါ့အဘ နိုင်းထားတာတစ်ခုကို ခုမှသတိရသွားလို့ပါကွာ"

"ဩော်…ဒါဆိုရင်လည်း ကျုပ်ပြန်ဦးမယ်ဗျာ"

"ဩော်…အေး…အေး၊ နေဦးကွ မျက်ပြူး၊ ငါပြောဦးမယ်။ မင်းဘထွေးနှစ်ယောက်ရဲ့ အခြေအနေကိုတော့ မင်းမျက်ခြည်မပြတ် ကြည့်နေ သိလား။ တစ်ခုခုထူးရင်သာ ငါ့ဆီကို ချက်ချင်းလာပြော၊ ကြားလား မျက်ပြူး"

"ဟုတ်ကဲ့ ကိုကြီးထာတော၊ စိတ်ချ"

မျက်ပြူးပြန်သွားတော့မှ ကျုပ် ဆက်တွေးနေတာပေါ့ဗျာ။ ကျုပ်အိပ်မက်ထဲမှာ မြင်ရတာ တစ္ဆေအိုင်သရဲမကြီးဆိုတာ ကျုပ်သိသွားတော့မှ ကျုပ်တော်တော်ကို စိုးရိမ်သွားတာဗျ။ ဒီသရဲမကြီး ရေထဲက ဝုန်းခနဲပေါ်လာပြီး ကိုတောင်လုံးပစ်ထားတဲ့ ဂျီကို တိရစ္ဆာန်ရိုင်းကြီးတစ်ကောင်လို ပါးစပ်ကြီးနဲ့ ကုန်းကိုက်ပြီး ရေထဲကို ဆွဲချသွားတဲ့ မြင်ကွင်းကို ပြန်တွေးမိတိုင်း ကျုပ်မှာ ကြက်သီးတွေ တဖြန်းဖြန်း ထတုန်းပါဗျာ။

ဒီလောက် ကြမ်းတမ်းတဲ့ သရဲမကြီးနဲ့ လေးလေးချက်ဖောင်းတို့ ညီအစ်ကို ဘယ်လိုများ ပတ်သက်နေတာပါလိမ့်။ ကျုပ်တို့ရွာကလူတွေ ကြောက်လန့်တကြား ထွက်ပြေးကြတာ ဘာများဖြစ်လို့တုံး။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဘယ်လောက်ပဲတွေးတွေး အဖြေက မပေါ်ပါဘူးဗျာ။ နောက်တော့ ကျုပ်လည်း ဆက်မတွေးတော့ဘဲ အဘနဲ့ အမေ ဂုန်နီအိတ်တွေချုပ်တဲ့ဆီကို သွားပြီး ကူလုပ်နေလိုက်တယ်။

"ဟဲ့...တာတေ၊ စောစောက နင့်ဆီကို နှင်းခါးရဲ့ သားလေး လာသွားတယ်မို့လား"

အမေက ဂုန်နီအိတ်ချုပ်တဲ့ အပ်အရှည်ကြီးရဲ့ အပ်နဖားပေါက်ထဲကို ဂုန်နီကြိုးထိုးသွင်းရင်း ကျုပ်ကို မေးတာဗျ။

"ဟုတ်တယ် အမေရဲ့။ မျက်ပြူးလာသွားတယ်"

"ဘာများဖြစ်လို့တုံး။ နင်နဲ့တော့ ဒီးဒီး ဒီးဒီးနဲ့ ပြောနေတာ ငါကြားသား"

"သူ့ဘထွေးတွေ နေမကောင်းဖြစ်နေလို့တဲ့ဗျ"

"ဟော...ဘယ်သူတွေတုံး။ ဩော်...နှင်းခါးညီတွေကို ပြောတာထင်တယ်။ ဟိုကောင်တွေ ဘယ်သူဟဲ့...တာတေ"

"ငွေစိန်ရယ်...မိုးစွေနဲ့ မိုးသီးပါဟယ်။ နင့်မလည်း မေ့လိုက်ရတာ လွန်ရော"

"ဟုတ်တယ် ကိုဉာဏ်ရေ။ ခုတလော ကျုပ်အားကြီးမေ့တယ်တော်။ ဒါနဲ့နေပါဦး တာတေရဲ့။ မိုးစွေတို့ ညီအစ်ကိုတွေ ဘာဖြစ်လို့တဲ့တုံး"

"ညညကျရင် ကြောက်ပါပြီ၊ ကြောက်ပါပြီနဲ့ ထထငိုအော်နေကြလို့တဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော…နှစ်ယောက်စလုံးလား"

အဘက ဝင်ပြီးမေးတာဗျ။ အမေကတော့ မျက်မှောင်ကုတ်ပြီး စဉ်းစားနေတယ်။

"ဟုတ်တယ် အဘ။ ကျုပ်ထင်တာတော့ လေးလေးမိုးစွေတို့ ညီအစ်ကိုနှစ်ယောက် တောတက်ရင်း တစ်ခုခုမှားလာတယ်ထင်တယ်ဗျ"

အဘက ဘာမှတော့ ပြန်မပြောဘူး။ ဒါနဲ့ ဒီအကြောင်းက ဒီမှာတင် ရပ်သွားပြီး ကျုပ်တို့သားအမိ၊ သားအဖတွေ ဂုန်နီအိတ်တွေ ဖာကြထေးကြနဲ့ မိုးချုပ်သွားရောဗျို့။

ညက ဟိုတွေး၊ ဒီတွေးနဲ့ တော်တော်နဲ့ အိပ်မပျော်တော့ မနက်ကို တော်တော်နဲ့ မနိုးဘူးဗျို့။

"ဟဲ့…တာတေ၊ မိုးလင်းနေတာ ကြာလှပြီလေ။ ထတော့။ ဒီမှာ ကျောက်ခဲနဲ့ သံမဏိ ရောက်နေတယ်ဟဲ့"

မာ…ဟုတ်သားပဲဗျာ။ တော်တော်ကို နေမြင့်နေပြီပဲ။ ကျုပ်မျက်နှာသစ်ပြီး ပြန်ထွက်လာတော့ ကျောက်ခဲနဲ့ သံမဏိက ကျုပ်ကိုစောင့်နေကြတာ။ ဒီကောင်တွေ တစ်ခုခုပြောချင်နေပုံပဲဗျ။

"ကျောက်ခဲတို့ပါလား၊ စောစောစီးစီး"

"ဟာ…ကိုကြီးတာတေကလည်း ဘယ်မှာစောလို့တုံးဗျ။ ၉ နာရီတောင် ထိုးတော့မယ်။ ရွာထဲမှာ လူတွေ ရုတ်ရုတ်ရုတ်ရုတ်ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ…ဘာဖြစ်လို့တုံး ကျောက်ခဲရဲ့"

အမေက မေးလိုက်တာဗျ။ ကျုပ်အဘက ဝိုင်းထဲမှာ မနေ့က ဂုန်နီအိတ်ချုပ်တဲ့အလုပ်ကို ဆက်လုပ်နေတယ်။ အမေက တော့ ထမင်းဟင်းချက်လို့ပေါ့ဗျာ။

"ဘိုးညဏ်တို့၊ အရီးတို့က ဝိုင်းထဲမှာဆိုတော့ ဘာမှ မသိတာဗျ။ ဦးချက်ဖောင်းတစ်ယောက် ဆုံးသွားလို့"

"ဟေ…လေးလေးချက်ဖောင်း ဆုံးပြီ ဟုတ်လား ကျောက်ခဲ"

"ဟုတ်တယ်ဗျ ကိုကြီးတာတေရ။ မနက်အစောကြီးထ ပြီး အိမ်က ထွက်သွားတာ။ ဘယ်သွားမှန်းမသိလို့ လိုက်ရှာကြ တာတဲ့ဗျ။ ဘယ်မှာမှ ရှာမတွေ့လို့ ရွာပြင်ထွက်အရှာမှာ ရိုးဒေါင့် ဘက်ကိုသွားတဲ့ လှည်းတစ်စီးက လှမ်းပြောသွားတာဆိုပဲ"

"ဟေ…ဘာပြောသွားလို့တုံး"

"ရွာမြောက်က ပဒတ်လျှိုကြီးထဲမှာ လူတစ်ယောက် ဖွဲကြိုးချသေနေတယ် ပြောသွားတာဗျ"

"ဟေ"

"ရွာကလူတွေ ပဒတ်လျှိုထဲကို ပြေးဆင်းပြီး ရှာကြရ တာပေါ့ဗျာ။ ထနောင်းပင်ကြီးတစ်ပင်မှာ နွားချည်တဲ့ကြိုးနဲ့ ဦးချက်ဖောင်းကြီး ဖွဲကြိုးချပြီး သေနေတာဗျို့"

"ဟင်…ဟုတ်လား။ ဒါနဲ့ မင်းတို့သွားကြည့်ပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



လား”

“ကြည့်ပြီးပြီဗျ။ ကျုပ်တို့ ထနောင်းကုန်းသူကြီးနဲ့ ဘန့်ဘွေးကုန်းသူကြီးက အလောင်းကို ကြိုးဖြုတ်ပြီး မြို့ကို လှည်းနဲ့ ပို့လိုက်ပြီဗျ။ ရဲစစ်ချက်ယူရဦးမှာလေဗျာ”

ဇာတ်လမ်းတော့ စပြီပေါ့ဗျာ။ ကျုပ်လေးလေးမိုးစွေနဲ့ ချက်ချင်းသွားတွေ့တယ်။ မျက်ပြူးတို့ဝိုင်းထဲမှာတော့ လူတွေ ဖွေးနေပြီဗျ။ တစ်အိမ်လုံး ငိုနေကြတာပေါ့ဗျာ။

“ကိုကြီးတာတေကို ကျုပ်ပြောတယ်မို့လားဗျာ”

မျက်ပြူးက ကျုပ်ဆီကိုရောက်လာပြီး ပြောတာဗျ။

“အေးလေ မျက်ပြူးရာ။ မနေ့ကမှ မင်းလာပြောသွားတာလေကွာ။ ဒီနေ့ပဲ ဖြစ်သွားရတယ်လို့ကွာ။ နေဦးကွ မျက်ပြူး။ ငါလေးလေးမိုးစွေနဲ့ စကားနည်းနည်းပြောချင်တယ်ကွာ။ သူများတွေမသိအောင် နှစ်ယောက်တည်းပြောချင်တာကွ”

“ဒါဆိုရင် ကိုကြီးတာတေ အိမ်မှာပဲစောင့်နေ။ ကျုပ် အထွေးမိုးစွေကိုခေါ်ပြီး လူတွေအလစ်မှာ ထွက်ခဲ့မယ်”

“အေး…ကောင်းသားပဲကွ မျက်ပြူးရ”

ကျုပ်လည်း လူတွေနဲ့ ရောထိုင်ပြီး စကားလေးဘာလေး ပြောရသေးတာပေါ့ဗျာ။ ခဏပဲနေပြီး ကျုပ်အိမ်ကို ပြန်လာခဲ့ တယ်။

နေ့လယ်ရောက်တော့မှ လေးလေးမိုးစွေနဲ့ မျက်ပြူး ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆီကိုရောက်လာတယ်။ ဝိုင်းထဲက မန်ကျည်းပင်ကြီးအောက်မှာ လေးလေးမိုးစွေနဲ့၊ ကျုပ်နဲ့ နှစ်ယောက်တည်း စကားပြောကြတယ်။ မျက်ဖြူးက အိမ်ပေါ်တက်ပြီး အဘတို့၊ အမေတို့နဲ့ စကားသွားပြောနေတယ်။

ကျုပ်က နဂါးဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိပြီ လေးလေးမိုးစွေကို ဆေးလိပ်တည်လိုက်တယ်။

"လေးလေးတို့ ညီအစ်ကို တစ္ဆေအိုင်တောကို တက်ခဲ့တယ်လို့ ကျုပ်ကြားတယ်"

"ဟုတ်တယ် တာတေ။ ငါနဲ့ ချက်ဖောင်း တစ္ဆေအိုင်တောကို တက်ခဲ့တယ်"

လေးလေးမိုးစွေက ရီဝေမှုန်မှိုင်းနေတဲ့ မျက်လုံးတွေနဲ့ တစ်ခုခုကို တွေးရင်း ပြောပြနေတာဗျ။

"တစ္ဆေအိုင်ကြီးအနားမှာကွ တာတေရ။ မျောက်တွေမှ အများကြီးကွာ"

"ဗျာ...တစ္ဆေအိုင်မှာ မျောက်ရှိလို့လားဗျ"

"ဟာ...ရှိတာပေါ့ တာတေရ။ မျောက်မှ အများကြီးပဲကွ"

"လေးလေး...ကျုပ် လွန်ခဲ့တဲ့ နှစ်နှစ်က မုဆိုးကိုတောင်လုံးနဲ့ တစ္ဆေအိုင်တောကို လိုက်သွားဖူးတယ်ဗျ။ တစ္ဆေအိုင်ကြီးနားမှာ ဘာမျောက်မှ မတွေ့ခဲ့ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတုန်းကတော့ ဟုတ်ချင်ဟုတ်မယ်ကွ။ အခု မျောက်တွေရှိတယ် တာတေရ"

"ဟင်...ဟုတ်လား"

"အဲဒါ ချက်ဖောင်းက မျောက်သား သိပ်ကြိုက်တဲ့ကောင်ဆိုတော့ မျောက်ပစ်တော့တာပေါ့ကွာ"

ကျူပ်က ဘာမှမပြောတော့ဘဲ လေးလေးမိုးရွှေပြောတာကိုပဲ နားထောင်နေတာဗျ။

"ချက်ဖောင်းက မျောက်အုပ်ထဲက အကြီးဆုံးအကောင်ကို သူ့ဒူးလေးနဲ့ ချိန်ပြီးပစ်ချလိုက်တာ ပြုတ်ကျလာတာပေါ့ကွာ။ အဲဒါနဲ့ တို့ညီကိုနှစ်ယောက် မျောက်ကိုပြေးရောက်တော့ မျောက်က မသေသေးဘူးကွ။ အဲဒီမှာတင် တစ်သက်နဲ့တစ်ကိုယ် မကြုံဖူး၊ မကြားဖူးတာ ဖြစ်တော့တာပါပဲကွာ"

"ဗျာ...ဘာများဖြစ်လို့တုံး လေးလေးရဲ့"

"မြားစိုက်နေတဲ့ မျောက်က လူစကားကို ပီပီပြင်ပြင်ပြောတာကွ တာတေရ"

"ဗျာ"

ကျူပ်ဖြင့် တစ်ကိုယ်လုံးတောင် ဆတ်ခနဲတုန်သွားတာဗျို့။ ကြက်သီးတွေတောင် ထသွားသလားပဲဗျာ။ ဘယ့်နှယ်... မျောက်က လူစကားပြောရတယ်လို့။ ကျူပ် လေးလေးမိုးရွှေကို ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ညီအစ်ကို ညတိုင်းထထအော်နေကြတယ်ဆိုတာ မျက်ပြူးလာပြောထားတာလေဗျာ။ ကျုပ်က လေးလေးကို အကဲခတ်ကြည့်လိုက်တယ်။ စိတ်တွေများ ကယောင်ချောက်ချားဖြစ်နေသလားလို့ပေါ့ဗျာ။

လေးလေးမိုးစွေကတော့ ခပ်တည်တည်ပဲ ပြောနေတာဗျ။

"နေပါဦး လေးလေးရဲ့။ မျောက်က လူစကားပြောတယ်ဆိုတော့ ဘာပြောတာတုံးဗျ"

"မင်းတို့နှစ်ယောက်စလုံးကို ရေအိုင်ကြီးထဲက ငါ့အမေသတ်လိမ့်မယ်။ ပြီးရင် မင်းတို့တစ်ရွာလုံးကို သတ်လိမ့်မယ်လို့ ပြောတာကွ"

"ဟာ"

"ငါက ချက်ဖောင်းကိုပြောပါသေးတယ်ကွာ။ ဒီမျောက်သေကို တောထဲမှာ မြှုပ်ပစ်ခဲ့ဖို့ပေါ့။ ဒါပေမဲ့ ဘာမှအယုံအကြည်မရှိတဲ့ ချက်ဖောင်းက မျောက်သေကို အိမ်အထိယူလာပြီး ခါတိုင်းလိုပဲ ချက်ပြုတ်စားလိုက်တာပေါ့ကွာ။ ရွာထဲကလူတွေကိုခေါ်ပြီးတော့ အရက်နဲ့မြည်းကြသေးတာကွ တာတေရ"

"ဘယ်လိုဖြစ်တာတုံးဗျာ။ မျောက်က ဘာလို့ လူစကားပြောရတာတုံး လေးလေးရဲ့"

"မသိပါဘူး တာတေရာ။ ညအိပ်ရင် ချက်ဖောင်းရော၊ ငါရော တစ္ဆေအိုင်က သရဲမကြီးကို အိမ်မက်မက်ကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမျောက်နဲ့ ဒီသရဲမနဲ့က ဘာများပတ်သက်နေတယ်ဆိုတာတော့ မသိဘူးကွ"

"နေပါဦး လေးလေးရဲ့။ အိပ်မက်ထဲမှာ တစ္ဆေအိုင်သရဲမက လေးလေးတို့ကို ဘာပြောလို့တုံး"

"နင်တို့ ငါ့သားကိုသတ်ပြီး ချက်စားလိုက်ကြတယ်။ ငါမသိလိုက်ဘူး။ ငါ့သားအသားကို စားတဲ့အကောင်တွေ။ အားလုံးကို ငါသတ်မယ်လို့ ပြောတယ်ကွ။ အခု ငါညီ စပြီးသေပြီပေါ့ကွာ။ ပြီးရင်တော့ ငါ့အလှည့်ပဲနေမှာပေါ့ တာတေရာ။ ပြီးရင်တော့ ငါတို့နဲ့အတူတူ မျောက်သားစားတဲ့ တို့ရွာသားတွေ တစ်ယောက်ပြီးတစ်ယောက် အသေဆိုးနဲ့ သေမှာပဲပေါ့ကွာ"

"နေပါဦး လေးလေးရာ။ စိတ်ဓာတ်မကျပါနဲ့ဦးဗျာ။ ကျုပ်လုပ်ကြည့်ပါဦးမယ်"

ကျုပ်ကို အကျိုးအကြောင်းတွေအားလုံး ပြောပြပြီးတော့ လေးလေးမိုးစွေနဲ့ မျက်ပြူး ပြန်သွားကြတယ်ဗျ။ ကျုပ်လည်း ဘာယကံရှင်ကိုယ်တိုင်က ပြောလို့သာ ယုံရတာဗျို့။ ဘယ်လိုမှ ဆို နားလည်နိုင်စရာမရှိပါဘူးဗျာ။

အဲဒီညက ကျုပ် မဖဲဝါပေးထားတဲ့ ကိုယ်ခွဲအရုပ်ကလေးနဲ့ မဖဲဝါကို ပင့်တယ်။ ပြီးတော့ တစ္ဆေအိုင်တောထဲက လူစကားပြောတဲ့ မျောက်အကြောင်းကို ပြောပြပြီး နေ့လယ်က လေးလေးမိုးစွေပြောတဲ့အကြောင်းကို ပြောပြလိုက်တယ်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီပြဿနာကို ရှင်းဖို့နည်းလမ်းကို မေးလိုက်တယ်။

အိပ်မက်ထဲမှာ မဖဲဝါက ကျုပ်ကို ခါတိုင်းကိုယ်ရောင်ပြနေကျ ဆယ့်နှစ်ရာသီအဝါပင်အောက်မှာ ပြောပြတယ်။

"တာတေ…နောက်နှစ်ရက်ကြာရင် မိုးစွေ သူ့ကိုယ်သူသတ်သေလိမ့်မယ်။ နောက်တစ်ပတ်လောက်ကြာရင် နင်တို့ရွာထဲက မျောက်သားစားတဲ့ အကောင်တွေ တစ်ယောက်ပြီးတစ်ယောက် သေလိမ့်မယ်"

"ဗျာ…ဒါ ဘယ်လိုဖြစ်တာတုံး မဖဲဝါ။ နည်းလမ်းရှိရင် ပြောပါ သင်္ချိုင်းရှင်မကြီးရယ်"

"တာတေ…အဲဒီမျောက်ဟာ တစ္ဆေအိုင်သရဲမရဲ့ သားအရင်းပဲ။ ဒီသရဲမက အိပ်မက်ထဲမှာ ကိုယ်ဝန်ဆောင်ပြီး လူတွေကလေးမွေးသလို မွေးထားတဲ့ သားဟဲ့။ ဒီမျောက်က အိပ်မက်ထဲမှာ သရဲမမွေးတဲ့ ကလေးပဲ။ မျောက်တော့မျောက်၊ ဒါပေမဲ့ လူစကားပြောတတ်တယ်။ သရဲမအိပ်မက်က လန့်နိုးတော့ သူ့ရင်ခွင်မှာ သူ့သားမျောက်က တကယ်ရှိနေတာ။ သူ့ကလေးကို သူကိုယ်တိုင် နို့တိုက်ပြီး မွေးခဲ့ရတာ။ ဒါပေမဲ့ မျောက်သဘာဝရှိတော့ မျောက်တွေနဲ့ပဲ နေထိုင်စားသောက်တာ။ နင်တို့ရွာသား နှစ်ယောက် သတ်ပြီးချက်စားလိုက်တာ တစ္ဆေအိုင်သရဲမရဲ့ သားအရင်းပဲ တာတေ"

"ဟာ…သွားပါပြီဗျာ။ ကျုပ်တို့ရွာသားတွေတော့ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ်ရောက်ပြီပေါ့ဗျာ။ ဘယ်လိုဖြေရှင်းရမှာတုံးဗျာ… သနိုင်းရှင်မကြီးရယ်"

"တာတေ…အဲဒီ သရဲမကို ငါ့သြဇာညောင်းမှာ မဟုတ်ဘူးဟဲ့။ ဒါပေမဲ့ နင်တို့ရွာကို ငါကယ်ပေးပါ့မယ်။ နင်တို့ တာဍွေအိုင်ရှိတဲ့တောင်ကို ထိပ်ဆုံးရောက်အောင်တက်၊ တောင်ထိပ်မှာ ထမင်းဖြူနဲ့ ကြက်ဖို၊ ကြက်မ ကောင်လုံးကြော်ကို တောင်ပိုင်နတ်ကြီးကို ပင့်ပြီး ဆက်ကြ။ ပြီးတော့ ငှက်ပျောနှစ်ဖီးနဲ့ ပွဲတစ်ပွဲလည်း ပေးရမယ်။ တောင်ပိုင်နတ်ကြီးကို အကျိုးအကြောင်းအားလုံးပြောပြလိုက်။ ပြီးရင် တာဍွေအိုင်သရဲမကြီးကို တောင်ပိုင်နတ်ကြီး ထိန်းပေးပါလို့ပြော၊ ကြားလား။ ငါ ဒီကနေပြီး တောင်ပိုင်နတ်ကြီးကို လျှောက်ပေးမယ်"

"ဟုတ်ကဲ့ပါ သနိုင်းရှင်မကြီးရယ်"

"မွန်းမလွဲခင် တောင်ပိုင်နတ်ကြီးကို ပူဇော်ပသပြီးရင်တော့ ညနေ နွားရိုင်းသွင်းချိန်မှာ တာဍွေအိုင်အစပ်ကိုသွား၊ ဆိတ်ကြီးကြီးတစ်ကောင်နဲ့ သရဲမကို ပသလိုက်။ ဆိတ်အရှင်ကို ရေစပ်မှာ ကြိုးနဲ့ချည်ထား။ ဆိတ်ကို သူစားတာနဲ့ နင်တို့ပြေးတော့။ ကိစ္စပြီးပြီ။ ဒါ သူကျေနပ်လို့စားတာ"

"ကောင်းပါပြီ မဖဲဝါ၊ ကျုပ်လုပ်ပေးလိုက်ပါ့မယ်"

မနက်မိုးလင်းတော့ ဒီကိစ္စကို ကျုပ်ကိုယ်တိုင်ပဲ သွားပြီးပြောပြလိုက်တယ်။ ညီအငယ်သေလို့ အပူမီးပိုင်းနေတဲ့ ဦးငေး



www.burmeseclassic.com

www.burmeseclassic.com



ခါးက ကျုပ်ပြောလို့ အဖြစ်မှန်သိသွားတဲ့အခါကျတော့ တော်တော်ကို စိုးရိမ်ပြီး ခြေမကိုင်မိ လက်မကိုင်မိကို ဖြစ်တော့တာပေါ့ဗျာ။ နောက်ထပ် ညီတစ်ယောက်ထပ်သေမှာကို ကြောက်သွားတာလေဗျာ။

"ငါ့တူတာတေ…မင်းလေးလေးမိုးချွေနဲ့ တို့ရွာက မျောက်သားစားတဲ့ကောင်တွေရဲ့ အသက်ကို ကယ်ပါကွာ"

လို့ ကျုပ်ကို ပြောတယ်။ သူတို့မိသားစုမှာ အပူသောကတွေ ရောက်နေတဲ့အချိန်ဆိုတော့ ဦးနှင်းခါးထုတ်ပေးတဲ့ ငွေကိုယူပြီး ကိုတောင်လုံးနဲ့ ကျုပ်နဲ့ပဲ လိုတာတွေ စီစဉ်ရတာပေါ့ဗျာ။ ကိုတောင်လုံးက ကျုပ်ဆီက ငွေယူပြီး မီးလောင်ကုန်းမှာ ဆိတ်သွားဝယ်တယ်။ ကျုပ်က ကြက်ဖို၊ ကြက်မကြော်ပြီး ထမင်းဖြူထုပ်တယ်။ တစ်နာရီလောက်ကြာတော့ ကိုတောင်လုံးက ဆိတ်သိုးကြီးတစ်ကောင်ဆွဲပြီး ပြန်ရောက်လာတယ်ဗျ။

ကိုတောင်လုံးနဲ့ ကျုပ်နဲ့ တချွေအိုင်တောင်ထိပ်ကို ရောက်တော့ ဘုန်းကြီးကျောင်းက ဆွမ်းစားသံချောင်းခေါက်တဲ့အချိန်ဗျ။ ကျောက်ဖျာချပ်ကြီးပေါ်မှာ ကန်တော့ပွဲပြင်ပြီး ထမင်းဖြူနဲ့ ကြက်ဖို၊ ကြက်မကြော်နှစ်ကောင်ကို ထမင်းဖြူထည့်ထားတဲ့ ငှက်ပျောဖက်ပေါ်မှာ တင်ထားလိုက်တယ်။

ပြီးတော့ ကျုပ်က တောင်ပိုင်နတ်ကြီးကို ပင့်ပြီး ကန်တော့ပွဲနဲ့ ကန်တော့တယ်။ ကြက်ဖို၊ ကြက်မနဲ့ ထမင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်တယ်။ ကျုပ်တို့ရွာသားတွေ မှားခဲ့တဲ့ အဖြစ်အပျက်ကစပြီး လေးလေးချက်ဖောင်း သေတာတွေ၊ မဖဲ၀ါလုပ်နိုင်းတာတွေပါ မကျန် ကျုပ်က တောင်ပိုင်နတ်ကြီးကို လျှောက်ပြီး တစ္ဆေအိုင် သရဲမကြီးကို ထိန်းပေးဖို့၊ ကျုပ်တို့ရွာသားတွေကလည်း သူ့သား ကို ရိုးရိုးမျောက်တစ်ကောင်ပဲထင်ပြီး တောလိုက်မိတဲ့အကြောင်း ပြောပြလိုက်ရတာပေါ့ဗျာ။

"ဝေါ...ဝေါ...ဝေါ"

ဟာ...ကျုပ်တို့ထိုင်နေတဲ့ နေရာမှာ ကွက်ပြီး လေတွေ တိုက်တာဗျ။ သစ်ပင်တွေဆိုတာ ယိုင်နေတာပဲဗျို့။ ကျုပ်ဝမ်းသာ သွားတာပေါ့ဗျာ။ တောင်ပိုင်နတ်ကြီးကလည်း လျှောက်တင်တာ ကို လက်ခံတဲ့သဘောလေဗျာ။

ကျုပ်နဲ့ ကိုတောင်လုံးလည်း ဆိတ်သိုးကြီးကိုဆွဲပြီး တောင်ခါးပန်းကို ဆင်းလာခဲ့တယ်။ ကျုပ်တို့မှာပါလာတဲ့ ထမင်း ထုပ်ကလေးတွေ ဖြေစားပြီးတော့ နဂါးဆေးပေါ့လိပ်ကလေး ဖွာတယ်။ နောက်တော့ ဆိတ်သိုးကို ဝါးရုံမှာချည်ထားပြီး ကျုပ် တို့နှစ်ယောက် ခဏမှေးလိုက်တယ်။

ကျုပ်တို့နိုးလာတော့ နေစောင်းနေပြီဗျ။ ကျုပ်တို့နှစ် ယောက်လည်း ဆိတ်သိုးကြီးကိုဆွဲပြီး တစ္ဆေအိုင်ကြီးဘက်ကို ထွက်လာခဲ့တယ်။

ကန်စပ်မှာ ငုတ်စိုက်ပြီး ဆိတ်ကို ကြိုးနဲ့ချည်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဆိတ်စားဖို့ သစ်ကိုင်းတွေချိုးပြီး သစ်ရွက်တွေပုံပေးထားလိုက်တယ်။

ကျုပ်တို့နှစ်ယောက် ဟိုတစ်ခါကြည့်တဲ့ ကညင်ပင်ကြီးနောက်မှာပဲ ကွယ်ပြီးရပ်နေကြတယ်။ ကိုတောင်လုံးက တောဘက်ကိုလှည့်ကြည့်တယ်။

သူဘာကိုကြည့်တယ်ဆိုတာ ကျုပ်သိတယ်ဗျ။ ကိုတောင်လုံးက မှဆိုးပဲဗျာ။ တောထဲမှာ ပြေးလမ်း၊ ထွက်လမ်းတို့ တွက်ဆနေမှာပေါ့ဗျာ။ ကျုပ်ကတော့ ရင်တထိတ်ထိတ်နဲ့ ကန်စပ်က ဆိတ်ကို ကြည့်နေရတာဗျ။ မဖဲဝါပြောလိုက်တယ်ခဲလေဗျာ။ တစွေအိုင်သရဲမက တောင်ပိုင်နတ်ကြီးပြောတာကို ကျေနပ်ရင် ဒီဆိတ်ကို စားမှာဗျ။ မကျေနပ်ရင်တော့ စားမှာမဟုတ်ဘူးတဲ့ဗျ။ ဆိတ်ကိုစားရင်တော့ ကိစ္စက ပြီးပြီပေါ့ဗျာ။ မစားရင်တော့ ကျုပ်တို့ရွာ အခြေအနေကောင်းမှာ မဟုတ်ဘူးဗျ။

ဟိုတစ်နေ့က ကျုပ်အိပ်မက်မက်ထားသလို တစ်ရွာလုံးပြေးကြရတော့မှာထင်တယ်ဗျ။ ဆိတ်ကို သရဲမ စားပါစေလို့ ကျုပ်စိတ်ထဲက ကြိတ်ပြီးဆုတောင်းနေရတာဗျ။ ခုထိတော့ ကန်ရေပြင်ကြီးတစ်ခုလုံး ငြိမ်လို့ဗျ။ ဘာမှကို မလှုပ်ရှားသေးတာ။

"ပဲဟဲဟဲ...ပဲဟဲဟဲ"

ဆိတ်သိုးကြီးကတော့ ကျုပ်ကျွေးထားတဲ့ သစ်ရွက်တွေစားလိုက်၊ တပဲပဲနဲ့ အော်လိုက် လုပ်နေတာဗျ။ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



တော့ နေစောင်းလာပြီ။ မဖဲဝါပြောတဲ့ နွားရိုင်းသွင်းချိန် ရောက်တော့မယ်။ ကျုပ်ကတော့ ရေအိုင်ကြီးကိုကြည့်လိုက်၊ ဆိတ်သိုးကြီးကိုကြည့်လိုက်နဲ့ လုပ်နေတာဗျ။

နွားရိုင်းသွင်းချိန်တော့ ရောက်လာပြီ။ သရဲမကြီး ဆိတ်ကို စားစမ်းပါစေ။ ဟော…ရေအိုင်ကြီးထဲမှာ ဂယက်ကလေးတွေ ထလာပြီဗျ။ ဟော…ဟော…ရေလှိုင်းလေးတွေက ရေအိုင်အစပ်ကို ပြေးရိုက်တယ်။ လေတိုက်လိုက်လို့ ထတဲ့ ဂယက်များလားလို့ ကျုပ်ကြည့်နေတယ်။ အိုင်လယ်မှာ တစ္ဆေအိုင်သရဲမကြီးဟာ ဆံပင်ဖားလျားကြီးနဲ့ ပေါ်လာတာဗျို့။ ခေါင်းကြီးက ခွဲတောင်းတစ်လုံးလောက် ရှိတယ်ဗျ။ မျက်လုံးကြီးတွေက ဟင်းရည်သောက်ပန်းကန်လောက် ရှိတယ်။ ရဲတောက်နေတာဗျာ။

"ပဲဟဲဟဲ…ပဲဟဲဟဲ"

ရေစပ်မှာ ကြိုးချည်ထားတဲ့ ဆိတ်သိုးကြီးကို စိုက်ကြည့်နေတာဗျ။ မျက်လုံးကြီးတွေဆိုတာ အပြင်ကို ပြူးထွက်နေလိုက်တာဗျာ။ ဒီတစ်ခါ ရေထဲက ပေါ်လာတာ ဖြည်းဖြည်းလေးပေါ်လာတာဗျ။ ရေသံတောင် မကြားရဘူး။ ကျုပ်ကို ကိုတောင်လုံးက လက်ကုတ်လိုက်တယ်။

ကိုတောင်လုံးကလည်း ကျုပ်လိုပဲ ကြည့်နေတာဗျ။ ကျုပ်ကို ခေါင်းညိတ်ပြတယ်။ ကျုပ်သတိထားမိတယ်ဗျ။ အင်မတန်မှ သတ္တိကောင်းတဲ့ မုဆိုးကိုတောင်လုံး အသားတွေ တဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



တုန်နေတာဗျို့။ ကျုပ်လည်း ကြက်သီးတွေ တဖြန်းဖြန်းထနေတာပါပဲဗျာ။

ဟော…ဟော…ရေစပ်ကိုရောက်လာပြီ။ ဟာ…ရေစပ်မှာ လေးဘက်ကြီးထောက်ပြီး တက်လာပြီဗျို့။ ထဘီအနက်ကြီးတစ်ထည်ကို ရင်လျားထားတာဗျ။ ဟာ…ပါးစပ်ကြီးဟလိုက်ပြီ။ ဝင်ခါနီး နေရောင်အောက်မှာ အစွယ်တွေမှ ဖွေးနေတာဗျို့။

ဟော…ခုန်ပြီဗျို့၊ ခုန်ပြီ။ အရပ်ကြီးက ဆယ်ပေလောက်ရှိမှာဗျ။ ဟာ…ဆိတ်သိုးကြီးကို သူ့လက်ကြီးနှစ်ဖက်နဲ့ တွန်းလှဲပြီး လည်မျိုကိုခဲတော့တာဗျို့။ အို…ဆိတ်လည်ပင်းက သွေးတွေမှ ပန်းထွက်လာလိုက်တာဗျာ။ ဆိတ်ကရုန်း၊ သရဲမကြီးကကိုက်နဲ့ နောက်ဆုံးတော့ ကျုပ်တို့ဆိတ်သိုးကြီး ငြိမ်သွားတော့တာပေါ့ဗျာ။ ဆံပင်ဖားလျားနဲ့ သရဲမကြီးက ပါးစပ်မှာ သွေးတွေရဲနေပြီး ဆိတ်သားကို မြိန်ရေရှက်ရေကို စားတော့တာဗျို့။ ကိုတောင်လုံးက ကျုပ်ကို လက်ကုတ်ပြီး ခြေသံမကြားအောင် ထွက်တယ်။ ကျုပ်လည်း ကိုတောင်လုံးရဲ့နောက်ကနေ ခြေသံမကြားအောင် လိုက်ရတာပေါ့ဗျာ။

"တာတေ…လာ၊ ဖြတ်လမ်းကနေ သွားမယ်"

ကိုတောင်လုံးက လေသံကလေးနဲ့ ပြောပြီး ရှေ့ကနေ ပြေးရောဗျို့။ ကျုပ်လည်း သူ့နောက်ကနေ ကပ်ပြီး ခြေကုန်သုတ် ပြေးရတော့တာပေါ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com




ကျုပ်တို့ ရွာပြန်ရောက်တော့ မိုးစုံးစုံးချုပ်နေပြီဗျ။ မျက်ပြူးရဲ့ ဘထွေးရော၊ ကျုပ်တို့ရွာက မျောက်သားကြိုက်ဘဲ တွေရော ဘေးကင်းသွားကြပြီပေါ့ဗျာ။

တာတေ



www.burmeseclassic.com

www.burmeseclassic.com



# သရဲမွေးတဲ့ခြံ
## နတ်စက်ရှိန်

(၁)

ဦးကံအေး၏ ခင်ပွန်းကြီးဆယ်ပါးကန်တော့သံမှာ သူ၏ ခြံကျယ်ကြီးအတွင်း ပျံ့လွင့်လျက်ရှိနေသည်။

"ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင်...

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့အပေါ်၌

ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ပစ္စေကဗုဒ္ဓအရှင် ကိုယ်တော်မြတ်ကြီးတို့အပေါ်၌

ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့အပေါ်၌

ဂုဏ်ကျေးဇူးကြီးမားကြကုန်သော မိခင်တို့အပေါ်၌

ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော ဖခင်တို့အပေါ်၌

ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော လိမ္မာစေရန် ကျိုးကြောင်းပြ၍ ဆုံးမတတ်သော ဆရာသမားတို့၏အပေါ်၌

ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော သီလဂုဏ်၊ ပညာဂုဏ်တို့ကို ဆည်းပူးဖြည့်ကျင့်လျက် ရှိကြကုန်သော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့အပေါ်၌

ဂုဏ်ကျေးဇူးကြီးမားကြကုန်သော တရားဓမ္မတို့ကို ဟောပြောပြသဆုံးမတတ်သော ဆရာသမားတို့အပေါ်၌

ထမင်းတစ်လုတ်၊ ရေတစ်မှုတ်စသည်ဖြင့် ပေးကမ်းချီးမြှင့်ထောက်ပံ့ဖူးသော ကျေးဇူးရှင်ပုဂ္ဂိုလ်တို့၏ အပေါ်၌

ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးသောကံတို့ဖြင့် ပြစ်မှားမိခဲ့သည်ရှိပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ရသော ကောင်းမှုကံစေတနာတို့ကြောင့် အလုံးစုံသော ဘေးရောဂါ အန္တရာယ်အပေါင်းတို့မှ ကင်းဝေးပြီးလျှင် မြတ်စွာဘုရားရှင် ဟော ကြားတော်မူသော သစ္စာလေးပါး မြတ်တရားကို ကောင်းစွာသိမြင် ၍ နိဗ္ဗာန်သို့ဝင်နိုင်သောကိုယ် ဖြစ်ရပါစေသား အရှင်ဘုရား။

လောကီမင်္ဂလာ အဖြာဖြာတို့လည်း စိတ်ကြံတိုင်း၊ တောင့်တတိုင်း လွယ်ကူလျင်မြန်စွာ ပြည့်စုံ၍ နှလုံးစိတ်ဝမ်း အေးချမ်းရပါစေသား အရှင်ဘုရား”

ဦးကံအေးက သူ၏ခြံဝိုင်းကြီးအတွင်းရှိ ခြေတံရှည်အိမ် ကြီးအပေါ်ထပ် ဘုရားခန်းဆီမှနေ၍ နံနက်ခင်း နိစ္စဓူဝ ပြုမူ နေကျ အလေ့အထအတိုင်း ဘုရားကို ကြည်ညိုစွာ ရှိခိုးရင်း ခင်ပွန်းကြီးဆယ်ပါး ကန်တော့နေစဉ် အိမ်ကြီးနံဘေး ကြက်ခြံထဲ ရောက်ရှိနေသော ဦးဘကွန်းမှာ ကြက်တင်းအတွင်းမှ ကြက်ဥခိုး နေရာက လက်တွန့်သွားသည်။

အမှန်တော့ သူ၏ခါးပိုက်ဆောင်ထဲတွင် ကြက်ဥနှစ်လုံး ရောက်နှင့်နေပြီးပြီ ဖြစ်သော်လည်း သုံးလုံးရအောင် ခိုးမည့်ဟု ဆုံးဖြတ်ထား၍ နောက်ထပ် တစ်လုံးထပ်ခိုးရန် လက်လှမ်းလိုက် စဉ်မှာ အိမ်ကြီးအပေါ်ထပ်ဆီမှ ဦးကံအေး၏ ခင်ပွန်းကြီးဆယ်ပါး ကန်တော့ခန်းကို ကြားလိုက်ရသဖြင့် လက်တွန့်သွားခြင်းဖြစ်၏။ သူ၏နားထဲမှာလည်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းတစ်လုတ်၊ ရေတစ်မှုတ် စသည်ဖြင့် ပေးကမ်း ချီးမြှင့် ထောက်ပံ့ဖူးသော ကျေးဇူးရှင်ပုဂ္ဂိုလ်တို့အပေါ်၌" ဆိုသော စကားလုံးများသည် လွင့်ထွက်မသွားဘဲ နားစည်ကို ရိုက်ခတ်ပဲ့ တင်လျက်ရှိပါ၏။

အမှန်တော့ ကြက်ဥခိုးနေသော ဦးဘကွန်း လက်တွန့် သွားရခြင်းမှာလည်း နောက်အကြောင်းတစ်ကြောင်းရှိပေသည်။

ဦးကံအေးနှင့် ဒေါ်နှင်းမြတို့ခြံမှာ အစိမ်းသရဲတွေ့ထား သည်ဟု နာမည်ကြီးနေခြင်းပင်။

ဒါကလည်း မြို့ပေါ်တက်နေသော ဦးကံအေး၏သားကြီး က ဆရာတစ်ယောက်နှင့် စီမံထားခဲ့ခြင်းပင်။

သို့သော် ဦးဘကွန်း၏မျက်လုံးထဲတွင် ကိုပိန်၏အရက် ပုန်းဆိုင်မှ အရက်ပုလင်းကြီး ရောက်လာ၍ ထိုကြက်ဥတစ်လုံးကို ခိုးဖြစ်အောင်ခိုးပြီး သူ၏ခါးပိုက်ဆောင်ထဲသို့ မကွဲအောင် အသာ ထည့်လိုက်သည်။ ထိုစဉ် သူ၏ခါးကြားမှာ အမြဲဆောင်နေကျ ဓားမြှောင်ပြုတ်ကျသွား၍ ပြန်ကောက်ယူရပြန်သည်။

"ကိုကံအေးရေ ဒီမှာ ဘုရားဆွမ်းတော်တင်ဖို့ ဆွမ်း ကျက်နေပြီ။ ဖန်ပုလင်းထဲက ကြံသကာနဲ့ တစ်လက်စတည်း ဆွမ်းတော်ကပ်လိုက်ပေတော့"

အိမ်အောက်ထပ် မီးဖိုဆောင်မှ အရဏ်ဆွမ်းအမှီ ထချက် နေသော ဦးကံအေး၏ဇနီး ဒေါ်နှင်းမြ၏အသံကို ကြားလိုက်ရ၍



www.burmeseclassic.com

www.burmeseclassic.com



ကြက်ခြံထဲရောက်နေသော ဦးဘကွန်း မှောင်ရိပ်မှာ အသာခိုနေလိုက်ရသည်။

"အေး…အေး လာပါပြီကွာ။ ကင်ပွန်းရွက်တွေ စည်းဖို့ပြင်ပေတော့။ တော်တော်ကြာ ဖောက်သည်ကောင်မလေးတွေ ရောက်လာရင် စောင့်နေရဦးမယ်"

ဦးကံအေးအသံကြားရပြီး မီးဖိုဆောင်ရှိရာ အောက်ထပ်သို့ ဆင်းလာသောခြေသံကို ကြားလိုက်ရသည်။

ဒေါ်နှင်းမြက မီးခွက်တစ်ခွက်ကိုကိုင်ပြီး အိမ်အောက်ထပ် ကင်စွန်းရွက်များစုပုံထားရာ ကွပ်ပျစ်ဆီသို့ ထွက်လာသည်။

"ဟင်း"

သူတို့ဇနီးမောင်နှံနှစ်ယောက် ကိုယ့်ကိစ္စနှင့်ကိုယ် အလုပ်ရှုပ်နေကြရာမှ သူတို့ခြံထဲသို့ ခိုးဝင်လာသော ဦးဘကွန်း သက်ပြင်းချလိုက်မိသည်။

ဦးဘကွန်း မကြာခဏပြုလုပ်နေကျအတိုင်း ဦးကံအေးတို့ကြက်ခြံမှထွက်ပြီး မှောင်ရိပ်ခိုကာ သူ့ခြံရှိရာ ခြံစည်းရိုးအနီးသို့ ခြေသံလုံလုံဖြင့် လျှောက်လာခဲ့သည်။

"အီ အီ အီ အီ"

ဦးကံအေးတို့မွေးထားသော ခွေးကြီးရန်လုံက သူ့ကိုလှူရင်းမို့ ဟောင်ခြင်းမပြုဘဲ အမြီးနန့်ကာ နှုတ်ဆက်သည်။ ရန်လုံသည် အမည်နှင့်လိုက်အောင် ဦးကံအေးတို့အိမ်နှင့် ခြံထွက်



www.burmeseclassic.com

www.burmeseclassic.com



ရန်လုံသော အစောင့်ခွေးကြီးပင်ဖြစ်သော်လည်း ခြံနီးချင်းဖြစ်သော ဦးဘကွန်းကိုမူ သိနေသဖြင့် ဟောင်ခြင်း၊ ဆွဲခြင်းပင်မပြုချေ။ ရန်လုံနှင့်အတူ သူ့ခွေးအနီပင် ပါလာသေးသည်။

ဦးဘကွန်း၏ခြံနှင့် ဦးကံအေးတို့ခြံစည်းရိုးကို အလွယ်တကူဆက်သွယ်နိုင်ရန် ဖောက်ထားသော မလွယ်ပေါက်ဝါးကပ်တံခါးလေးကို ဦးကံအေး အသံမကြားအောင် အသာမဖွင့်ပြီး သူ့ခြံဘက်သို့ ကူးလိုက်သည်။

သူ့ခြံဘက်ရောက်မှ ဝါးကပ်တံခါးလေးကို အသာပြန်ပိတ်ပြီး ဦးကံအေးတို့အိမ်ဘက်ကို အသာလှမ်းကြည့်လိုက်မိသည်။

ဦးကံအေး၏ဘုရားခန်းမှ မီးလင်းနေသလို ဘုရှားရှိခိုးသံတွေ ဆက်၍လွင့်ပျံလာနေဆဲရှိသေးသည်။

× × ×

## (နှစ်)

မနက်အရုဏ်တက်မှာ ကောင်းမှုသုစရိုက်ကို အာရုံပြု၍ လုပ်ဆောင်နေကြသူတွေရှိသလို မကောင်းမှုဒုစရိုက်ကို ကြံဆကျူးလွန်သူတွေလည်းရှိသည်။

ထိုမကောင်းမှုဒုစရိုက် ကျူးလွန်နေသူတွေ ကိုပိန်၏ အရက်ပုန်းဆိုင်မှာ ရောက်ရှိနေကြလေပြီ။

အမှန်တော့ ကိုပိန်မှာ သူ၏အရက်ဆိုင်ကို ညလုံးပေါက်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ထားသည်ကားမဟုတ်။ ရွာထဲမှာ အသုဘရှိ၍ အသုဘဖဲဝိုင်းမှ လာလာဝယ်နေသဖြင့် တံခါးဝတွင် စောင့်အိပ်ပြီး ရောင်းနေရခြင်း ဖြစ်သည်။

ခုတော့ အရဏ်တက်ပြီဖြစ်၍ တံခါးကိုအပြီးဖွင့်ပြီး ကောင်တာတွင်ဝင်ထိုင်ကာ ဖဲသမားများကို တစ်လုံးပြီးတစ်လုံး ရောင်းချနေခဲ့ပေပြီ။ ရွာမှာ အသုဘရှိ၍ ရွာခံတွေအပြင် တခြားရွာမှ မျက်နှာစိမ်းတွေပင် ပါလာတတ်သည်။

ဖဲသမားတွေဆိုတာကလည်း အသုဘအိမ်စောင့် အကြောင်းပြကာ သောက်သောက်စားစား ဖဲရိုက်ကြသူများဖြစ်၏။ ထိုစဉ်တော့ တစ်လုံးစနှစ်လုံးစ လာလာဝယ်ပြီး သောက်တတ်ကြသည်။

ယော...မနက်မိုးအလင်း အရှုံးအနိုင်ပေါ်အောင် ရိုက်ကြပြီဆိုတော့ နိုင်လူတွေက -

"ကိုပိန် ကျုပ်တို့ဝိုင်းကို ကြိုက်သလောက်ချပေး။ အမြည်းဘာရှိသလဲ အကုန်ချ။ မနေ့က တောကြောင်သားရှိသေးတယ်မဟုတ်လား။ အချိုရည်ကော၊ စီးကရက်ပါချပေး"

"ဒါမှ တို့တင်မင်းကြီးကွ။ ဒီညလည်း နိုင်ပါစေ"

"ဒီညလည်း နိုင်ဦးမှာ။ တင်မင်းတို့က ဖဲမှော်အောင် ထားတဲ့ကောင်။ ဖဲစီးပြီဆိုရင် အသုဘ ခုနစ်ရက်ခုနစ်လီစီးတဲ့ ကောင်။ ကဲ...ပျော်ပျော်ပါးပါး စားကြသောက်ကြ။ တင်မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



က နိုင်ပြီဆိုရင် ကိုယ့်ရဲဘော်တွေကို ပစ်မထားဘူး"

ဖဲနိုင်သူဝိုင်းက အူမြူးဝမ်းစိုနေသလောက် ဖဲရှုံးသည့်သူတွေက အူခြောက်ဝမ်းပေါက်လှသည်။ အထူးသဖြင့် ခိုးမှုဖြင့် ထောင်ကျပြီး မကြာမီကလွတ်လာသော လှကျော်စိန်တစ်ယောက်တည်း ငေါင်နေသည်။

"ကိုလှကျော်စိန် တစ်ပိုင်းတည်းတော်ပြီလား။ ခင်ဗျား ဖဲရှုံးတယ်ဆိုတာကြားပြီး စိတ်မကောင်းပါဘူး။ ကိုယ့်ဖောက်သည်ကို ပစ်မထားပါဘူးဗျာ။ အမြည်းဝယ်မစားနိုင်ရင် ကျွန်တော် အမြည်းပေးပါ့မယ်။ ဟော့...မာလကျစ် ရှောက်သီးတစ်စိတ်ပေးလိုက်ပါကွာ။ အရက်ထပ်ယူဦးမလား"

"နေပါစေကိုပိန်။ အသုဘအိမ် နောက်တစ်ခေါက်ပြန်သွားပြီး ဘိုင်ပွတ် ပွတ်လိုက်ဦးမယ်"

ဖဲရှုံးသူ လှကျော်စိန် ကပျာကယာသောက်ပြီး ထသွားသည်။ လှကျော်စိန်လို ဖဲရှုံးသူတွေလည်း တစ်ယောက်စနှစ်ယောက်စ ဝိုင်းဖွဲ့၍ ခြောက်ကပ်ကပ် သောက်ကြပြန်သည်။

"ဟို...ခေါင်းဖြူကြီး ဝိုင်းစကတည်းက မွှေသွားတာကွ။ လက်ထိပ်အိမ်က ဖဲချိုးကတည်းက ဘူစဉ်ကြီး စချိုးတယ်လေကွာ"

"ဘယ်ခေါင်းဖြူကြီးလဲ"

"ဘယ်သူရှိရဦးမလဲ။ ဒီရွာထဲမှာ ခေါင်းဖြူကြီး ဖဲရှိသ၊



www.burmeseclassic.com

www.burmeseclassic.com



ကြက်တိုက်၊ အရက်သောက် အချိန်မစီးတာ ဘယ်သူရှိဦးမလဲ။ ဦးဘကွန်းကြီးလေကွာ”

ဦးဘကွန်းဟူသော နာမည်ကိုကြားလိုက်ရ၍ အရက်ပုန်းဆိုင်ရှင် ကိုပိန် ခေါင်းထောင်သွားသည်။

ကိုပိန် ဦးဘကွန်းကို ဗမာကြက်ဥတွေ မှာထားသည် မဟုတ်လား။

ဦးဘကွန်းသည် ငွေရှိလျှင် အရက်သောက်တတ်၍ ငွေမရှိသည့်အခါ သူ့အိမ်မှာရှိသည့် ပစ္စည်းအတိုအစတွေကို ကိုပိန့်ထံမှာ အရက်နှင့်လဲ၍သောက်တတ်သည်။

ခုတလော သူ့အိမ်မှာ မွေးထားသည်ဆိုသော ဗမာကြက်တွေဥသည့် ကြက်ဥတွေနှင့်လဲ၍ ကိုပိန့်ထံမှာသောက်တတ်သည်။ ကိုပိန်က ထိုဗမာကြက်ဥနှင့် သူကြီးဦးရွှေသီးကို ယောကျ်ားအားဆေးအဖြစ် လက်ဆောင်ပေး မျက်နှာလုပ်ရသည်။

ဗမာကြက်ဥဈေးကလည်း ကောင်းလှသည်။ လိုချင်တိုင်းဝယ်၍မရ။ အပြင်မှာ တစ်လုံးကို ငါးရာဈေးဖြစ်နေပြီ။ ခုတော့ အရက်သောက် ဖဲရိုက် ဘိုင်ကျနေသော ဘကွန်းကြီးဆီက ဗမာကြက်ဥစစ်စစ်သုံးလုံးကို အရက်တစ်လုံး၊ အမြည်းငါးကျပ်ဖိုးလောက်နှင့် ကိုပိန် အချောင်ရလျက်ရှိ၏။

× × ×

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



(သုံး)

"လူတွေမှာ လောဘ၊ ဒေါသ၊ မောဟတွေဖက်ပြီလား ဆိုမှဖြင့် အဝိဇ္ဇာအမိုက်တိုက်ကြီးက ဖုံးလွှမ်းသွားတော့တာပဲ ကိုဘကွန်းရဲ့"

ဦးကံအေးက ခြံနီးချင်းဖြစ်သူ ဦးဘကွန်းအား လောဘ နှင့်ပတ်သက်သော အကြောင်းအရာကို တရားသဘောနှင့်ယှဉ်ပြီး ပြောဆိုနေမိသည်။

"ပျံလွန်တော်မူသွားရှာပြီဖြစ်တဲ့ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသက ဘဂ်ဇာဆရာတော်ဘုရားကြီး ရဲ့ဂါထာကို အမြွက်ဖွင့်ပြီး မေတ္တာဘာဝနာတရား ဘယ်လိုဟော ကြားခဲ့သလဲဆိုရင်"

ဦးကံအေးက ဘာသာတရားကိုင်းရှိုင်းသူပီပီ အာဝဇ္ဇန်း ရှင်လျက် လောဘကနှင့်ပတ်သက်သော တရားဓမ္မကို ဘယ်လိုပင် ပြောနေစေကာမူ ဦးဘကွန်း၏နားထဲသို့ ဝင်နေတာက ဦးကံအေး ၏ဇနီး ဒေါ်နှင်းမြ ဈေးစောက သူ့အားပြောသွားခဲ့သော စကား များသာဖြစ်၏။

"ကိုဘကွန်းရယ် ရှင့်မလဲ အသက်ငါးဆယ်ကျော်လို့ပဲ ခြောက်ဆယ်ထဲရောက်နေပြီ။ ခုအထိ လောင်းကစားနဲ့ အသောက် အစားကို မဖျောက်နိုင်သေးဘူးလား။ ဖဲရိုက်ဖို့ဆိုရင်တော့ ရှင့် အခုလာချေးတဲ့ ငွေတစ်ထောင်မချေးနိုင်တော့ဘူး။ အရင်ကချေး



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ငွေတွေလည်း ပြန်ဆပ်သေးတာမဟုတ်ဘူး"

ဒေါ်နှင်းမြမှာ ထိုသို့ပြောပြီး ဦးဘကွန်းကိုညှော်ခံရန် မီးဖိုထဲဝင်သွားကာ လက်ဖက်သုပ်လျက်ရှိသည်။ ငွေချေးပြီး ပြန်မပေးတတ်သည့် ဦးဘကွန်းအား ငွေမချေးပေမည့် တစ်ရွာတည်းသားတွေလည်းဖြစ်၊ ခြံနီးချင်းတွေလည်းဖြစ်နေ၍ အစားအသောက်နှင့်ပတ်သက်၍ စေတနာမပျက်နိုင်သေးချေ။

ဦးဘကွန်း ထမင်းမစားရသေးဘူးဆိုလျှင် သူတို့အိမ်မှာရှိတာနှင့် ပြင်ဆင်ကျွေးမွေးတတ်သည်။

"လောဘဟာ တပ်မက်မှုကို အခြေခံတယ်ဗျာ။ ခုခင်ဗျားအလောင်းအစားမက်နေတာ သူတစ်ပါးငွေကြေးကို လိုချင်လို့ဆိုတဲ့ တပ်မက်တဲ့စိတ်အပေါ် အခြေခံနေတာပဲ။ လောဘမီးကိုအကြောင်းပြုပြီး ဒေါသမီးတောက်တယ်။ ဒေါသမီးကိုအကြောင်းပြုပြီးတော့ မောဟမီးတောက်တယ်။ မောဟမီးတောက်တော့ငရဲမီးတွေ လောင်မြိုက်ခံရတဲ့ကိန်းကို ဆိုက်ကရော"

ဦးကံအေးက တရားသမားပီပီ သူ့သူငယ်ချင်းဖြစ်သူဦးဘကွန်းအား လောဘသတ်ရန်၊ အလောင်းအစားကိုစွန့်ရန်ဘယ်လိုပင် တရားပြနေစေကာမူ ဦးဘကွန်းကတော့ တရားစကားတွေကို မကြားတစ်ချက်ကြားတစ်ချက်ဖြစ်နေ၏။

ဦးဘကွန်း၏မျက်လုံးထဲမှာ အသုဘဖဲဝိုင်းမှ ငွေပုံကြီးကိုသာ မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လပ်ကွ"

"ကိုးကွာ"

"ဟောဒီမှာ ကုလားသုံးကောင်"

ဖဲဝိုင်းမှ အော်သံတွေကိုပဲ ကြားနေရပြန်သည်။

ထိုအခိုက် ဦးကံအေး၏ဇနီး ဒေါ်နှင်းမြ လက်ဖက်ပန်းကန်ဖြင့် ရောက်လာကာ ဦးကံအေးတို့ ရေနွေးကြမ်းဝိုင်းမှာ ချပေးရင်း ဝင်ထိုင်သည်။

"ရွှေနီ ပုဇွန်ခြောက်နဲ့သုတ်ထားတဲ့ မောင်ရမ်းလက်ဖက်ရှင့်။ စားလိုက်ပါဦး ကိုဘကွန်းရယ်။ ကျွန်မတို့က ကျွန်မတို့မှာရှိတာ ကြိုက်သလိုဝင်စားသွားနိုင်တယ် ကိုဘကွန်းရယ်။ အစားအသောက်နဲ့ဆိုရင် မနေမြောပါဘူး။ ငွေရေးကြေးရေးကတော့ ဆင်ခြင်နေကြရပြီရှင့်။ ကျွန်မနဲ့ ရှင့်သူငယ်ချင်းကိုကံအေးတို့လည်း အသက်အရွယ်တွေ ထောက်လာကြပြီမဟုတ်လား။ သားသမီးတွေကျပြန်တော့လည်း မြို့ပေါ်မှာ သူတို့စီးပွားနဲ့သူတို့"

"သိပါတယ်ဗျာ။ မြို့ပေါ်မှာ ခင်ဗျားတို့သားသမီးတွေဆိုင်ကြီးကနားကြီးနဲ့ ဖြစ်ထွန်းနေကြတာ ခင်ဗျားတို့မှာ သားသမီးတွေလက်လွှတ်ပြီး အဘိုးကြီးအဘွားကြီး နှစ်ယောက်တည်း ခြံထွက်သီးနှံကို လင်မယားနှစ်ယောက် ရောင်းချသုံးစွဲနေကြရတာကိုပဲ ပြောမလို့မဟုတ်လား"

"ဟုတ်တယ်။ ဒါပဲပြောစရာရှိတော့ ပြောရမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကိုဘကွန်းရယ်''

''အင်းလေ ခင်ဗျားတို့မှာက ခြံထွက်သီးနှံတွေ ရောင်းချလို့ရသေးတယ်။ ကျုပ်မှာက ခြံထဲမှာတော့ နေရပါရဲ့။ ကိုယ့်ခြံမဟုတ်တော့တဲ့အတိုင်းဘဲ ခြံထဲကသီးနှံကို စားရုံပဲစားရတယ်။ ရောင်းလို့ကမဖြစ်။ အိမ်နဲ့နေရပါရဲ့ အိမ်က သွပ်တစ်ချပ် ဖျဥ်တစ်ချပ်ကိုတောင်မှ မထိရဲဘူး''

''ရှင် အဲဒီလိုဖြစ်မှာပေါ့။ ဖဲရိုက်၊ ကြက်တိုက်၊ အရက်သောက် လုပ်နေတာကိုး။ ဖဲရိုက်၊ ကြက်တိုက်ရင်း ရှုံးပါများတော့ ခြံတွေ၊ အိမ်တွေ ပေါင်ထားရပြီမဟုတ်လား။ ရှင့်ကို အဲဒီအလောင်းအစားက ဒုက္ခပေးနေတာ။ ရှင် နောင်တမရနိုင်တာ အံ့ပါရဲ့နော်''

''ဟုတ်သားပဲ ဘကွန်းရယ်။ ဟိုတစ်နေ့က မင်းရဲ့အိမ်က ရာဝင်စဥ့်အိုးကြီးကို ရွာထဲက တင်မင်းတို့လူညီးနဲ့ လာတိုက်သွားတာမြင်ပြီး ငါ စိတ်မကောင်းလိုက်တာ။ အဲဒီစဥ့်အိုးကြီးကို မင်းဖဲဝိုင်းမှာ ဖဲရှုံးလို့ ငွေငါးရာမဆပ်နိုင်တာနဲ့ လာသယ်သွားတာဆို။ မင်းကွာ ရှိတဲ့ပစ္စည်းတွေလည်း ပြောင်ပြီ။ နောင်တရမှပေါ့ကွာ။ ပြီးတော့ မင်းတို့ငါတို့အရွယ်တွေက တရားဖက်ကြရမယ့်အရွယ်တွေ''

''အေးပါကွာ။ ငါလည်း ဝါသနာကိုမစွန့်နိုင်လို့ ခုလိုဖြစ်ရတာပါ။ တဖြည်းဖြည်း မျှဥ်းပြီးဖြတ်ပါ့မယ်ကွာ။ ခုတောင်ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ငွေငါးရာလောက် ချေးလိုက်ပါဦးကွာ…။ ငါရှုံးထားတာတွေ အသုဘအိမ်ဖဲဝိုင်းမှာ ရင်းစားပြန်ရအောင် ရိုက်ချင်သေးလို့ပါ"

ငွေကိုသာ အတွင်ချေးနေသော ဦးဘကွန်းကို ဦးကံအေးပါ စိတ်ပျက်သွားလေသည်။

"ဝုတ် ဝုတ် ဝု ရူ အူး"

ထိုစဉ် ဦးဘကွန်းမွေးထားသော ခွေးကြီးငနီမှာ ရန်လုံနှင့်ဆော့ကစားနေရာမှ ဦးဘကွန်းဆီပြေးလာပြီး ပွတ်သီးပွတ်သပ်လုပ်ကာ အစာတောင်းပါလေတော့သည်။

ခွေးမွေးတတ်သူများပီပီ ခွေးအထာကိုသိနေသော ဦးကံအေးက သူ့မိန်းမ ဒေါ်နှင်းမြအား လှမ်း၍ပြောလိုက်သည်။

"ဘကွန်း ခွေးငနီကြီး ထမင်းမစားရသေးဘူးနဲ့တူတယ်။ နှင်းမြရေ ရှိတာလေးနယ်ဖတ်ပြီး ကျွေးလိုက်ပါဦး။ ဘကွန်းနဲ့ငါတို့ဟာ လူသူငယ်ချင်းတွေဖြစ်သလို ဘကွန်းခွေးငနီနဲ့ ငါတို့အိမ်က ရန်လုံတို့လည်း ခွေးသူငယ်ချင်းတွေပဲဟာ။ တစ်ကောင်စားရရင် တစ်ကောင်လည်း စားရပါစေပေါ့ကွာ။ ငနီလည်း ခုတလော တို့အိမ်မှာချည်းလိုလိုပဲ"

"အိမ်မှာချည်းပဲလိုလို ဖြစ်နေမှာပေါ့ရှင်။ သူ့သခင်ကအိမ်မကပ်တော့ သူ့မှာလည်း နပ်မှန်အောင်တောင်မှ စားရတာမှမဟုတ်ဘဲ။ လာ လာ ငနီ နင့်မှာလည်း စားချိန်မစားရ၊ တစ်ဒုက္ခပါပဲ။ ခွေးဖြစ်ရတဲ့အထဲ ကံကဆိုးရှာသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းမြကပြောဆိုပြီး ထသွားကာ မီးဖိုထဲမှ ထမင်းကျန်ဟင်းကျန်များကို နယ်ဖတ်၍ အိမ်အောက်ရှိ ခွေးစာခွက်ထဲတွင် ထည့်ကျွေးနေပြန်သည်။

× × ×

(လေး)

ဦးဘကွန်းနှင့် ဦးကံအေး ဒေါ်နှင်းမြတို့လင်မယားမှာ တစ်ရွာတည်းသား ငယ်သူငယ်ချင်းတွေဖြစ်ကြသည်။

ယခင်က သူတို့မှာ ခြံကျယ်ကြီးများဖြင့် ခြံထွက်သီးနှံနှင့် ပန်းပင်များစိုက်ကာ ဝင်ငွေကောင်းခဲ့ကြသည်။ ခြံသမားဆိုတာက မပျင်းမရိ ရာသီအလိုက် စိုက်ပျိုးနေလျှင် ငွေရှင်သူများဖြစ်ကြသည်။

သူတို့တစ်တွေ မိရိုးဖလာ ခြံကြီးတွေပိုင်ဆိုင်ခဲ့ကြသူများဖြစ်ကာ ခြံစိုက်ရင်းဖြင့် သားသမီးတွေကြီးပြင်းအောင် မွေးမြူနိုင်ခဲ့ကြသည်။

ဦးဘကွန်းက ငယ်စဉ်ကတည်းက အသောက်အစား၊ လောင်းကစားဖက်၍ ဦးဘကွန်း၏မိန်းမ ဒေါ်စိန်မေကချည်းပဲ ခြံလုပ်ငန်းများကို ဂရုတစိုက် အပင်ပန်းခံလုပ်နိုင်ခဲ့၍သာ ဦးဘကွန်းသားသမီးတွေ ဒုက္ခမရောက်ခဲ့ခြင်းဖြစ်၏။ ဒေါ်စိန်မေ သေဆုံးသွားချိန်မှာ သားသမီးတွေလည်း အရွယ်ရောက်ကြပြီမို့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရက်သားပြုကာ မြို့ပေါ်တက် စီးပွားရှာရင်း မြို့ပေါ်သွား ရောက် နေထိုင်ကြတော့သည်။

ဦးကံအေး၊ ဒေါ်နှင်းမြတို့လည်း ဦးဘကွန်းတို့နည်းတူပင် သားသမီးများ အတောင်အခက်စုံပြီဖြစ်ရကား မြို့ပေါ်တက်၍ စီးပွားရှာကြသူတွေ၊ အစိုးရဝန်ထမ်းလုပ်သူတွေ လုပ်ကုန်ကြလေ ပြီ။

သူတို့ အဘိုးကြီးအဘွားကြီးတွေသာ မူလစိုက်ပျိုးစား သောက်ရာရွာရှိ ခြံကြီးတွေမှာ ကျန်ရစ်ခဲ့ကြရတော့သည်။ သား သမီးတွေက မြို့ကိုခေါ်သော်လည်း သူတို့မှာ မနေနိုင်ကြပြန်။

"နင်တို့မြို့မှာ မွန်းမွန်းကြပ်ကြပ်နဲ့ မနေတတ်ပါဘူးအေ။ ငါတို့တောမှာပဲ နေကျင့်ရနေပါပြီ။ ပြီးတော့ ငါတို့သေရင်လည်း အဘိုးအဘွား၊ အဖေအမေတွေခေါင်းချခဲ့တဲ့ သင်္ချိုင်းမှာပဲ သေပါရ စေတော့ကွယ်"

ဦးကံအေးနှင့် ဒေါ်နှင်းမြတို့မှာ တောသူတောင်သား သဘာဝအရ ရွာနှင့်ခြံမှာ အနေမပျက် နေနေရသော်လည်း ဦးဘ ကွန်းမှာက ထိုသို့မဟုတ်။ ဦးဘကွန်း၏ အသောက်အစား မဖျောက်နိုင်သောဉာဉ်၊ လောင်းကစားမစွန့်နိုင်သော အကျင့်တွေ ကြောင့် မြို့ပေါ်တက်သွားလျှင် တာရှည်နေ၍မဖြစ်။

သားအိမ်သွားနေလျှင် သူစိမ်းဖြစ်သောချွေးမကို မျက်နှာ ပူစရာဖြစ်ခဲ့သည်။ သမီးအိမ်နေပြန်ပါကလည်း သားမက်တွေ



www.burmeseclassic.com

www.burmeseclassic.com



အနေခက်ပြန်သည်။ မြေးတွေအတွက် စံနမူနာယူစရာ ဘိုးအေကောင်းတစ်ယောက် ဖြစ်မလာနိုင်သောသူကို ဘယ်သားသမီးအိမ်ကမှ ကြာကြာလက်ခံထား၍ မဖြစ်ကြ။

ယင်းကြောင့်ပင် ဦးဘကွန်း မြို့ပေါ်မှာ သွားမနေနိုင်တော့ဘဲ သူ့ရွာ၊ သူ့ခြံမှာ ပြန်နေမြဲ နေနေရခြင်းဖြစ်၏။

အစက စိုက်ပျိုး၍ စားလောက်အောင် တစ်ဧကလောက်ရှိသော ခြံကြီးမှာ ဦးဘကွန်း တတိတတိနှင့် ဖဲ့၍ရောင်းသည်မှာ ယခုအခါ၌ ပေငါးဆယ်ပတ်လည်သာ ကျန်တော့သည်။

ထိုပေငါးဆယ်ပတ်လည် ခြံကြီးထဲမှာပင် သီးပင်စားပင်များကိုတောင်မှ ဦးဘကွန်း မခူးရဲ၊ မဆွတ်ရဲတော့။ သူပိုင်မဟုတ်တော့ဘဲ ပေါင်နှံထားရလေပြီ။

ဦးဘကွန်းမှာ ဦးကံအေးတို့ထံမှ ငွေချေး၍မရသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်ကာ သူ၏အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။

သူရင်းတွေဖြစ်၍ နှစ်ခြံတစ်ခြံဖြစ်နေသော အလယ်မှခြားထားသည့် ခြံစည်းရိုး၏ မလွယ်ပေါက်ဝါးတံခါးပေါက်ကို မဖွင့်ပြီး သူ့အိမ်ဘက်သို့ ဝင်လာခဲ့သည်။

အိမ်သို့ပြန်အရောက်မှာ သူ့ခြံထဲဝင်လာသော အရက်ပုန်းဆိုင်ရှင်ကိုပိန်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားသည်။

"ဟာ…ဦးဘကွန်း ခင်ဗျားကို တွေ့မှတွေ့ပါ့မလားလို့။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဆီက ဗမာကြက်ဝယ်ချင်လို့ဗျာ”

“ဘယ်ရှိမလဲ ငပိန်ရ”

“ဗျာ…ဗမာကြက်ဥတော့ရှိပြီး ဗမာကြက်တော့မရှိဘူး ဟုတ်လား”

ဦးဘကွန်း သူ့စကားပြော လောကြီးသွားမှန်း စဉ်းစားမိပြီး အမြန်ပြင်ပြောရသည်။

“ကြက်တွေက ခြံထဲမှ အစာလိုက်စားနေလို့ မရှိဘူးလို့ ပြောတာပါ”

“ဒါဆို မနက်ကျရင် ဗမာကြက်ဖတစ်ကောင် ဖမ်းယူခဲ့ဗျာ။ မြို့ပေါ်ကနေ အသုဘကိုလာကြတဲ့ သူတို့ဆွေမျိုးတွေထဲက တစ်ယောက်က ဗမာတိုက်ကြက်ကောင်းကောင်း လိုချင်လို့တဲ့။ ကြက်ဖကောင်းကောင်းဆိုရင် ငွေမြိုးမြိုးမြက်မြက်ရမှာ။ အဲဒီလူတွေက ကြက်သမားတွေဗျ”

ကိုပိန်စကားကြောင့် ငွေလိုနေသော ဦးဘကွန်းမျက်လုံးထဲမှာ ဦးကံအေးနှင့် ဒေါ်နှင်းမြတို့ခြံထဲမှ ဗမာတိုက်ကြက်ဖများကို ပြေးမြင်လိုက်သည်။

“မင်းတို့လိုချင်တဲ့ တိုက်ကြက်ဖကို ညအိပ်တန်းတက်ချိန်ဖမ်းပြီး မနက်ကျတော့ ငါ မင်းဆိုင်ကို လာနေကျတိုင်း လာပို့မယ် ဖြစ်မလား”

“ဖြစ်တာပေါ့။ မနက် သူတို့အပြန် ကျူပ်ဆိုင်ဝင်စေ့



www.burmeseclassic.com

www.burmeseclassic.com



ကြရင်း ယူသွားကြဖို့ ကျုပ် ပြန်ချိန်းလိုက်မယ်"

"ဒါဆို စရံအဖြစ် ငါ့ကို ငွေတစ်ထောင်ပေးခဲ့။ ဈေးက ပုတ်ပြတ်ဈေး၊ တစ်ကောင်ငါးထောင်ပဲ ဖြစ်မလား"

"ကျုပ်အတွက် ပွဲစားခငါးရာပေးရင်ဖြစ်တယ်"

"ပေးမယ်ကွာ"

"ဒါဖြင့် ရော့ စရံတစ်ထောင်။ ခင်ဗျား လာဖြစ်အောင် လာနော်။ ကတိဖျက်ရင်တော့ ခင်ဗျားအိမ်ကသွပ်တွေကို ခွာ အရောင်းပဲ"

သို့ဖြင့် ဦးဘကွန်းနှင့် အရက်ဆိုင်ပိုင်ရှင် ကိုပိန်တို့က အရောင်းအဝယ် လွယ်လွယ်ကူကူဖြစ်သွားကြတော့သည်။

× × ×

(ငါး)

"ဘကွန်းတို့က ခေါင်းဖြူပေမယ့် ကျောင်းသူကိုတော့ ဝယ်နိုင်သေးသကွ"

ဦးဘကွန်းကြီးအသံက အသုဘအိမ် ဖဲဝိုင်းမှာ ညံထွက်နေသည်။

ညံထွက်နေမှာပေါ့။ ကိုပိန့်ဆီကငွေတစ်ထောင်ရရချင်း ဖဲရိုက်ချင်နေသော ဦးဘကွန်း ရေငတ်သူရေတွင်းထဲကျသလို ဖြစ်သွားကာ ဖဲလာရိုက်ရာမှ နိုင်ပြီးရင်းနိုင်နေခြင်းကြောင့် အူမြူး

www.burmeseclassic.com



နေခြင်းဖြစ်၏။ ပြီးတော့ ဖဲနိုင်သူကို ငွေမျက်နှာနှင့်ဖားတတ်သော လူ့အောက်တန်းတို့ထုံးစံအရ ဘေးမှ မျက်နှာလိုမျက်နှာရ တစ်ခွက်တစ်ဖလားတိုက်သူတွေရှိသဖြင့် အရက်ရှိန်ဖြင့် အူမြူးသလို ပါးစပ်ကရူးပြီး အရွယ်နှင့်မလိုက်အောင် ပြောချင်ရာစွတ်ပြောနေခြင်းဖြစ်သည်။

မကောင်းသော အလေ့အထနှင့် ယဉ်ပါးနေသူတွေကြားမှာ ထိုသို့သောစကားမျိုးကို မည်သူကမျှ ရိုင်းသည်ဟု အလေးထားပြောလေ့ရှိသူမရှိ။ သူ့ထက်ငါ စကားအတင်အစီး နှုတ်လျှာအကြမ်းပြိုင်နေသည့်နယ် ထင်ရသည်။

ဦးဘကွန်းရှေ့မှာ ငွေတွေပုံနေသည်။ ကိုပိန်ဆီကရလာသော ငွေတစ်ထောင်အပြင် ငွေတစ်သိန်းလောက်နိုင်နေလေပြီ။

ဖဲဝိုင်းတကာလည်ရိုက်၍ ဖဲသမားအထာကို ကျွမ်းကျင်နေပြီဖြစ်သော တင်မင်းကြီးက သွေးဆူနေသော ဦးဘကွန်းကို မခံချင်အောင် ဆွပေးလိုက်သည်။

"ဒီမှာ ဦးဘကွန်း တစ်ခါတစ်လေလေးနိုင်ရုံနဲ့ သိပ်ကြီးကျယ်ပြီး ဟောင်ပွာဟောင်ပွာ လုပ်မနေနဲ့။ ခင်ဗျား သတ္တိရှိရင် ခင်ဗျားရှေ့မှာချထားတဲ့ပိုက်ဆံနဲ့ တိုက်စားရိုက်ရဲသလား"

"သိပ်ရိုက်ရဲတာပေါ့ တင်မင်းရာ။ ဘကွန်းဆိုတဲ့ကောင်က မင်းလူမဖြစ်သေးခင်ကတည်းက ဖဲရိုက်လာတဲ့ကောင်။ သေအာရဲရဲတောက်ကွ။ ကဲ စိန်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပင် ဖဲရှုံး၍ ဦးဘကွန်းကြီးနောက်မှာထိုင်လျက် ဘိုင်ပွတ်ပွတ်နေသော လှကျော်စိန်က ဦးဘကွန်းကြီးအား လက်ကုတ်ကာ ပါးစပ်ဖြင့်လည်း ခပ်တိုးတိုးပြောသည်။

"ဦးဘကွန်းကြီး အကုန်မလုပ်နဲ့။ လေးငါးထောင် ခြေစောင့်လက်စောင့်ထားဦးလေ"

"ခွေးမသား ဖဲရှုံးရင် ငြိမ်ငြိမ်နေတာမဟုတ်ဘူး။ နိမိတ်မရှိ နမာမရှိ ပါးစပ်ပုပ်ကြီးနဲ့လာပြောတယ်။ ကဲ...ဟောဒီမှာ အောက်ရှိအကုန်ပဲ ထိုးတယ်ကွ"

သူ့အတွက်ပြောသော လှကျော်စိန်ကို တံတောင်နှင့် နောက်ပြန်တွတ်ရင်း ငွေပုံကြီးကို နိုင်ချိုပာန်တက် ရှေ့ကိုတိုးလိုက်သည်။

"ဟုတ်သားပဲကွ။ ဦးဘကွန်းကြီး ဖဲကတက်နေတာပဲ။ တစ်ဝိုင်းလုံးကပိုက်ဆံ သူ့ပိုက်ဆံဖြစ်နေပြီ။ ဒိုင်ကိုင်တဲ့တင်မင်းကြီးတောင် မြော့မြော့ပဲရှိတော့တယ်။ ဗျို့...ဦးဘကွန်း ကံဇာတာတက်နေတုန်း တင်မင်းကြီးကို အပြတ်သာဖြိုပစ်ဗျာ"

မစားရဝခမန်း မြှောက်ထားပင့်ကော်လုပ်ပေးသူတွေကလည်း ထိုနေရာမျိုးမှာ မရှားလှ။ သို့သော် ဦးဘကွန်းကြီးခမျာ ကံဇာတာစန်းလက် ကြာကြာတက်ခွင့်မကြုံလိုက်ပါ။ ထိုတစ်ချီမှာပင် ဒိုင်တင်မင်းကြီးက အောက်ရှိအကုန် စားသွားသဖြင့် တစ်ပြားတစ်ချပ်မျှပင် မကျန်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဦးဘကွန်းကြီး ကိုးကျနေတာကို ဒိုင်တင်မင်းကြီးက တစ်သုံးလုံးနဲ့စားသွားတယ်တဲ့ကွာ။ အံ့ရော…အံ့ရော"

ဒိုင်တင်မင်းကြီးက ဦးဘကွန်းရှေ့မှ ငွေတစ်သိန်းကျော်အပုံကြီးကိုသိမ်းရင်း -

"ဟဲ ဟဲ ဟဲ နောက်ဆုံးတော့ ကျော်ဟိန်းဟာ ကျော်ဟိန်းပါပဲကွာ။ မိုးပေါ်မှာနေမင်း၊ လူ့ပြည်မှာတင်မင်းတဲ့ကွ"

"ဦးဘကွန်းကြီး သနားပါတယ် ဘိုးတင်မင်းရယ်။ သူ့အရင်းတစ်ထောင်ကို ပြန်ပေးလိုက်ပါဗျာ"

"ကိုယ့်ကိုပြန်ထိုးမယ့်ဓားကို ကိုယ်က ပြန်သွေးပေးနေရင် ရာဇဝင်ရိုင်းသွားမှာပေါ့။ ငွေတစ်ထောင်တော့မပေးနိုင်ဘူး။ အရက်တစ်လုံးဖိုး ငွေတစ်ဆယ်တော့ ပြန်ပေးလိုက်မယ်"

ဦးဘကွန်းမှာ တင်မင်းစကားကြောင့် နာသာခံခက်ပိုဖြစ်သွားပြီး အရက်ဆိုင်ရှင်ကိုပိန်နှင့် သူ့ငွေရပေါက်ရလမ်း ဖန်တီးထားသည်ကို တွေးမိကာ -

"မင်းဆီက အရက်တစ်လုံးဖိုး ငွေတစ်ဆယ်ဘာလုပ်ဖို့လည်း။ ဒီမှာကွ ငွေဆိုတာ နတ်ပြည်မှာလည်းမရှိဘူး။ ငရဲပြည်မှာလည်း မရှိဘူး။ လူ့ပြည်မှာပဲရှိတယ်။ မင်းနဲ့ငါ မနက်ဖြန်ကျရင် ဒီဝိုင်းမှာ ပြန်တွေ့ကြသေးတာပေါ့ကွာ။ ဟုတ်လား နွားပျိုသန်လှနွားအိုပေါင်ကျိုးရုံလောက်ပေါ့ကွ"

× × ×

အရှေ့ဘုံကျောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



(ခြောက်)

ဦးဘကွန်းအဖို့ ထိုနေ့က နာရီပိုင်းအတွင်းမှာ လူတစ်ယောက် ကံကြမ္မာဆန်းကြယ်မှုတွေကို အရိပ်လက္ခဏာပြနေသည့် အဖြစ်အား တရားသမားမဟုတ်ဘဲ မိုက်တွင်းနက်နေသူမို့ ဆင်ခြင်၍ သတိတရားမရနိုင်။

အသုဘအိမ်မှအပြန် ကိုပိန့်ဆိုင်မှာ အရက်တစ်ပိုင်းဝင်သောက်ကာ ညရေးညတာအတွက် တစ်လုံး အကြွေးဆွဲခဲ့ပြီး အိမ်သို့ပြန်လာရာ လမ်း၌ ဦးကံအေးကို ငှက်ပျောခိုင်ထမ်းလျက် ဒေါ်နှင်းမြအား မချစ်စုသရက်သီးခြင်းဆွဲအလာ ခရီးဆောင်အိတ်တစ်လုံးနှင့် တွေ့လိုက်ရလေသည်။

"ဟော့…ဘကွန်း ထုံးစံအတိုင်း အရက်ဆိုင်ကပြန်လာတာပဲမဟုတ်လား။ မင်းတော့ ခက်နေပါပြီ။ မြို့ပေါ်ရောက်လို့ မင်းရဲ့သားသမီးတွေ မင်းကိုမေးလာရင် ငါတို့ ဘယ်လိုပြောရမှန်း မသိတော့ဘူး"

"နင်တို့အဖေ မုဆိုးဖိုကြီးတစ်ယောက်ထဲ ပျော်သလိုသာ နေနေတယ်လို့ပဲ ပြောလိုက်ကြပေါ့ကွာ။ ဒါထက် မင်းတို့က မြို့ပေါ်သွားမလို့လား။ ဆိုင်းမဆင့်မုံမဆင့်ပါလားကွ"

"အေး…ငါ့သမီးတစ်ယောက် မျက်နှာမြင်တယ်ဆိုလို့ဟော့"

"ဟာ…သမီးမျက်နှာမြင်တာများ အဆန်းလုပ်လို့။



www.burmeseclassic.com

ယောက်ျားယူရင် ကလေးမွေးမှာပေါ့။ ဒါ ဓမ္မတာပဲဟာ”

ဦးကံအေးတို့လင်မယားနှင့် ဦးဘကွန်းကြီးတို့ တာလမ်းကြီးပေါ်တွင် စကားရပ်ပြောနေစဉ် လှကျော့စိန်မှာ မြို့မှရောက်လာသော မျက်နှာစိမ်းဖဲ့သမားတစ်ယောက်အား အဖေ်ပြု၍ ရက်ဆိုင်ဘက်သို့ အလာလမ်းအချိုးအကွေ့မှာ ကြုံဖြစ်သွားသည်။ လှကျော့စိန်က သူ့အဖေ်အား ရုတ်တရက် လက်ဆွဲကာ တစ်ပင်ကွယ်ကြီးအနား ဝင်ရပ်ပြီး နားစွင့်နေလိုက်သည်ကို ဦးကံအေးတို့ မသိလိုက်ဘဲ စကားဆက်နေမိ၏။

“ဓမ္မတာတော့ ဓမ္မတာပေါ့ကွာ။ အဲဒီဓမ္မတာဟာ တို့အတွက် ရုတ္တနာကွ။ ငါ့သမီးအကြီးဟာ မိန်းကလေးတွေချည်း ယောက်မွေးတာကွ။ ခုသုံးယောက်မြောက် ယောက်ျားလေးမွေးတယ်လေ။ မြေးမလေးတွေအတွက် နားထွင်းမင်္ဂလာလုပ်ရမှာလိုပဲ မြေးယောက်ျားလေးမွေးတော့ သူကြီးလာရင် ရှင်ပြုမင်္ဂလာလုပ်ရအောင် ရတနာထပ်တိုးလို့ တို့အတွက် အလေးထားစရာတစ်ခုပေါ့”

“အေးအေး ဒါဆိုလည်း ဟုတ်နေတာပဲ။ ဒါပေမယ့် ဒေါ်တုတ် ဒီညနေစာ မင်းတို့အိမ်ဘက်ကူးပြီးစားမလို့ စိတ်ကူးထားတာ မင်းတို့မြို့တက်သွားတော့ ငါ့အတွက် ညနေစာဒုက္ခပဲ”

“ရှင့်မလဲ အမိကကျတဲ့ ထမင်းဟင်းကိုတော့ မှန်မှန်ဘယ်မစားချင်ဘူး။ အရက်တော့ မှန်မှန်သောက်နေတာပဲ။ ရှင့်အကြောင်းသိနေတဲ့ ရှင့်သူငယ်ချင်း ကိုကံအေးကပြောလို့ ကျွန်မ

www.burmeseclassic.com



ရှင့်အတွက် ထမင်းဟင်းထည့်ပြီး ရှင့်အိမ်မှာ သွားပို့ထားပါတယ်။ ဘုန်းရှင်ကံရှင်ကြီးရေ။ ကဲ မြို့ကို ကားဖြုံမီအောင် ကားလမ်းကို ထွက်လိုက်ဦးမယ်။ ကျုပ်တို့ခြံလည်း ညရေးညတာ ကြည့်ထား လိုက်ပါရှင်။ အသုဘအိမ်မှာ ဖဲဝိုင်းကရှိနေတော့ သူခိုးသူဝှက်ပေါ် လှတယ်''

ဒေါ်နှင်းမြ ဦးဘကွန်းအား ယုံကြည်စိတ်ချစွာပြောပြီး ဦးကံအေးနှင့်အတူ ရွာနှင့်ခပ်လှမ်းလှမ်းတွင်ရှိသော ကားလမ်း ကြီးဘက်သို့ ရွာလယ်တာလမ်းအတိုင်း ထွက်သွားသည်ကိုကြည့် ကာ ဦးဘကွန်းကြီးမှာ ကျေနပ်စွာပြုံးလိုက်မိချေသည်။

× × ×

(ခုနစ်)

ဦးဘကွန်းသည် သူ့ကိုယ်သူ ယခုအချိန်အထိ ကံဇာတာ ဆန်းတက်သည့်အချိန် မကုန်သေးဟု အရက်မူးရင်း တွေးနေ သေးသည်။

ကြက်ဖကိုဖမ်းရမည်မှာ ကြက်ဥခိုးရသလို လွယ်လိ မည်မဟုတ်။

အသက်ရှင်လျက်အကောင်ဖြစ်နေ၍ အော်သံပြုနိုင်သည် ဗမာတိုက်ကြက်မို့ သူ့ကိုထိလျှင် မှောင်ထဲမှာဖြစ်ပေမည့် အသ ပါက ဖျပ်ဖျပ်ခတ်ပြီး ပြန်၍ခွပ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အိမ်ရှင်ဖြစ်သော ကိုကံအေးနှင့် မနှင်းမြတို့နိုးသွားပြီး ပြဿနာတက်နိုင်သည်။

ခုတော့ ထိုသို့မဟုတ်တော့ပြီ။ သူကံဇာတာ ဆန်းတက်နေသော အိမ်ရှင်တွေကပင် အလိုလိုရှောင်တိမ်းပေးရသလို အကြောင်းကဖန်လာသည်။

ဦးဘကွန်း၊ ဦးကံအေးတို့လင်မယားပို့ပေးသွားသော ပဲကြီးနှပ်နှင့် ငါးခြောက်ထောင်းကြော်ကို ညနေစာထမင်းအဖြစ် မြိန်ရေရှက်ရေစားပြီး ငါးခြောက်ထောင်းကြော်အနည်းငယ်အား ညပိုင်းအရက်ထသောက်လျှင်မြည်းရန် အမြည်းအဖြစ် ချန်ထားလိုက်ပါသေးသည်။

ညနေ နေဝင်ရီတရော ကြက်တွေအိပ်တန်းတက်ချိန်မှာ ဦးကံအေးခြံဘက်သွားပြီး ကြက်ဖတွေအိပ်တန်းတက်သည့် နေရာများအား လိုက်လံကြည့်ရှုမှတ်သားထားလိုက်သည်။

ကြက်မတွေအတွက် ဥတွေကို မြွေ၊ ကြွက်၊ မြွေပါရန်သူတွေရန်ကကင်းအောင် ခြံကလေး သီးသန့်ဆောက်ပေးထားပြီး ကြက်ဖတွေကျတော့ သစ်ပင်တွေပေါ်မှာ အိပ်တန်းတက်ကြရသည်။ ဗမာကြက်ဖတို့မည်သည် လွတ်လွတ်လပ်လပ် အိပ်တန်းတက်မှ သန်စွမ်းတတ်သည်။

အနိမ့်ဆုံးသစ်ကိုင်းပေါ် အိပ်တန်းတက်နေသော ကြက်ဖတစ်ကောင်၏အနေအထားကို မှတ်သားထားကာ ဦးဘကွန်းအိမ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ပြန်ကူးကာ အရက်ထပ်သောက်ပြီး တစ်ရေးတစ်မော အိပ်လိုက်သည်။

ကွပ်ပျစ်ပေါ် ခေါင်းချလိုက်သည်နှင့် လေကလေးတဖြူး ဖြူးနှင့်မို့ ဦးဘကွန်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။

"အော့ အီး အီး အွတ်"

အိပ်ကောင်းကောင်းနှင့် အိပ်ပျော်သွားရာက ဦးကံအေး တို့အိမ်ဘက်မှ ကြက်တွန်သံကြောင့် ဦးဘကွန်းကနိုးလာသည်။ ကြက်တွန်သံက ဦးဘကွန်းကြီးအား "ဘကွန်းရေ လာပါတော့" ဟု ဖိတ်ခေါ်နေသလို နားဝင်ချိုလွန်းလှကာ ကိုပိန့်ဆီမှရလာမည့် ငွေ သုံးလေးထောင်နှင့် အသုဘဖဲဝိုင်းမှ ငွေတွေကို မျက်လုံးထဲမှာ မြင်ယောင်လာခဲ့ပြန်သည်။

ဦးဘကွန်း ကွပ်ပျစ်ပေါ်မှဆင်းလိုက်သည်။ ဦးဘကွန်း ကွပ်ပျစ်အောက်သို့ ရောက်အသွား၊ ခွေးတွေ ဦးကံအေးတို့ခြံဘက် မှ ဆူးဆူးဝါးဝါးဟောင်သံကို ကြားလိုက်ရပြန်သည်။

"ဝေါင်း ဝုတ် ဝုတ်"

"ဝုတ် ဝုတ် ဝူး အူး"

ကြက်တွန်သံက သာယာသမလောက် ခွေးတွေဟောင်သံ က ကျက်သရေကင်းမဲ့လှသည်။ ယယ်စဉ်ကတည်းက ဇရှိသော ဦးဘကွန်း ကွပ်ပျစ်ပေါ်မှ သူဆောင်နေကျဓားမြှောင်ကို လိုရမယ် ရကောက်ယူကာ ခါးကြားထိုးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဦးဘကွန်း ဒေါနှင်းမြတို့ခြံမှာ သရဲမွေးထားသည်ဆိုတာကိုတော့ သူသတိရလိုက်သည်။ သို့သော် အဲဒီသရဲကိုသူမကြောက်တော့။ သူကနိုးနေကျဖြစ်၍ အဲဒီသရဲနှင့် ယဉ်ပါးနေလောက်ပြီဟုထင်သည်။

သို့သော် ဘာကြောင့်မှန်းမသိ။ ခွေးနှစ်ကောင်ဟောင်သံများကို ထပ်မံ၍မကြားရတော့ဘဲ တိတ်ဆိတ်သွားပြန်သည်။

"အော့ အီး အီး အွတ်"

ကြက်တွန်သံတွေ ထပ်ကြားရ၍ သူ့မျက်လုံးထဲမှာ ငွေတွေမြင်လာပြန်သည်။

ဦးဘကွန်း၏ခြေလှမ်းတွေ ခြံစည်းရိုးအစပ်သို့ ရောက်သွားသည်။

ဦးကံအေးတို့ခြံဘက်ကူးရန် ခေါက်ထားသောမလွယ်ပေါက်မှာ ဝါးကပ်တံခါးကို အသာလှပ်၍ တစ်ဖက်ခြံသို့ကူးလိုက်သည်။

ဦးကံအေးတို့အိမ်နှင့် ကြက်ခြံမှာ နီးကပ်နေသလို သူညနေကမှတ်သားထားသော တိုက်ကြက်ဖအိပ်တန်းတက်ရာ သစ်ပင်မှာလည်း အိမ်နှင့်ကပ်နေသည်။

ထို့ကြောင့် ဦးဘကွန်းသည် ဦးကံအေးတို့အိမ်ကြီးဘက်သို့ အမှောင်ထဲမှာ အသာလျှောက်လှမ်းလာသည်။

"အီ အီ·အီ ရူး ခရူး"



www.burmeseclassic.com

www.burmeseclassic.com



ခွေးနှစ်ကောင်၏ ပုံမှန်မရသော အသက်ရှူသံခပ်ပြင်းပြင်းကြောင့် ဦးဘကွန်း၏လှမ်းနေသော ခြေလှမ်းတွေတုံ့သွားသည်။

"အော့ အီး အီး အွတ်"

"အွတ်"

ကြက်အော်သံ အော့အီးအီးအွတ်နောက်မှ နောက်ဆက်တွဲအဖြစ် ဦးဘကွန်း၏ပါးစပ်မှ အွတ်ဟူသော မချိမဆန့်အသံကြီးထွက်လာပြီးနောက် ဦးဘကွန်းခန္ဓာကိုယ်ကြီး ယိုင်ထွက်သွား၏။

အိမ်ဘက်မှ မည်းမည်းအရာကြီးတစ်ခု ပြေးထွက်လာပြီးဦးဘကွန်းကို သိမ်း၍ရိုက်လိုက်ရာ ဦးဘကွန်းမှာ ကျင့်သားရနေသူပီပီ ယို့အရှောင် ဦးခေါင်းကိုမထိဘဲ ကျောကုန်းကို ထိသွားခြင်းဖြစ်၍ ပါးစပ်မှ အွတ်ခနဲအသံကြီး ထွက်သွားရခြင်းပင်။

သတိရှိနေသော ဦးဘကွန်းလက်ထဲမှ ဓားမြှောင်ဖြင့်ထိုမည်းမည်းအရာကြီးကို ဝင်ပူး၍အထိုး သူတစ်ပြန်ကိုယ်တစ်ပြန်ဖြစ်ကာ လဲကျသွားသည်။

ထိုသို့လဲကျသွားစဉ် ဦးဘကွန်း၏ဦးခေါင်းဆီသို့ နောက်ထပ် တုတ်ချက်များကျရောက်လာကာ -

"အောင်မလေး ကယ်ကြပါဦးဗျာ"

မချိမခွဲသန့်အော်သံကြီး ထွက်ပေါ်လာပြီးလျှင် သံလစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(ရှစ်)

"ကျုပ်သူငယ်ချင်း ကိုဘကွန်းဟာ သူ့ဘာသာ ဆိုးတေနေပေမယ့် ကျုပ်တို့အပေါ် အင်မတန်သစ္စာရှိတဲ့ သူငယ်ချင်းကြီးပဲ။ ကျုပ်တို့လင်မယား မြို့ပေါ်အသွား သူကိုခြံအပ်ခဲ့တုန်း ဖဲသမားသူခိုးလူကျော်စိန်တို့ ကျုပ်အိမ်ဖောက်ထွင်းပြီး ဝင်အခိုးမှာ သူနဲ့တွေ့ပြီး အသက်စွန့်သွားရတာ စိတ်မကောင်းစရာဗျာ"

"ဟုတ်တယ်ရှင့် သူ့အသုဘ ကောင်းကောင်းမွန်မွန်ဖြစ်အောင် ကျွန်မတို့ အကုန်အကျခံမယ်။ သူ ဘဝကူးကောင်းအောင် ကျွန်မတို့ သူ့အတွက်ရည်စူးပြီး အလှူအတန်းပြုပေးမယ်"

သူတို့ခြံထဲတွင် ဦးခေါင်းဒဏ်ရာဒဏ်ချက်များဖြင့် သေဆုံးနေသော ဦးဘကွန်းကြီး၏ အလောင်းကို တွေ့ကြရသဖြင့် ဦးကံအေးနှင့်ဒေါ်နှင်းမြတို့က အကြောင်းရင်းကိုမသိဘဲ တရားသမားများပီပီ စေတနာစကားပြောကာ ဦးဘကွန်းကြီးအတွက် ထူကျုံးမရဖြစ်နေကြသည်။

"ကျုပ်တို့လည်း ရွာမှာ အသုဘပေါ်လို့ ဖဲဝိုင်းရှိနေတော့ သူစိမ်း အဝင်အထွက် ဂရုတစိုက်ကြည့်ပြီး ညရေးညတာကင်းလှည့်နေတုန်း ခင်ဗျားတို့ခြံဘက်က ဦးဘကွန်းကြီးရဲ့အော်သံကို ကြားလို့ ပြေးအလာ ဖဲသမားဆောင်ထွက်သူခိုး ဦးကျော်စိန်ဓားဒဏ်ရာနဲ့ ပြေးထွက်အလာကိုကြုံပြီး ဖမ်းလိုက်နိုင်တာပဲ။ ဦးဘကွန်းကြီးဟာ တစ်သက်လုံးဆိုးခဲ့ပေမယ့် ဒီတစ်ခါတော့



www.burmeseclassic.com

www.burmeseclassic.com



သူနာမည်သူ အဖတ်ဆည်သွားတာပဲ။ သူကြောင့် ရဲဘက်ပြေး
မည်ကြီးလူဆိုး စားမြင့်ဝင်းကိုတောင် ဖမ်းမိလိုက်သေးတယ်"

"ဖဲသမားလှကျော်စိန်နဲ့ အပေါင်းအပါဖြစ်တဲ့ ရဲဘက်
ပြေး စားမြင့်ဝင်းဟာ ဝါရင့်သူခိုး ပီသပါပေတယ်။ ဦးကံအေး
ထဲက ခွေးဟောင်မှန်းသိပြီး ခွေးတွေမဟောင်နိုင်အောင် အင်ဒရင်
ပါတဲ့ အမဲသားတုံးပစ်ကျွေးပြီး ခွေးတွေသေတော့မှ အိမ်ထဲကို
အေးအေးဆေးဆေးဝင်ပြီး ခိုးမယ်အလုပ်မှာ ဦးဘကွန်းကြီးနဲ့ တွေ့
သွားတာပဲ။ အသားထဲကလောက် ဖဲသမားလှကျော်စိန်တော့ ဆေး
ရုံမှာ ဦးဘကွန်းကြီးစားချက်နဲ့ သေတမ်းစစ်ချက်ယူထားရတာ
ဦးဘကွန်းကြီး အသုဘချတဲ့နေ့မှာပဲ အသက်ထွက်သွားတယ်"

ဦးဘကွန်းကြီး အသုဘချပြီးသည့်နောက် ဦးကံအေးနှင့်
ဒေါ်နှင်းမြတို့အိမ်မှာ သူကြီး၊ ရာအိမ်မှူးများနှင့် အိမ်ရှင်တွေ
ဦးဘကွန်းကြီးအကြောင်း ပြောဆိုချီးမွမ်းနေကြစဉ် ထိုအကြောင်း
ရင်းခံကို သိသလိုလို၊ မသိသလိုလိုရှိနေသော အရက်ပုန်းရောင်းသူ
ကိုပိန်မှာ "တော်တော်မကောင်းတဲ့လူကြီး သေတာတောင်မှ ငါ့ဆီ
က ငွေတစ်ထောင် အချောင်အဆစ်ပါသွားသေးတယ်" ဟူ၍ မချိ
တင်ကဲ နှမြောတသစွာ တွေးနေမိလေသည်။

အမှန်တော့…

ဦးဘကွန်း ဒေါ်နှင်းမြတို့၏ခြံထဲသို့ အကြံတူညဉ့်ဘက်
ဝင်ရောက်ခိုးဝှက်ကြမည့် သူတို့ကို ဦးဘကွန်းခြံထဲမှာ ဖွဲ့ထား



www.burmeseclassic.com

www.burmeseclassic.com




သော သရဲက ဝင်စီးပြီး ထိုဖြစ်ရပ်ဆိုးကြီး ကြုံဆုံသွားရခြင်းကို သူတို့အားလုံး မတွေးမိကြခြင်းပင်တည်း။

နတ်စက်ရှိန်



www.burmeseclassic.com

www.burmeseclassic.com



# ခေါင်းအတွင်းမှ ပျောက်သွားသော အလောင်း

ကျော်မင်းနိုင်

ထိုညသည် လကွယ်ညဖြစ်၏။

တလောကလုံး မှောင်ပိန်းနေသည်။

မိုးကောင်းကင်မှာပင် ကြယ်တစ်ပွင့်တစ်ခုလေးမျှမရှိ၊ မိုးသက်လေကလည်း တသုန်သုန်တိုက်ခတ်လျက်ရှိ၏။

မိုးတွင်းကာလ ညအချိန်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



မိုးအုံ့နေသော်လည်း မိုးမရွာသေး။

နေ့လယ်နှင့် ညနေပိုင်းက မိုးသည်းသည်းမည်းမည်းရွာထားလိုက်သေးသည်။

ကျောင်းအနောက်ဘက် ချောင်းရိုးရေလျှံလျက်ရှိ၏။

ကာလမှာ လွတ်လပ်ရေးပြီးစကာလ။ နှစ်အားဖြင့်ဆိုလျှင် ၁၉၅၀ ခုနှစ် ဝန်းကျင်ဖြစ်၏။

အုပ်ချုပ်ရေး အပြောင်းအလဲ၊ နိုင်ငံရေးအဖွဲ့အစည်း အပြောင်းအလဲများကြောင့် ကျေးလက်တောရွာများတွင် အုပ်ချုပ်ရေးပိုင်းက အထိုင်မကျသေး။

ရောင်စုံသောင်းကျန်းသူတွေကလည်း ရန်ကုန်နှင့်ဝေးသော အရပ်တွေမှာ သူတလူငါတမင်းလုပ်လျက်ရှိသည်။ ကွန်မြူနစ် ရဲဘော်ဖြူ၊ အလံနီ ကေအင်ဒီအိုစသည်ဖြင့် စုံလှသည်။

သခင်သန်းထွန်း၏ ကွန်မြူနစ်၊ အလံနီဆိုတာက သခင်စိုး ကွန်မြူနစ်၊ ကေအင်ဒီအိုဆိုတာက ကရင်သောင်းကျန်း သူတွေကို ဆိုလိုသည်။ ၎င်းတို့သည် အစိုးရတပ်ကိုလည်း လစ်လျှင်လစ် သလို ဝင်တိုက်သည်။ သူတို့အချင်းချင်းလည်းတိုက်သည်။

သူ့ဘက်ကိုယ့်ဘက် လစ်လျှင်လစ်သလို တွယ်ကြ၍ ကျေးလက်ပြည်သူများ ကောင်းမွန်စွာနေထိုင်လုပ်ကိုင်စားသောက်၍ မရနိုင်ကြ။ ကြားထဲက မြေဇာပင်ဖြစ်ကြရပြီး သေလူသေ ကျေသူကျေဘဝနှင့် အိုးပစ်အိမ်ပစ် ပြေးကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ ရန်ကုန်မြို့ပေါ်သို့ စွန့်စား၍ တက်ပြေးကြရသည်။

အခြေအနေက ဘယ်၍ဘယ်မျှ ဆိုးဝါးနေသည်ဆိုရလျှင် ရန်ကုန်တစ်ဖက်ကမ်းရှိ ဒလမြို့မှာပင် အေးအေးချမ်းချမ်းမရှိ။ ရဲဘော်ဖြူကဝင်လိုက်၊ ရဲဘော်နီကဝင်လိုက် ဖြစ်နေ၏။

ရန်ကုန်မြောက်ပိုင်း အင်းစိန်ဆိုလျှင် ကေအင်ဒီအိုတို့ ကြီးစိုးထားသည်။

ထိုခေတ်မှာ တစ်ဖက်နှင့်တစ်ဖက် တိုက်ပွဲဖြစ်ပြီး လူသေရသည်မှာ မဆန်းတော့။ တိုက်ပွဲဖြစ်ပြီဟေ့ဆိုလျှင် လူတွေသေရသည်ချည်း။ ဆေးရုံရောက်သည့်အလောင်းရောက်သည်။ မရောက်နိုင်သည့်အလောင်းလည်း ရှိသည်။ ဆေးရုံနှင့်ဝေးပါက ထိုစဉ်က အုပ်ချုပ်ရေး ဩဇာအာဏာရှိမည်ထင်သူကို အကြောင်းကြားပြီး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သချိုင်းကုန်းမှာတွင်းတူးပြီး အမြန်မြှုပ်နှံ သင်္ဂြိုဟ်ရသူတွေရှိသည်။

တချို့ရွာတွေမှာ ပြည်တွင်းစစ်၏ ငြိမ်းအေးမှုမရှိခြင်းကြောင့် ဘုန်းတော်ကြီးကျောင်းများ၌ပင် သံဃာများမရှိဘဲ ကျောင်းပစ်ကန်ပစ် ပြေးရသော သံဃာတော်များပင်ရှိကြသည်။

ထိုသို့သောရွာများတွင် သင်္ဂြိုဟ်သည့်အခါ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်းစဉ်လာအရ သရဏဂုံတင်ပေးမည့်သံဃာပင်မရှိဖြစ်သလို သင်္ဂြိုဟ်လိုက်ရသူတွေရှိသည်။

ယခုလည်း ကမာကဆစ်ဆာပါချောင်ဘက်ရှိ ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးကျောင်းရှိပါလျက် သံဃာကမရှိပြန်။ သံဃာအချို့လည်း ကမာကဆစ်ဘက်မှရွှေ၍ ကမာကဆစ်၏အရှေ့ပိုင်းဟုခေါ်သော ကမာကသွယ်ရွာ ဘုန်းတော်ကြီးကျောင်းမှာ လာရောက်စုပေါင်း သီတင်းသုံးကြသည်။

ကမာကဆစ်ဘက်မှ ကွန်မြူနစ်ကြီးစိုးထား၍ ကမာက သွယ်ကျောင်းတွင် လာရောက်ပူးပေါင်းနေထိုင်ပြီး သီတင်းသုံးနေ ကြရသည်။

ကမာကဆစ်တွင် သင်္ချိုင်းဟူ၍ ကမာကဆစ်အလယ် ပိုင်းတွင်မရှိ။ ကမာကဆစ်၏အနောက်ပိုင်းတွင်ရှိသည်။ ကမာ ကဆစ်အရှေ့ပိုင်းဟုခေါ်သော ကမာကသွယ်ရွာကြီးတွင်ရှိသည်။

ထိုစဉ်က ကမာကသွယ်သင်္ချိုင်းမှာ ယခုကမာကသွယ် အရှေ့ကျောင်း၏ အနောက်ဘက်၌ရှိသည်။ သင်္ချိုင်းနှင့် ကျောင်းခြံ စည်းရိုးမှာ ဆက်နေသည်။ ရုံကောင်းသော ကြခတ်ဝါးရုံကြီးများ က ထူထပ်သိပ်သည်းစွာဖြင့် သင်္ချိုင်းမြေနှင့် ကျောင်းခြံ။

ရွာကကြီးသဖြင့် သင်္ချိုင်းမြေကလည်း ကျယ်ဝန်းသည်။ ကျောင်း၏ ခြံစည်းရိုးအစပ်မှ အနံ့ငါးကောခန့်ရှိပြီး အနောက်ဘက် အစွန်းတွင် ချောင်းရိုးက ပိုင်းခြားထားလေသည်။

ထိုချောင်းထဲတွင် အင်္ဂလိပ်ခေတ်ကပြေးဆွဲခဲ့သော မီး သင်္ဘောပျက်များထိုးထား၍ သင်္ဘောသင်္ချိုင်းလည်းဖြစ်နေ၏။ ချောင်းတစ်ဖက်ကမ်းတွင် မီးသင်္ဘောများအတွက် ကျောက်မီး



www.burmeseclassic.com

www.burmeseclassic.com



သွေးများသို့လျှောင်ရာ ဝင်းကြီးတစ်ခုရှိသည်။ စစ်ပြီးခေတ်တွင် 'ရတီးဝင်း' ဟူ၍ နာမည်ထွက်ကာ အထင်ကရရှိခဲ့သေးသည်။

ထိုရတီးဝင်းထဲမှာ ဂိုဒေါင်ကြီးတွေရှိသည်။ ဂိုဒေါင်ကြီးတွေထဲမှာ မီးသင်္ဘောနှင့်ပတ်သက်သော စက်ပစ္စည်းများမှစ၍ ကျောက်ကြိုး၊ ချည်ကြိုး၊ ဇော့ယာများ အကုန်ရှိသည်။

အင်္ဂလိပ်ခေတ်က ရန်ကုန်မြစ်ထဲတွင် မီးသင်္ဘောများ ပြေးဆွဲနေသည့်အခါ ထိုဝင်းကြီးမှာ သင်္ဘောသားများနှင့် စည်ကားနေတတ်သည်။ ဂျပန်များတက်လာကာ ဗုံးကြဲ၊ စက်သေနတ်နှင့်ပစ်လုပ်ကြ၍ လူတွေ သောက်သောက်လဲ သေခဲ့ရာဝင်းကြီးဖြစ်၏။ ထိုဝင်းကြီးရှေ့မှာ ကမာကဆစ်၊ ကမာကသွယ် ဒလမြို့တို့နှင့် ဆက်သွယ်ထားသော ဒလမြို့၏ တစ်ခုတည်းသော လမ်းမကြီးရှိ၏။

အများအားဖြင့် ကန္တားလမ်းဟုခေါ်ကြသည်။ မငွေစိန်အစု(ယခုအောင်မင်္ဂလာရပ်ကွက်)၊ ကမာကသွယ်၊ စက်မြေ၊ ကမာကဆစ်၊ မော်စက်၊ ဆာပါချောင်များကိုဖြတ်၍ ဆိပ်ကြီးခနောင်တို့ သွားရာလမ်းဖြစ်၏။

ဒလမြို့တွင် ကားလမ်းဟူ၍မရှိသေး။ ကားဆို၍ ဒလသင်္ဘောကျင်းထဲတွင် လှည့်ပတ်မောင်းနှင်သော ကရိန်းကားလောက်ပင်ရှိသည်။

ဖော်ပြပါ ရပ်ကွက်များမှာ ထိုစဉ်က မြို့ပြရပ်ကွက်များ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေး။ သူကြီးတစ်ဦးစီနှင့် အုပ်ချုပ်နေသော ကျေးရွာငယ်များသာဖြစ်လေသည်။

ရတီးဝင်းရှေ့ ကန္တာလမ်းတွင် အဓိကရညောင်ပင်ကြီးတွေရှိသည်။ ညောင်ပင်ခုနစ်ပင်ဟူ၍ နာမည်ကြီးသည်။ ညောင်ပင်ကြီးတွေမှာ မြစ်ပျဉ်းကြီးတွေကျပြီး အုပ်အုပ် ထိုင်းထိုင်း မှိုင်းမှိုင်း ညို့ညို့နှင့် နေ့အခါ အရိပ်အာဝါသကောင်းသလောက် ညအခါတွင် မဲမဲမှောင်လျက် ကြောက်စရာအသွင် ဆောင်နေတတ်သည်။

တော်ရုံတန်ရုံလူမျိုး ထိုညောင်ပင်ကြီးတွေအောက်မှ ညအခါ မဖြတ်ရဲကြ။ ဖြတ်လျှင် အဖော်သုံးလေးဦးပါမှ ဖြတ်ရဲကြသည်။

အမဲသား၊ ဝက်သား၊ သားကြီးငါးကြီးသာ ထိုညောင်ပင်ကြီးတွေအောက်မှ ဆွဲသွားလျှင် အကောင်အထည်မမြင်ရဘဲ ဖြတ်၍ဆွဲတတ်သဖြင့် ထိုညောင်ပင်ကြီးတွေအောက်မှ သားစိမ်းငါးစိမ်းသားများ ဖြတ်၍ဆွဲသွားရဲသူမရှိကြ။

ညောင်ပင်အောက်တွင် အပေါ့အပါးသွားလျှင်ပင် ချက်ချင်းပင် နောက်မှနေ၍ မည်းမည်းအကောင်ကြီးက လက်ကြမ်းကြီးဖြင့် ဗြန်းခနဲအရိုက်ခံရပြီး သေဆုံးသူတွေရှိခဲ့သည်ဟုဆိုသည်။

ရေကြမ်း၊ မြေကြမ်း၊ နယ်ကြမ်းဖြစ်၍ ထိုအရပ်လို့ခေါ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွင် တော်ရုံသံဃာများ ကျောင်းမထိုင်နိုင်ကြသည်မှာ အဆန်းမဟုတ်ချေ။ အုပ်ချုပ်ရေးအားဖြင့်လည်း နယ်မြေကမအေးချမ်းနိုင်သဖြင့် ကျောင်းကြီးတွေ အထင်ကရရှိပါလျက် ကျောင်းတွင်မနေပဲ အေးချမ်းရာ ကမာကသွယ်အရှေ့ကျောင်းတွင် လာရောက်ပူးပေါင်း သီတင်းသုံးနေကြရသည်။

ယင်းကြောင့်ပင် ကမာကသွယ်အရှေ့ကျောင်းတွင် သံဃာမြတ်များမှာ အခြားအလယ်ကျောင်းအနောက်ကျောင်းများလိုမဟုတ်ဘဲ သံဃာတော်တွေ မပြတ်ရှိနေလေသည်။

ကျောင်းရှိသံဃာများမှာလည်း ပေါ့ပေါ့တန်တန်နေကြသည်မဟုတ်ဘဲ ညစဉ်ညတိုင်း ညနေ ၆ နာရီမှ ည ၉ နာရီအထိ ပရိတ်ရွတ်ဝတ်တက်မှန်မှန် ပြုကြလေ့ရှိတတ်သည်။

တစ်ည ပရိတ်ရွတ်ဝတ်တက်ပြီးချိန်တွင် ကျောင်းအောက်မှ ဆူဆူညံညံအသံများကြားရ၍ ဆရာတော်ကြီးက ဦးပဇ္ဇင်းတစ်ပါးအား တံခါးဖွင့်၍ကြည့်ခိုင်းသည်။

"ကျောင်းအောက်မှာ လူသံတွေ မောင်ပဇ္ဇင်း ရှာထဲမှာ ဘာတွေများဖြစ်ပြန်လဲ တံခါးဖွင့်ကြည့်စမ်း"

ကျောင်းမှာ နှစ်ထပ်ကျောင်းကြီးဖြစ်ပြီး ရပ်ရွာခလေ့အရ တရားနာပရိတ်သတ် များများဆံ့စေရန် အောက်ဖက်တစ်ခုလုံး မည်သည့်အကာအရံမှ ကာမထား။ ခြေတံရှည်ကျောင်းကြီးဖြစ်၍ ကျောင်းအောက်ထပ်မှာ လူတွေရောက်နေလျှင် ကျောင်းပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ခမြင်ရဘဲ အသံသာကြားနေရတတ်သည်။

ဦးပဉ္စင်းက ပြတင်းပေါက်ဖွင့်၍ အပေါ်ထပ်မှလှမ်းကြည့်သောအခါ လူတွေကို အရင်ဆုံးမတွေ့ရသေးဘဲ အောက်လင်းဓာတ်မီးရောင်ကြီးသာ တွေ့လိုက်ရသည်။ ကျောင်းအောက်မှ မီးရောင်လျှံထွက်နေခြင်းဖြစ်၏။

ထိုခေတ် ထိုသို့သောအောက်လင်းဓာတ်မီးလုံးကိုင်နိုင်သူမှာ သာမန်လူမျိုးတော့မဟုတ်။ ဩဇာအာဏာရှိသော လူကြီးလိုလူမျိုးသာဖြစ်တတ်သည်။

မလိုအပ်ဘဲ မီးရောင်ထိန်အောင်ထွန်းဖို့ နယ်မြေအုပ်ချုပ်သူတွေက ခွင့်ပြုလေ့မရှိတတ်။ မီးရောင်တွေ့လျှင် မီးရောင်ကိုမှန်းပြီး သေနတ်ဖြင့်လှမ်း၍ ပစ်တတ်သောအလေ့ဆိုးကား ရှိနေသည်။

ဦးပဉ္စင်းလေးက ကျောင်းပေါ်မှ လှမ်းအော်သည်။

"ဘယ်သူတွေလဲ"

"တပည့်တော်တို့ပါ။ ဘီအိုင်သူကြီး မောင်သိန်းပါဘုရား"

ဘီအိုင်သူကြီးမောင်သိန်းမှာ ဗုဒ္ဓဘာသာမဟုတ်။ အစ္စလာမ်ဘာသာဝင်ဖြစ်၏။ သို့သော် ကွမ်းခြံကုန်းတော်ခရမ်းကြီးသားဖြစ်၍ မြန်မာရေလည်နေကာ မြန်မာဘုန်းတော်ကြီးများနှင့် အပြောအဆို ဆက်ဆံရေးကျွမ်းကျင်လိမ္မာသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကြီးမှာ ဘာလာလုပ်တာလဲ"

"တပည့်တော်တို့ မသာချချင်လို့ပါဘုရား"

ဘုန်းတော်ကြီးမှာ ဘီအိုင်သူကြီးမောင်သိန်း၏စကားကြောင့် အံ့အားသင့်သွားသည်။ ထိုကိစ္စအတွက် ဦးပဥ္စင်းလေးနှင့် လွှတ်ထား၍ မဖြစ်တော့ဟုဆုံးဖြတ်ကာ ကျောင်းအောက်ဆင်းရန် ပြင်ဆင်ရတော့သည်။

"လာ...မောင်ပဥ္စင်း ကျောင်းအောက်ဆင်းပြီးမေးမှ တန်ကာကျရတော့မယ်"

ဘုန်းကြီးမှာ သင်္ကန်းကိုရုံပြီး လက်နှိပ်ဓာတ်မီးဆွဲယူကာ ကျောင်းအောက်ဆင်းရန် ပြင်ဆင်ရလေပြီ။

ကျောင်းကြီးမှာ အဆောင်ဆောင်နှင့် ကျွန်းလုံးကြီးများဖြင့် တည်ဆောက်ထား၍ ကျောင်းမကြီးပေါ်မှ နတ်လမ်းဟုခေါ်သော ကျောင်းအပေါ်တက်လှမ်းရန် လှေကားအရောက် အတော်ကြာအောင် လျှောက်ခဲ့ရသည်။

ကျောင်းပေါ်ရှိ အလယ်ကျောင်းမှ ဘုန်းတော်ကြီးနှင့် တပည့်ဦးပဥ္စင်းတို့မှာလည်း စိတ်ဝင်စားပြီး အရှေ့ကျောင်းဆရာတော်နှင့်အတူ လိုက်ပါလာခဲ့သည်။

ကျောင်းလှေကားမှဆင်းပြီး စကြံတံတားကိုဖြတ်ကာ ကျောင်းအောက်သို့ ဝင်လာခဲ့ကြသည်။

ကျောင်းအောက်ရှိ ဘီအိုင်သူကြီးဦးသိန်းနှင့် အဖော်များ



www.burmeseclassic.com

www.burmeseclassic.com



ဘ ဆရာတော်များကြွရောက်လာသည့်အတွက် မတ်တတ်ရပ်နေကြရာမှ ပုဆစ်တုပ်ထိုင်လိုက်ကြသည်။

မြန်မာရေဝနေသော ဘီအိုင်သူကြီးဦးသိန်းက ဦးဆောင်၍ ဘုန်းတော်ကြီးများကို ဦးချကန်တော့၍ ကျန်လူများပါ လိုက်၍ ဦးချကန်တော့ကြသည်။

သူတို့ရှေ့မှာ လတ်လတ်ဆတ်ဆတ် ခေါင်းကြီးတစ်လုံး ချထားသည်။

အောက်လင်းဓာတ်မီးကို သံဃာစင်ပေါ်တင်ထား၍ ကျောင်းအောက်ဘက်တစ်ဝှမ်းလုံး မီးများလင်းလျက်ရှိသည်။

ဘုန်းတော်ကြီးက ဖွင့်ထားသောအခေါင်းမှနေ၍ သေချာစေရန် အခေါင်းအတွင်းမှအလောင်းကို လက်နှိပ်ဓာတ်မီးထိုး၍ ကြည့်သည်။

မျက်လုံးကြီးပြူးထွက်လျက် လျှာထွက်သေဆုံးနေသော အလောင်းပင်ဖြစ်သည်။

"အင်း...နိစ္စ အမြဲမရှိ။ ခန္ဓာရုပ်ဟာ နောက်ဆုံး မရဏာ သပွဲ ရှောင်လွှဲ၍မရပါတကား"

ဘုန်းကြီးက တရားနှင့်ဆင်ခြင်ကာ အသုဘကမ္မဋ္ဌာန်း စီးဖြန်းခြင်းအမှုကိုပြုကာ သတိ သံဝေဂ နှလုံးသွင်းလိုက်နိုင်သည်။

"ရုပ်ပျက်ဆင်းပျက်တော့ ဖြစ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း သံဃာစင်ပေါ် ဦးဆောင်၍တင်ကာ ထိုင်လိုက်သည်။

နောက်ပါသံဃာတွေ နေရာအသီးသီးယူပြီးမှ ဘုန်းကြီးက ဘီအိုင်သူကြီးဦးသိန်းကို လှမ်းမေးသည်။

“ဒကာသိန်း ဘယ်လိုကဘယ်လို ကျုပ်ကျောင်းကို ဒီအလောင်းကြီး သယ်ဆောင်လာရတာလဲ။ ပြီးတော့ အချိန်မတော်ကြီး”

“ဒီအလောင်းကို သူ့အိမ်မှာတောင် မထားရဲဘူးတဲ့ဘုရား။ သူ့အိမ်က အိမ်မှာမထားရဲသလို တပည့်တော်တို့လည်း တပည့်တော်တို့ရွာမှာ ဘယ်ထားရဲပါတော့မလဲဘုရား”

“ရွာနဲ့အိမ်မှာ မထားရဲလို့ ငါ့ကျောင်းကိုညတွင်းချင်းယူလာတယ်ပေါ့လေ။ မကောင်းကျောင်းပို့ ဆိုတာမျိုးပေါ့”

“ဒီလိုလည်းမဟုတ်ပါဘူးဘုရား။ ကာယကံရှင်တွေကိုယ်၌ အာသီသရှိနေတာလည်း ပါပါတယ်ဘုရား။ ပြီးတော့ တပည့်တော်တို့ဘီအိုင်မှာ မြန်မာဘုန်းတော်ကြီးကျောင်းကလည်း မရှိသေးလို့ပါဘုရား”

ထိုစဉ်က ယခု ဗိုလ်ရန်နိုင်ပြေရပ်ကွက်ဟုခေါ်သော ဘီအိုင်သဲကုန်းရပ်ကွက်တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ မရှိသေးချေ။

ဘီအိုင်သဲကုန်းနှင့် စက်မြေမှသေဆုံးသူများမှာ အနီးစပ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသချိုင်းဖြစ်သော ကမာကသွယ်သချိုင်းတွင် သေဆုံးသူများကို သင်္ဂြိုဟ်လေ့ရှိတတ်သည်။

"အေးလေ ထားပါတော့။ ညတွင်းချင်း ကျောင်းကို ဘယ်လာရတာ ဘာသဘောလဲကွဲ့။ အိမ်မှာ ရက်စေ့အောင် ဘာ ဖြစ်လို့ မထားချင်ကြတာလဲ"

"မထားချင်လို့ မဟုတ်ပါဘူးဘုရား။ မထားရဲလို့ပါ ဘုရား"

"ဘာ...ဘာလို့မထားရဲကြတာလဲကွယ့်"

"သူတို့အဖြစ်က ခပ်ဆန်းဆန်းဘုရား။ ပြီးတော့ ကြောက်မယ်ဆိုလည်း ကြောက်စရာတော်တော်ကောင်းပါတယ် ဘုရား"

"ပြောပါဦး ဦးသိန်းရဲ့"

"သေတဲ့သူကို အရှင်ဘုရား သေသေချာချာကြည့်တော့ ဘယ်သူလို့ထင်သလဲဘုရား"

"ရုပ်ပျက်ဆင်းပျက်ဖြစ်နေလို့ ငါလည်းမသိဘူးကွ။ မင်း တို့ကိုမေးဖို့တောင် မေ့နေတယ်။ အလောင်းက ဘယ်သူ့အလောင်း လဲ"

"ဦးပေသီးအလောင်းပါဘုရား"

"ဟေ...ဦးပေသီးအလောင်းဟုတ်လား"

"ဟုတ်ပါတယ်ဘုရား။ ဒီနယ်တစ်ဝိုက်မှာ လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖိမ့်ဖိမ့်တုန်အောင်ကြောက်နေရတဲ့ ဓားပေသီးအလောင်းပါဘုရား"

"ဓားပေသီးက ဘယ်လိုဖြစ်ပြီး ရုပ်ပျက်ဆင်းပျက်သေ တာလဲ။ သူများကို ထစ်ကနဲဆိုရင် ဓားစွမ်းပြတဲ့ကောင်။ သူ့ဓား ဓားချက်နဲ့ သေရတာများလား"

"ဓားချက်နဲ့မဟုတ်ပါဘူးဘုရား။ လက်ဝါးချက်နဲ့ သေ တာပါဘုရား"

"ဟေ . . ဘယ်လိုလက်ဝါးချက်လဲကွဲ့"

"ညောင်ခုနစ်ပင်လက်ဝါးချက်ပါဘုရား"

"ဩော် . . . ရတီးဝင်းညောင်ခုနစ်ပင် လက်ဝါးချက်ကို သူက ဘာသွားလုပ်လို့လဲ"

"ကိုပေသီးက အင်မတန် မိုက်တွင်းနက်ပါတယ်ဘုရား။ သူ့လူတွေနဲ့ ညနေက အရက်တွေသောက်စားပြီး လောင်းကြေး ကြေးလုပ်ပြီး အဲဒီရတီးဝင်းညောင်ခုနစ်ပင်မှာ ငွေငါးရာကြေး သေးပေါက်ရဲမပေါက်ရဲလုပ်ပြီး သူကသွားပေါက်ပါတယ်ဘုရား။ အချိန်က ညနေ နေဝင်ရီတရောကြီးဘုရား။ အဲဒါ သူပြန်မလာ မလာနဲ့ နောက်ကလိုက်သွားတော့ လမ်းမှာဘဲ သူ့ကိုတွေ့ပြီး သူ့ကျောကုန်းကို လူမည်းကြီးက လက်ဝါးကြီးနဲ့ရိုက်လိုက်တယ်လို့ ကြောက်လန့်တကြားပြောပြီး မျက်လုံးကြီးပြူး၊ လျှာတစ်လစ်ထွက် ပြီး အသက်ပျောက်သွားတာပဲဘုရား"

"ဟာကွာ . . . မူးမူးရူးရူးနဲ့ အလောင်းအစားမလုပ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘဲ လုပ်ကြတာကိုကွ"

"ပြီးတော့ သူကပြောသေးတယ်။ သူ့နောက်ကို မည်းမည်းကောင်ကြီး နောက်ကနေလိုက်လာလို့ သူမှာ ပြေးစရာမြေမရှိတော့ဘူးတဲ့။ သူ့ကို ညောင်ခုနစ်ပင် အတင်းဆွဲဆွဲပြီးခေါ်နေတယ်တဲ့ဘုရား"

"မင်းကောင် မူးမူးရူးရူးနဲ့ တောင်ပြောမြောက်ပြော ပြောနေမှာပေါ့ကွာ"

"သူက ဘယ်လိုပဲ မူးမူးရူးရူးနဲ့ပြောပြော တပည့်တော်တို့ သူ့အလောင်းကြီးကို အိမ်အထိမသယ်ရဲတော့ဘဲ အခေါင်းရိုက်ပြီး လမ်းကနေ အရှင်ဘုရားကျောင်းကို သယ်လာခဲ့တာပါဘုရား"

"အမှန်တော့ မင်းတို့ ဒီအလောင်းကြီး ကျောင်းကိုယူမလာဘဲ သင်္ချိုင်းကို သွားပို့ရမှာကွဲ့။ သင်္ချိုင်းဇရပ်ကြီးကလည်း လုံလုံခြုံခြုံရှိနေတဲ့ဟာပဲ"

"သင်္ချိုင်းက ရတီးဝင်းညောင်ခုနစ်ပင်နဲ့နီးလို့ တပည့်တော်တို့ ညကြီးမင်းကြီး အခေါင်းကြီးသယ်ပြီး မသွားရဲကြလို့ပါဘုရား"

ထိုစကားကြောင့် ဦးပဉ္ဇင်းလေးမှာ ငယ်ရွယ်သူပီပီ စိတ်မရှည်နိုင်ဖြစ်ကာ ထင်း၍မေးမြန်းလိုက်တော့သည်။

"ခင်ဗျားတို့ သင်္ချိုင်းမသွားရဲတာနဲ့ ကျောင်းအောက်မှာလာထားကြတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်းမဟုတ်ပါဘူး ဦးပဥ္စင်းလေးဘုရား။ ကိုယေ
သီးအတွက် ထုံးတမ်းစဉ်လာအတိုင်း သံဃာတော်တွေနဲ့ လုပ်စရာ
ရှိတာတွေလုပ်ရအောင် ကျောင်းကိုသယ်သွားတာကောင်းမယ်ဆို
ပြီး သယ်လာကြတာပါဘုရား"

ဘုန်းကြီးက စဉ်းစားရင်း သက်ပြင်းချကာ ကာယကံရှင်
တွေ စိတ်ချမ်းသာအောင် ဝင်ပြောရပြန်သည်။

"ဘုန်းကြီးအမှူး ရှာပတ်ဆိုတဲ့စကားသာ ကြားဖူးတယ်။
ခုတော့ ရွာအမှူး ဘုန်းကြီးပတ်တာပဲ။ အိမ်း…ကိုယ့်ကိုကိုးကွယ်
တဲ့ ဒကာတွေ ဒကာမတွေဆိုတော့လည်း ရှိပါစေတော့။ မနက်ကျ
မှ သရဏဂုံတင်စရာကိစ္စတွေလုပ်မယ်။ ပြီးရင်တော့ သင်္ချိုင်းဇရပ်
ကို ပေသီးအလောင်း ရွှေ့ထားလိုက်ကြပေါ့ကွယ်။ ဒါထက် ဒီည
ပေသီးအလောင်းကို ဘယ်သူတွေစောင့်ကြမှာလဲ"

လူဆိုးလူမိုက်၏ နောက်ဆုံးခရီးကား အင်မတန်မှ တရား
ကျစရာကောင်းလှသည်။ ဆွေမျိုးသားချင်းတွေပါပါလျက် မည်သူ
မျှ စောင့်အိပ်မည့်သူမရှိကြ။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မလွဲသာ
သည့်အဆုံး -

"အောက်လင်းဓာတ်မီးထွန်းပြီး ဒီလိုပဲထားခဲ့ပါရစေ
ဘုရား။ တပည့်တော် မနက်ကို အရောက်လာခဲ့ပါ့မယ်ဘုရား"

"ကဲ…ဒါဆိုလည်း အောက်လင်းဓာတ်မီးရှေ့ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ထွန်းပြီး မထားခဲ့နဲ့။ သေတဲ့လူကလည်း အဲဒီမီးရောင်နဲ့ ဘာမှ ထလုပ်နိုင်တာမဟုတ်ဘူး။ အခန့်မသင့်ရင် အောက်လင်းဓာတ်မီးက ရေနံဆီတွေစိမ့်ပြီး မီးထလောင်လို့ ကျောင်းမီးလောင်သွားဦးမယ်။ မင်းတို့ပြန်ချင်လည်းပြန်ကြ။ ခေါင်းဖုံးတော့လုံပစေပေ့။ တော်ကြာ ချွေးစာဝက်စာမိသွားဦးမယ်''

ဘုန်းကြီးကပြောပြီး သံဃာများနှင့်အတူ ကျောင်းပေါ်သို့ ပြန်၍တက်လာခဲ့သည်။

ထိုသို့ ကျောင်းအောက်တွင် အသုဘအလောင်းလာထားသည်မှာ ထိုခေတ်တွင် အဆန်းတော့မဟုတ်ချေ။ ကျောင်းဒကာ ဘုန်းကြီးဆွေမျိုးများ သေဆုံးလျှင်လည်း ထားလေ့ထားတတ်ရှိကြသည်။

ကိုပေသီးတို့လို ဥပစ္ဆေဒကကံနှင့် သေဆုံးသူတွေ၊ ပယောဂ တစ်ခုခုနှင့် သေဆုံးခဲ့သူတွေ၏ အလောင်းတွေကိုလည်း လာရောက်ထားလျှင် ဘုန်းတော်ကြီး ခွင့်ပြုသည့်အခါပြုလေသည်။

ရပ်ရေးရွာရေး အေးချမ်းမှုရှိပါက ထိုသို့သောအစိမ်းသေများကို မြွေကိုက်၊ မီးမဖွားနိုင်၊ နွားဝှေ့၊ ကျွဲခတ်၊ ရေနစ်၊ ဓားခုတ်ခံရသောအလောင်းများကို ရွာပြင်ထုတ်ထားလျှင် သချိုင်းဇရပ်မှာပဲ ထားလေ့ရှိတတ်ကြလေသည်။

ကိုပေသီး၏အလောင်း ဘုန်းကြီးကျောင်းအောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခြင်းမှာ ထိုခေတ်က အထူးအဆန်းမဟုတ်သော်လည်း ထူးဆန်းသည်မှာ နောက်တစ်နေ့မနက် သူ့အိမ်မှလူများ ကျောင်းအောက်သို့ပြန်ရောက်လာသောအခါ အခေါင်းထဲတွင် ကိုပေသီး၏ အလောင်းကြီး ရှိမနေတော့ခြင်းပင်။

"ဟာ…ဘယ်လိုဖြစ်တာလဲ။ ညက အခေါင်းအဖုံးကို သေသေချာချာ ပတ်ခဲ့တဲ့ဟာ"

ညက အလောင်းလာပို့သူများ ထိတ်လန့်ချောက်ချားပြီး ပြောနေကြစဉ် ထိုကိုပေသီး၏အလောင်းကို သူသေးပေါက်ခဲ့ရာ ညောင်ပင်ကြီးအောက်တွင် တွေ့ကြရသောအဖြစ်က ပို၍ထူးဆန်းကာ အုတ်အော်သောင်းတင်းဖြစ်သွားခဲ့ကြခြင်းပင်။

သတင်းတွေကလည်း တစ်ဆင့်ထက်တစ်ဆင့်ကားကာ ရတီးဝင်းညောင်ခုနစ်ပင်ကား ပို၍နာမည်ကြီးကာ အလွန်တမင်း ကြောက်လန့်သွားကြလေသည်။

သည်တွင် စဉ်းစားဆင်ခြင်ဉာဏ်ရင့်သန်သော ဘုန်းတော်ကြီး၏စကားမှာ သဘာဝကျကျ လက်ခံနိုင်ဖွယ်ရာ ပေါ်ထွက်လာခဲ့လေသည်။

"ပေသီးဟာ မူးမူးနဲ့ ဖြစ်ချင်ရာဖြစ်ပြီး ကယောင်ကတမ်းတွေဖြစ်ပြီး ပြေးအလာ သူ့လူတွေနဲ့တွေ့ပြီး သေသွားတာမျိုးပဲ။ ဒါပေမယ့် တကယ်သေတာမဟုတ်ဘဲ မြောနေတာမို့ အခေါင်းထဲရောက်သွားလို့ သူ့ကိုထားအသွားမှာ သတိပြန်လည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွေးရူးသွေးတန်းသွားရာက အဲဒီညောင်ပင်အောက်ပြန်ရောက်သွားပြီး တကယ်အသက်ပျောက်သွားတာနေမှာပေါ့"

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



# မွေးစားသရဲ

## မင်းဘုန်းသိင်္ခသူ

ပတ်ဝန်းကျင်သည် နှင်းမှုန်နှင်းခဲများဖြင့် အေးစက်ငြိမ်သက်လျက်ရှိသည်။ သိပ်သည်းစေးပျစ်သော နှင်းထုလွှာကြောင့် ရှေ့တစ်ကိုက်အကွာရှိ မြင်ကွင်းကိုပင် ထင်ထင်ရှားရှားမမြင်ရပေ။ သစ်ခက်သစ်ရွက်များသည် နှင်းထုအောက်တွင် မလှုပ်မယှက်ငြိမ်သက်ငေးငြိမ်နေကြပေသည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



နှင်းလွှာထုကိုဖောက်ကာ တိုးသဲ့သောအသံတစ်သံ ကြားရသည်။ တိတ်ဆိတ်ငေးငြိမ်နေသော ပတ်ဝန်းကျင်တွင် ပထမဦးဆုံး ထွက်ပေါ်လာသောအသံဖြစ်ပေလိမ့်မည်။ ခဏကြာလျှင် အသံသည် ရပ်တန့်မသွားဘဲ တစ်စတစ်စ ပို၍ပီပြင်ကျယ်လောင်လာသည်။ ထိုအချိန်တွင် အရှေ့ဘက် ထန်းတောအုပ်ဆီမှ ပတ္တမြားရည်တွင် အလင်းမှုန်သဲ့သဲ့ကို စတင်မြင်နေရပေပြီ။

ယာခင်းဘေးတစ်လျှောက် လှည်းလမ်းကြောင်းဆီမှ ထွက်ပေါ်လာသောအသံသည် ငြိမ်တိုးတိတ်နေရာမှ တဖြည်းဖြည်းပီသကာ ကျယ်လောင်လာလေပြီ။

"ဟဲ့…ရွှေနီ…မြန်မြန်ဟ"

နွားငေါက်သံ၊ လှည်းဘီးတအီအီမြည်သံ၊ လူတစ်ယောက်အော်ဟစ်သံ၊ လှည်းသည် ယာခင်းတစ်လျှောက် ညင်သာစွာမောင်းနှင်လာခြင်းဖြစ်သည်။ လှည်းပေါ်တွင် ယောကျာ်းကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက် တိတ်ဆိတ်ငြိမ်သက်စွာပါလာခြင်းပင်။

လှည်းမောင်းသူနေရာတွင် တိုက်ပုံဖျင်ကြမ်းဝတ် ခေါင်းပေါင်းထားသော ယောက်ျားကြီးနှင့် ယောကျာ်းကြီး၏နံဘေးလှည်းတိုင်ကိုင်ကာ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကိုဖွာရင်း မိန်းမကြီးတစ်ယောက် လိုက်ပါလာသည်။ မိန်းမကြီးသည် ဖျင်ကြမ်းလက်ရှည်ပွပွကြီးကိုဝတ်ကာ စောင်တစ်ထည်ပင် ချုံထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

နွားဖြူတစ်ကောင်တပ်သော လှည်းယဉ်သည် လှည်းလမ်းကြောင်းတစ်လျှောက် ငြိမ်သက်စွာ ရွေ့လျားနေပေသည်။ နေရောင် တစ်စတစ်စလင်းဖြူလာသည်။ ဟိုးခပ်ဝေးဝေးနဖူးခြံမှ ချိုးကူသံပင်ထွက်ပေါ်လာသည်။ နှင်းမှုန်တွေက သိပ်သည်းလွန်းလှသည်။ အရိုးကွဲမတတ် စိမ့်အေးလှသော အညာဆောင်းပေတကား။ နှင်းစက်များသည် အပ်ဖျားနှင့်ဆွသကဲ့သို့ စိမ့်ချမ်းလှသည်။ လှည်းသည် ခပ်မှန်မှန်ပင် ရွေ့လျားနေပေသည်။

"မယ်ဖဲရေ…တို့ ရှေ့နားညောင်ပင်ရောက်ရင် ခဏနားကြစို့ကွဲ့"

"ကောင်းပါလေ့ ကိုသာဝ။ နွားလည်းမောလှပြီ။ ရေတိုက်အစာကျွေးပါဦး"

ဘွားမယ်ဖဲသည် စောင်ခြုံကို အသာလှပ်ကာ ချမ်းရာလွန်းသဖြင့် ဟူးခနဲ လေပူတစ်ချက်မှုတ်လိုက်ပြီး တုန်တုန်ခိုက်ခိုက်ပြောလိုက်ပေသည်။ ထိုအခါ ဦးသာဝသည် နှင်တံကိုမလိုအပ်ဘဲ လေထဲတွင် တရှမ်းရှမ်းဝင့်ရင်း –

"ကိုင်း…ရွှေနီရေ ရှေ့နားညောင်ပင်အောက်ရောက်ရင် တစ်ထောက်နားကြဦးစို့ကွယ်။ ရေလေးကူပါဦး…ဖေ့သားကြီးရေ့"

ရွှေနီသည် လူ့စကားနားလည်ဘိသည့်အလား ချုံ



www.burmeseclassic.com

www.burmeseclassic.com



တလွင်လွင် ပို၍ကျယ်လောင်စွာဖြင့် ခါးကော့အမြီးရမ်းကာ ခပ်သွက်သွက်ပြေးလေတော့သည်။ တိရစ္ဆာန်လည်း သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ် ပင်ပန်းရှာပေမည်။ လှည်းယာဉ်ကလေးသည် လျှင်မြန်စွာဖြင့် ညောင်ပင်အောက်ဆီသို့ ရောက်လာသည်။

ဦးသာဝနှင့် ဘွားမယ်ဇံသည် တစ်ဖက်ရွာသဖန်းကုန်းမှ တူတော်စပ်သူ၏ မင်္ဂလာဆောင်အပြီး နောက်တစ်ရက်တွင် အရဏ်မတက်မီကတည်းကပင် ရွာဆီသို့ပြန်လာကြခြင်းဖြစ်သည်။ ရပ်ဓလေ့၊ ရွာဓလေ့ဖြစ်သည့်အတိုင်း မင်္ဂလာအခမ်းအနားကို အစအဆုံးတိုင်အောင် မိဘနေရာ၌ နေရာယူကာ ပြောဆိုလုပ်ကိုင်ကြီးကြပ်ပေးရခြင်းဖြစ်သည်။

တူတော်မောင်သည် မိဆိုးကလေးဖြစ်သည်။ ဦးသာဝနှင့် ဘွားမယ်ဇံသည် သားသမီးမထွန်းကားသဖြင့် သည်လိုပဲ တူတွေ၊ တူမတွေကို သားသမီးအရင်းအချာပမာ သဘောထားလျက် ဆောင်ရွက်ပေးနေရခြင်းပင်ဖြစ်သည်။

တူ၊ တူမတွေကိုပင် သားသမီးရင်းချာထွေလို ချစ်ခင်ကာ ဘာမဆို ရှေ့တန်းမှကူညီဆောင်ရွက်ပေးလေ့ရှိပေသည်။ တလင်းထုန်းတွင် တူမတစ်ဝမ်းကွဲမင်္ဂလာဆောင်ရာ မိဘနေရာမှနေကာ ကူညီပေးရမည့် တာဝန်တစ်ခုရှိသေးသည်။ ယခု သဖန်းကုန်းမှ တူတော်သူ၏ မင်္ဂလာကိစ္စ။

နံနက် (၇) နာရီကျော်သည့်တိုင် နေလုံးမကွဲသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနှင်းတွေနှင့်ရောကာ ရေခဲရေတမျှ အေးစက်သော လေကလည်း တစ်ချက်တစ်ချက် ဆောင့်၍ တိုက်လိုက်သောအခါ ကြက်သီးထမတတ် တုန်တက်သွားမိသည်။ ညောင်ပင်အောက်မို့ အချမ်းဓာတ်က ပို၍စိမ့်အေးလှသည်။

ဦးသာဝသည် လှည်းရိုးဖြုတ်ကာ နွားကို အသင့်ယူလာသော ပြောင်းရိုး၊ နှမ်းဖက်တို့ကို ချကျွေးသည်။ ရေတိုက်သည်။ ဘွားမယ်ဖံက လှည်းပေါ်မှဖျာကိုယူကာ ခင်းရင်းပြင်ဆင်သည်။

"မယ်ဖံ…ညောင်ရိပ်က တယ်ကောင်းလှသကိုး"

"ဟုတ်ပ…ကိုသာဝ။ နွေဆိုရင် တော်တော်တန်ဖိုးရှိမယ်နော်"

"ဟုတ်တာပေါ့ဟဲ့"

သူတို့လင်မယားနှစ်ယောက်သည် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို တစ်ယောက်တစ်လှည့်ဖွာရှိုက်ကာ ညောင်ပင်အောက်မြေပြောင်ပြောင်တွင် ထန်းကြောဖျာကလေးခင်းရင်း အေးအေးလူလူထိုင်နေကြသည်။ ညောင်ပင်ကြီးက အရိပ်အာဝါသကောင်းလွန်းလှပေသည်။ စိမ်းစိုလန်းဆန်းသော ညောင်ရွက်များက အရွက်စိပ်လျက် နေပြောက်ပင်မထိုးနိုင်ပေ။ လေတိုးသဖြင့် ညောင်ရွက်ချင်းတို့ထိသံကတော့ ဂီတာသစ်တစ်ခုကို သီဆိုနေသည့်အလား။

"ခဏကြာ ခရီးဆက်ကြစို့ရဲ့"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဘွားမယ်ဖဲသည် ဘာမျှပြန်မပြော။ ဆေးလိပ်ကိုသာ မက်မက်မောမော ရှိုက်နေလေသည်။ ဦးသာ၀သည် ထိုနေရာမှထ ကာ အကြောဆန့်ရင်း လှည်းပြန်တပ်ရန်ပြင်ဆင်သည်။ ဘွားမယ် ဖဲသည် ရွာရောက်လျှင် ပုတ်ထဲထည့်ထားသော ထန်းလျက်တွေ ပခုက္ကူပို့ဖို့ စဉ်းစားနေမိသည်။

သူသည် ထိုင်ရာမှထကာ ခင်းထားသောထန်းကြောဖျာ ကိုလိပ်ရန် ပြင်ဆင်လိုက်စဉ်မှာပင် နားထဲသို့ ထူးဆန်းသောအသံ တစ်သံ၀င်လာသည်။ လေတိုးသံလိုလို၊ စကားပြောသံလိုလို၊ ငိုသံ လိုလို။

ထို့နောက် ရုတ်တရက် ရင်ထဲမှာလှုပ်ရှားသွားကာ ကိုင် ထားသောဖျာကို မခေါက်သေးဘဲ လက်မှကိုင်ရင်း စောစောက ရုတ်တရက်ကြားလိုက်ရသောအသံကို အံ့သြတကြီး နားထောင်နေ မိသည်။ ဦးသာ၀ကိုလှမ်းကြည့်လိုက်တော့ ဘာမှမဖြစ်သလိုဟန် ဖြင့် နဖားကြိုးကို လှည်းမှာချည်နေလေသည်။

"အဲ့…အဲ့…အဲ့"

အသံသည် ပီပြင်ထင်ရှားကာ ဒုတိယအကြိမ် သံရှည်ပင် ဆွဲလိုက်သေးသည်။

"ဘုရား…ဘုရား…ဘုရား ကယ်တော်မူပါ"

ဘွားမယ်ဖဲသည် သတိလက်လွတ်ဖြစ်ကာ ကိုင်ထား သောဖျာကို ရှောင်ရှိမ်း၍ လွှတ်ချလိုက်မိလေသည်၊ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



အသံလာရာ ညောင်ပင်ကြီး၏တစ်နေရာသို့ အထိတ်တလန့် လိုက်လံရှာဖွေကြည့်ရှုလေတော့သည်။

"ဟဲ့…မယ်ဖိ ဘာဖြစ်နေတာတုံး"

"သရဲခြောက်တယ်ထင်တယ်။ အသံကြားတယ်ဟော့ ကိုသာဝရဲ့"

ဦးသာဝသည် နွားနဖားကြိုးကို အသာချကာ ဘွားမယ်ဖိဆီကို လျှောက်လာသည်။

"စောစောစီးစီးဟာ…ဘာသရဲခြောက်ရမှာတုံး"

"ကလေးငိုသံတော့…ကလေးငိုသံ"

ဦးသာဝသည် မျက်မှောင်တချက်ကြုတ်လိုက်မိသည်။ ဘွားမယ်ဖိနည်းတူ သူကပါ အထိတ်တလန့်ဟန်ဖြင့် ဟိုဟိုသည်သည် လျှောက်ကြည့်သည်။ ဘာသံမျှမကြားရ။ သို့သော် -

"အဲ…အဲ…အဲ…အင်း"

အော်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

"ဟဲ့…တောက်တဲ့သံထင်တယ်"

"အိုတော်…ပေါက်ပေါက်ရှာရှာ ကလေးငိုသံပါတော့။ သေသေချာချာနားထောင်ပါဦး"

ထိုစဉ် အသံသည် ဆက်တိုက်ဆိုသလို ထွက်ပေါ်လာတော့သည်။

"ဟုတ်တယ် မယ်ဖိ။ ကလေးငိုသံပါ ထူးဆန်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ လိုက်ရှာစမ်းဟဲ့"

ဘွားမယ်ဖဲသည် ထိတ်ထိတ်ပျာပျာဖြင့် ဦးသာဝ၏လက်မောင်းကို အတင်းဖက်တွယ်ထားလေသည်။

"လူလည်းမြင်ရတာမှတ်ဘူး။ အသံပဲကြားနေရတာ။ သရဲပါတော်"

"ငါ့နှယ်နော်...တယ်ခက်ပါလား။ ရှာဖြင့်မကြည့်သေးဘူး"

ဦးသာဝသည် ဘွားမယ်ဖဲကို တစ်ချက်ငေါက်လိုက်လေသည်။ ဘွားမယ်ဖဲ ငြိမ်သက်သွားသည်။ ဦးသာဝသည် နွားနှင်တံဆိုကိုင်ကာ ညောင်ပင်ပတ်ပတ်လည်ကို လှည့်လည်ရှာဖွေလေသည်။ သူ့နောက်မှ ဘွားမယ်ဖဲက မဝံ့မရဲလိုက်ပါလာသည်။

"အဲ့...အဲ့...အူဝဲ...အူဝဲ"

အော်သံသည် အဲ့...အဲ့မှသည် ပီသစွာ အူဝဲ...အူဝဲဟု ကျယ်လောင်စွာ မြည်လာလေသည်။

"ဟောတော့...ကလေးငိုသံတော့...ညောင်ခေါင်းထဲကတော့"

"ဟုတ်တယ်။ သရဲမဟုတ်ပါဘူးဟ"

"သိဘူးလေတော်"

ကလေးငိုသံသည် လူသုံးယောက်တစ်ဖက်စာမက ကြီးမားလှသော ညောင်ပင်ကြီး၏ပင်စည်မှ လူ့ခါးသာသာအမြင့်လောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိ သစ်ခေါင်းထဲမှအော်နေသော ကလေးငယ်တစ်ယောက်၏ ငိုသံပေတကား။

ဦးသာဝသည် အော်သံထွက်ပေါ်ရာ ညောင်ခေါင်းထဲသို့ ငုံ့၍ရှာဖွေကြည့်ရှုလိုက်သည်နှင့် အနီးနှင့်ထုပ်ထားသော ကလေးငယ်ကလေးတစ်ယောက်ကို တွေ့လိုက်ရပေသည်။ ကလေးငယ်လေးသည် ခြောက်လသားအရွယ်ခန့်ပင်ရှိမည်ဟု ခန့်မှန်းရပြီး မျက်လုံးပြူးပြူး၊ အသားဖြူဖြူနှင့် လူမမယ် ချစ်စရာကလေးငယ်လေးပင်တည်း။ အနီးထဲမှ ရုန်းကန်ငိုယိုနေခြင်းဖြစ်သည်။

"ကလေးလေးဟော့ . . ကြည့်စမ်း ချစ်စရာကွယ်"

သူတို့နှစ်ယောက်သည် သစ်ခေါင်းထဲသို့ ငုပ်လျှိုး၍ကြည့်လိုက်ကြသည်။

"ဟုတ်ပါ့တော် . . ချစ်စရာကလေး"

"ဟဲ့ . . ဘေးမှာ စာရွက်တစ်ရွက်။ မှန်းစမ်း ဘာတွေရေးထားတာပါလိမ့်"

ဦးသာဝသည် ယက်ကန်ယက်ကန်ရုန်းကန်နေသော အနီးကြားမှကလေးငယ်ဘေးရှိ စာရွက်ကို ကဗျာကယာ ကောက်ယူကြည့်လိုက်မိသည်။

*သို့*

*ဤကလေးငယ်ကို မွေးလိုသူခင်ဗျား . . .*

*ဤကလေး၏မိခင်သည် မီးတွင်းထဲတွင် သေဆုံးခြင်း*



www.burmeseclassic.com

www.burmeseclassic.com



*ဆင်းရဲငတ်ပြတ်စွာ ကွယ်လွန်သွားပါပြီ။*
*ဖခင်လည်းမရှိပါ။*
*ပိုင်ရှင်မဲ့ကလေးတစ်ယောက်ပါခင်ဗျား။*
*မိမိဆန္ဒဖြင့် မွေးစားလိုပါက*
*သားသမီးအရင်းကဲ့သို့*
*ဤယောကျ်ားကလေးအား မွေးစားနိုင်ပါသည်။*
*သူတော်ကောင်းတို့...*

စာဆုံးသွားသည်နှင့် ဦးသာဝသည် ဘွားမယ်ဖဲဘက်သို့ လှည့်ကာ မိဘတွေမရှိတော့တဲ့ကလေးပဲ...ဟုပြောရင်း ကလေးအားတွင် ဟိုဟိုသည်သည် လှန်လှောရှာဖွေလေသည်။ ဟောင်းနွမ်းလှသော အနီးအပိုတစ်ထည်သာရှိသည်။ အခြား မည်သည့်ပစ္စည်းမျှမရှိချေ။

"ဟီး...ဟီး...ချစ်စရာကလေးတော့"

ဘွားမယ်ဖဲသည် ကလေးငယ်ဖြူဖြူတုတ်တုတ်ကလေးတို မြင်မြင်ချင်း ချစ်ခင်သွားလေပြီကော။ သူမသည် ကလေးငယ်ကို ယုယစွာ ပွေ့ယူလိုက်သည်။

"အမလေးဟဲ့...ရှုးရှုးတွေပေါက်ထားတယ်တော့။ ကျွန်မတော့ ဒီကလေးလေးကို အိမ်ခေါ်သွားမယ်ကိုသာဝ။ ရှင်သဘောတူတူ၊ မတူတူ ခေါ်သွားမယ်...ဒါပဲ"

ဘွားမယ်ဖဲသည် ကလေးငယ်ကို လက်မှမချတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



လွတ်ထွက်သွားမှာစိုးရိမ်မိသည့်အလား ထွေးပိုက်ထားလေသည်။

သူတို့ဇနီးမောင်နှံနှစ်ယောက်သည် သားသမီးမထွန်းကားသည့်အလျောက် တူ၊ တူမတွေကို ချစ်မြတ်နိုးနေရသူများပင်။ ယခုလို တိုင်း၍ရက်သည့်ကဗ္ဗလာ မိုးရွာသည်နှင့်ဆိုသလို ချစ်စရာကောင်းသည့် လူမှန်းမသိတတ်သေးသည့် ကလေးငယ်ကလေးကို ရပေပြီတကား။

ကလေး၏မိဘများစာအရ လောကတွင် မရှိရှာတော့ပြီဖြစ်ရကား နောင်အရှုပ်အရှင်းလည်း ပေါ်ပေါက်မည်မဟုတ်ပေ။ ဦးသာဝကိုယ်တိုင်ကပင် အမွေစားအမွေခံ သားယောကျ်ားကလေးတစ်ယောက် လိုချင်နေရကား ယခုတော့ နတ်တို့ဖန်ဆင်းသည့်ရေကန်အသင့်၊ ကြာအသင့်ဖြစ်နေပေပြီကော။

"အိုကွယ်...မယ်ဖွံ့သဘော...မယ်ဖွံ့သဘော"

သူတို့သည် လှည်းဆီသို့ ကလေးငယ်ကလေးကို ယူဆောင်လာကြတော့သည်။ လှည်းထွက်ရန်ပြင်ဆင်သည်။ ဘွားမယ်ဖွံ့သည် ကလေးငယ်ကို မြတ်မြတ်နိုးနိုးချီပွေ့ထားသည်မှလွဲ၍ အခြားကိစ္စများကို လုံးဝဂရုမစိုက်တော့ချေ။

"မယ်ဖွံ့...ညည်းက ကလေးရှုးနေတာကိုး"

လှည်းသည် ညောင်ပင်ရိပ်မှစတင်တာထွက်ရန် တာစူနေပြီ။ ထိုအချိန်တွင် အရှေ့ဘက်မှ နေရောင်ခြည် ထင်ထင်ပေါ်လင်းစတင်ဖြင်ရောက်နေပြီဖြစ်ရာ ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ



www.burmeseclassic.com

www.burmeseclassic.com


မြင်နေရပေပြီ။ ယာခင်းဘေး လှည်းလမ်းကြောင်းပတ်ပတ်လည် ထန်းတောညှိုညှို့ အစာရှာထွက်လာသည့် ကျေးငှက်ကလေးတွေ၊ လှည်းကလေးသည် ညောင်ပင်အောက်မှ ခပ်သွက်သွက်ထွက်ခွာသွားလေပြီ။

"ရွှေနီရေ ခပ်သွက်သွက်ကလေးကွယ်"

ဦးသာဝသည် ကြိမ်တန်ကို တရှမ်းရှမ်းမြည်အောင် ဝင့်လိုက်လေသည်။ လှည်းသည် ယာခင်းဘေး လှည်းလမ်းတစ်လျှောက် ခပ်သွက်သွက်နှင်လေပြီ။ ထိုအချိန်တွင် သူတို့လှည်းဆီသို့ လှမ်း၍မျှော်ကြည့်နေသော မျက်လုံးတစ်စုံကိုတော့ သူတို့သတိမပြုမိကြချေ။ လှည်းပျောက်သွားလေမှ ချုံပုတ်ထဲမှ မျက်လုံးတစ်စုံသည် တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

× × ×

"ဘွားမယ်ဖဲတို့များ အသက်ကြီးခါမှ ကံပေါ်သဟေ့"

"ဘွားမယ်ဖဲနဲ့များကွာပ ချစ်စရာလေးဟေ့"

"ဖြူဖြူတုတ်တုတ်ကလေးဟဲ့"

ဦးသာဝနှင့် ဘွားမယ်ဖဲတို့၏သတင်းသည် တစ်မနက်ခင်းအတွင်းမှာပင် တစ်ရွာလုံး ပျံ့နှံ့သွားပေသည်။ တစ်ရွာလုံး လူကြီးလူငယ် ကလေးကအစ ပြောစရာသတင်းတစ်ခု ဖြစ်သွားခဲ့သည်။ ယခုနေ ထန်းတောထဲမှ ခေါင်းဆယ်လုံးနှင့်မြွေတစ်


www.burmeseclassic.com

www.burmeseclassic.com



ကောင် ထန်းပင်ပေါ်မှဆင်းလာသည်ဟု ပြောလျှင်ပင် မည်သူမျှ စိတ်ဝင်စားမည်မဟုတ်ပေ။

ယောက်ျားမိန်းမအချို့သည် ဟိုနားတီးတိုး၊ ဒီနားခေါင်းချင်းရိုက်ကာ ဦးသာဝနှင့် ဘွားမယ်ဖဲတို့ ကလေးတစ်ယောက်မွေးစားသည့်သတင်းသာ အရေးတကြီးပြောစရာဖြစ်နေကြပေသည်။ သူတို့သည် ယာအလုပ်၊ အိမ်အလုပ်များကိုရပ်တန့်ကာ သတင်းတစ်ခုအဖြစ် ပြောနေကြပေပြီ။

"ကလေးက ယောက်ျားကလေးတဲ့တော့။ ညောင်ပင်ခေါင်းထဲက ရတာတဲ့"

"ရက္ခစိုးက သားဆုပေးလိုက်မှာပေါ့အေရယ်"

"ကလေးတော့ တော်တော်ကံကောင်းရှာတယ်ဟော့။ ဦးသာဝတို့က တို့ရွာမှာ အချမ်းသာဆုံးလေ"

"ဟုတ်ပ"

"ဦးသာဝကြီးက ပြုံးလို့တော်ရေ။ ကိုဖိုးခွေးတို့အိမ်မှာ နွားနို့လာမှာနေတယ်။ တစ်နေ့လုံး ပျာယာကိုခတ်နေတယ်။ ကလေးအတွက် နွားနို့ နေ့စဉ် တစ်ပိဿာ မှန်မှန်လိုချင်သတဲ့။ ကလေးသောက်ဖို့ဆိုရင် ဒီကလေးက တော်တော်အစားကြီးမယ့်ပုံပဲနော့"

ဦးသာဝအိမ်တွင် လူဝင်လူထွက် ပုရွက်တွင်းကဲ့သို့ ရှုပ်ထွေးနေပေသည်။ ဘွားမယ်ဖဲသည် လာသမျှလူကို ဧည့်ခံရသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် လက်မလည်နိုင်အောင်ရှိသည်။ တတ်နိုင်သူဖြစ်ပေရကား ရေနွေးအိုးတစ်အိုးပြီးတစ်အိုး၊ မြေပဲဆုံဆီဖြင့် ကြက်သွန်ကြော် များများ၊ လက်ဖက်ပွဲကလည်း ဟော…တစ်ပန်းကန်…ဟော တစ်ပန်းကန်။ မင်္ဂလာသတင်းတစ်ခု ဖြစ်ပေရကား။ မိန်းမတွေက တဝါးဝါးတဟားဟား။

ဘွားမယ်ဇံသည် ပခုက္ကူပို့ရမည့် ထန်းလျက်တွေကို လည်း မချိန်တွယ်နိုင်သေး။ ဦးသာဝသည် နေ့စဉ် ဝင်ငွေ၊ ထွက် ငွေစာရင်းကိုလည်း မမှတ်နိုင်။ ကလေးအုပ်စုသည် အိမ်ရှေ့သံဆန် ကာကြားမှ ပြူတစ်ပြူတစ်ချောင်းနေကြသည်။ ဦးသာဝကြီးကို ကြောက်ကာ အိမ်ပေါ်မတက်ရဲကြ။

"ဒီလိုအေ…ပထမတော့ ကလေးငိုသံဟဲ့။ သရဲခြောက် တယ်မှတ်လို့အေ"ဟု အစချီကာ ဇာတ်စုံခင်းရသည်မှာလည်း အပ်ကြောင်းထပ်နေပြီ။ ချွေးတလုံးလုံးနှင့်ဖြစ်သော်လည်း မမော နိုင်၊ မပန်းနိုင်။ နောက်တစ်ကြိမ်ပြော၊ နောက်ထပ်ပြော မောသည် မရှိ။

ဤသို့ဖြင့် တစ်ရက်တာကုန်သွားသည်။

× × ×

ဒုတိယရက်…

တတိယရက်…



www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထရက်...

ဦးသာဝတို့အိမ်ဝိုင်းသည် ပေ(၂၀၀) ပတ်လည်ကျယ်ကာ ထန်းလျက်များ၊ ပဲ၊ နှမ်းများ သိုလှောင်သည့်ဂိုဒေါင်များ အပြည့်ရှိသည်။ လာရောက်လုပ်ကိုင်သည့် အလုပ်သမားလည်း များသည်။ သို့သော် ညအိပ်လက်ခံသည့် အလုပ်သမားမရှိသော်လည်း အလုပ်အရေးကြီးလျှင်တော့ အလုပ်သမားတွေ ညအိပ်လေ့ရှိသည်။ ဒါကလည်း ရံဖန်ရံခါမျှသာပင်။

ထူးခြားချက်ကား ချက်ပြုတ်ထားသော အသားဟင်းလျာများ သိသိသာသာ ပျောက်ဆုံးနေသော ပြဿနာပင်တည်း။ အသားဟင်းများကို နောက်ဖေးတွင် လုံလုံခြုံခြုံ ဖုံးအုပ်သိမ်းဆည်းထားပါလျက်နှင့် လျှော့ပါးပျောက်ဆုံးနေခြင်းပင်တည်း။

"မယ်စံရယ်...မနေ့ကချက်ထားတဲ့ ဝက်ကလီစာတွေ ကော"

"အလုပ်သမားတွေ စားမှာပေါ့တော်။ ဒီလိုပဲ စားနေကျ ပဲဟာ"

ဦးသာဝ ဘာမှမပြောတော့။ ရေငုံနှုတ်ပိတ် ဇဝေဇဝါနေလိုက်ရသည်။ တောက်တိုမယ်ရလုပ်သော ရွာထဲက မိညိုစားသလား။ ထန်းလျက်ချက်သည့် ကိုပိန်တို့လင်မယားပဲစားသလား။ သည်လိုနှင့် မေ့မေ့ပျောက်ပျောက် ဖြစ်သွားရပြန်သည်။

သို့သော် ရက်သတ္တပတ်ဆယ်ရက်၊ ဆယ့်ငါးရက်ကြာမြင့်



www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ ဦးသာဝ၏ရင်ထဲက သံသယတစ်ခုသည် ကိုယ်တွင်းအနာတစ်ခုလို တဖြည်းဖြည်းကြီးထွားလာသည်။ နောက်ဖေးတွင် သိုသိုသိပ်သိပ်သိမ်းဆည်းထားသည့် နှစ်ပေါက်အောင်စားနိုင်သည့် ငါးခြောက်များ၊ အမဲခြောက်များသည် သိသိသာသာ လျော့ပါးပျောက်ဆုံးလာသည်ကို ဦးသာဝ သတိပြုမိသည်။

သို့သော် ထိုကိစ္စကို မည်သူ့ကိုမှ မစွပ်စွဲရဲ။ အစားအသောက်အတွက် ပြောရသည်မှာ သိက္ခာကျလှသည်မဟုတ်လား။ သည်လိုနှင့် တစ်ရက်…

ရွာဦးကျောင်းတွင် အရုဏ်ဆွမ်းလောင်းလှူရန် ဝက်သားတွေ ချက်ပြုတ်သိမ်းဆည်းထားသော ညတစ်ည။ ဦးသာဝသည် -

"အင်း…ဒီဝက်သားဆီပြန်ဟင်းတွေလည်း ပျောက်ဦးမလားမသိဘူး"

ဟူသော သံသယအတွေးဖြင့် ည ၁၀ နာရီတိုင် အိပ်မပျော်နိုင်ဘဲရှိသည်။ ထိုနေ့က လပြည့်ည။ ညက လသာလွန်းလှသည်။ အပြင်တွင် ပိုးကောင်ကလေးများ၏ တစီစီမြည်သံ ကြားနေရသည်။ အိမ်၏အပြင်ဘက်တွင် သစ်ရွက်ကို လေတိုးသံအဖြစ် တရှဲရှဲမြည်သံ ထွက်ပေါ်နေသည်။

အိမ်တံစက်မြိတ်ပေါ်မှ နှင်းစက်ကြွေသံတဖျောက်ဖျောက်နှင့်အတူ မြေပြင်ပေါ်သို့ တပေါက်ပေါက်ကျနေသံသာ ခပ်နှံ့မှန်



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသည်။ ထိုစဉ် အိမ်အပေါ်ကောင်းကင်ဆီမှ လင်းကောင်ပိုးငှက်(ခေါ်) ငှက်စုန်းတစ်ကောင်၏ "ဂီး"ခနဲ စူးစူးဝါးဝါးအော်လိုက်သံ ကြားလိုက်ရပေရာ ဦးသာဝ၏ခန္ဓာကိုယ်တစ်ခုလုံး ဖြန်းခနဲ တုန်လှုပ်သွားမိသည်။ ဤငှက်အော်သံသည် မကောင်းဆိုးဝါး၏ အနံ့အသက်။

သူသည် တစ်ဖက်သို့ ခန္ဓာကိုယ်ကို စောင်းငဲ့လိုက်မိသည်။ ထိုအခါ သူ့ခန္ဓာကိုယ်သည် ကြက်သီးတဖြန်းဖြန်းထကာ တစ်စုံတစ်ရာကို ကြောက်လန့်လာသလို၊ သတိလစ်သလိုလို ခံစားလိုက်ရသည်။ မျက်စိမှိတ်အိပ်ပျော်ရန် ကြိုးစားသည့် မရ။

ထိုစဉ် သူ၏နောက်ဘက် ဘွားမယ်ဖဲနှင့်သူ့အကြားမှ လှုပ်ရှားလူးလွန့်သံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။ သူသည် မျက်စေ့မှိတ်ကာ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။ ဘွားမယ်ဖဲ ကလေးကိုချော့သည်လား။ သို့သော် ပေါ့ဖွသော လူးလွန့်ရွေ့လျားသံသည် တိုးတိတ်စွာ ထွက်ပေါ်လာပြန်သည်။

လူးလွန့်လှုပ်ရှားသံနှင့်အတူ ခုတင်ပေါ်မှလျှောဆင်းသံ၊ ညင်သာစွာ ခပ်ဖွဖွနင်းလိုက်သောခြေသံနှင့်အတူ နောက်ဖေးဘက်သို့ လျှောက်သွားသံကို ကြားလိုက်ရသည်။ မှိန်ပျပျမီးခွက်အရောင်နှင့်အတူ ဦးသာဝသည် ခန္ဓာကိုယ်ကို မသိမသာလှည့်၍ စောင်းကြည့်လိုက်မိသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ထင်မှတ်မထားသည့်မြင်ကွင်းတစ်ခုပေတကား။ ဝမ်းလျားထိုးတတ်ခါစ ထိုင်ပင်မထိုင်တတ်သေးသော ကလေးငယ်သည် လူကြီးတစ်ယောက်ပမာ ခြေလှမ်းများဖြင့် နောက်ဖေးဘက်ဆီသို့ ရှေ့လျားလှမ်းနေခြင်းပေတည်း။ ဦးသာဝသည် ကယောင်ချောက်ချားဖြစ်ကာ အံ့ဩလွန်းသဖြင့် "ဟင်" ဟူသော အာမေဋိတ်သံသည် နာကျင်စွာ အော်ဟစ်လိုက်မိသကဲ့သို့ ရင်ခေါင်းထဲမှ အသံတိတ်ထွက်ပေါ်သွားခြင်းပင်။ ကလေးငယ်သည် ပထမတော့ ခြေလှမ်းကို တုံ့ခနဲရပ်လိုက်သေးသည်။ နောက်မှ မတိမ်းမယိမ်း ကျွမ်းကျင်သောခြေလှမ်းများဖြင့် ခပ်သွက်သွက်လှမ်းသွားပေသည်။ ဘွားမယ်ဇံကတော့ ဘာမှမသိရှာပေ။ တခေါခေါအိပ်နေပေပြီ။ ဟောက်သံများပင် ဟောက်နေလိုက်သေးသည်။

ဦးသာဝသည် ကလေးငယ်၏လှုပ်ရှားမှုကို ရင်တထိတ်ထိတ်ဖြင့် ဆက်၍ကြည့်နေမိလေသည်။ ထိုသို့ကြည့်နေရင်းမှာပင် ကလေးငယ်၏ခန္ဓာကိုယ်သည် ခြေတစ်လှမ်း လှမ်းတိုင်းလှမ်းတိုင်း အရပ်သည်မြင့်မြင့်လာပြီး ကလေးငယ်၏ မူလရုပ်သဏ္ဍာန် ပျောက်ကာ လူကောင်ထွားထွား အမွေးအမှင်ထူထူနှင့် တစ္ဆေကြီးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားသည်။

ဦးသာဝသည် သတိလစ်ကာ အကြောက်လွန်မေ့လုမတတ်ဖြစ်သွား၏။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား...ဘုရား ငါတို့တော့ အမှားကြီးမှားပေပေါ့"

တစ္ဆေကြီးသည် ခုတင်ရှိရာသို့ တစ်ချက်လှမ်းကြည့်အကဲခတ်လိုက်ပြီး ကြောင်အိမ်ကို လက်ဖြင့်ပုတ်ဖွင့်လိုက်သည်။ ထို့နောက် မနက်အာရုဏ်ဆွမ်းအတွက် ချက်ပြုတ်ထားသော ဝက်သားဟင်းများကို အငမ်းမရ တပျုပ်ပျုပ်မြည်ကာ စားသောက်လေတော့သည်။ ဦးသာဝသည် အိပ်ရာထဲမှာ တဆတ်ဆတ်တုန်နေသည်။ ထို့နောက်မှ စိတ်ကို တည်ငြိမ်စွာဆောက်တည်ပြီး ဘာဆက်လုပ်ရမည်ကိုသာ စဉ်းစားလိုက်သည်။

မိနစ်အနည်းငယ်ကြာသွားသည်။ တစ္ဆေသည် အိုးထဲမှ ဝက်သားများကို ကျေနပ်အောင်စားသောက်ပြီးသောအခါ ခုတင်ရှိရာသို့ ပြန်လျှောက်လာသည်။ ဦးသာဝနှင့် ဘွားမယ်ဖဲတို့ကြားဝင်ရောက်လှဲချလိုက်သောအခါ ကလေးငယ်ကလေး ပြန်ဖြစ်သွားတော့သည်။

ဦးသာဝသည် ကြောက်လန့်လွန်းသဖြင့် ချွေးဒီးဒီးကျနေသော်လည်း ဟန်ဆောင်အိပ်ကာ ကျောပေး၍ ငြိမ်သက်နေလိုက်ရတော့သည်။

× × ×

မိုးလင်းတော့လည်း ဘွားမယ်ဖဲကို ရုတ်တရက် မပြောခဲ့သေး။ ဘွားမယ်ဖဲသည် ကလေးကို လွန်မင်းစွာ သံယောဇဉ်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သည်မဟုတ်လော။ ပြီးတော့ ဘွားမယ်ဖဲ ကြောက်ရွံ့ထိတ်လန့်ကာ တစ်ခုခုဖြစ်သွားမှာ စိုးရိမ်ရလေသည်။ လောလောဆယ်တော့ ဘွားမယ်ဖဲကို သည်ကြောက်မက်ဖွယ်ကိစ္စကြီးကို သိုဝှက်ထားမှ ဖြစ်ပေမည်။

ဦးသာဝဦးနှောက်ထဲသို့ ပထမဦးဆုံး ဝင်ရောက်လာသည့်အကြံကား အိမ်တွင် ဘုန်းကြီးပင့်ကာ ပရိတ်ရွတ်မည့်ကိစ္စဖြစ်သည်။ သည်ကိစ္စသည် နှောင့်နှေးကြန့်ကြာ၍ကောင်းသော ကိစ္စမဟုတ်ပေ။ လျှင်လျှင်မြန်မြန်ဆောင်ရွက်ရမည့်ကိစ္စတစ်ရပ် ဖြစ်သည်။

သူသည် နံနက်လင်းသည်နှင့် ရွာဦးကျောင်းဆရာတော်ဆီသို့သွားကာ ဘုန်းကြီးငါးပါးပင့်၍ ပရိတ်ရွတ်ရန် လျှောက်ထားတောင်းပန်ကာ အိမ်သို့ပြန်လာလေသည်။ ချက်ချင်းပင် လှူဖွယ်ကိစ္စများကို အလျှင်အမြန်စီစဉ်ကာ သံဃာတော်တွေကို နေ့ဆွမ်းကပ်လှူလေသည်။ ဘွားမယ်ဖဲသည် ဦးသာဝ ရုတ်ခြည်းစီမံသည်ကို နားမလည်ရှာပေ။

"တော်ကလည်းလေ ဘယ်လိုဖြစ်တာတုံး။ အလှူအတန်းလုပ်တာ မြန်းစားကြီး"

"ငါ ရုတ်တရက် သဒ္ဓါစိတ်ပေါက်လို့ပါကွာ"

ဘွားမယ်ဖဲသည် ဘာမှမပြောဘဲ ငြိမ်သက်သွားလေသည်။ သည်လိုနှင့် ဆရာတော်နှင့် သံဃာတော်များ ကြွလာသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဘွားမယ်ဖဲလက်ထဲမှကလေးသည် သံကုန်ဟစ်၍ ငိုလေတော့သည်။ ကော့၍ကော့၍ အာခေါင်ခြစ် အော်လေသည်။

ဘွားမယ်ဖဲသည် ဘုန်းကြီးတရားလည်းမနာရဘဲ ကလေးကို ရှာလမ်းမသို့ခေါ်ကာ ချော့မော့ရလေသည်။ ဘုန်းတော်ကြီးများပြန်ကြွသွားသောအခါ ဦးသာဝသည် ကိုယ်တိုင်လည်ပင်းတွင် ပရိတ်ကြိုးဆွဲသည်။ ဘွားမယ်ဖဲကိုလည်း လည်ပင်းဆွဲစေသည်။ အိမ်ပတ်ပတ်လည်ကို ပရိတ်ကြိုးတွေနှင့် အရံအတားပြုလေ၏။ နောက်ဖေးကြောင်အိမ်၊ ပန်းကန်စင် စသည်တို့ကို ပရိတ်ကြိုးတွေဖြင့် ချည်နှောင်သည်။

သည်လိုနှင့် ညဘက်ရောက်လာလေသည်။

× × ×

ဘွားမယ်ဖဲသည် စောစီးစွာကပင် အိပ်ပျော်သွားပေပြီ။

ဦးသာဝကတော့ ရည်ရွယ်ချက်နှင့်မို့ မအိပ်သေးဘဲ အိပ်ချင်ယောင်ဆောင်နေသည်။ ညသည် တဖြည်းဖြည်း နက်ရှိုင်းစပြုလာသည်။ အိပ်ခန်းထဲတွင်တော့ ဟာရီကိန်းမီးအိမ်ကလေးသာ အလင်းပျပျလင်းနေပေသည်။ ထိုစဉ် ငြိမ်သက်နေသောကလေးသည် ရုတ်တရက်ထထိုင်ကာ ဘွားမယ်ဖဲ၏မျက်နှာကို အကဲခတ်ကြည့်သည်။

အမှန်တကယ် အိပ်ပျော်၊ မပျော် အကဲခတ်ခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးသာဝကိုလည်း ထိုနည်းနှင့် အကဲခတ်ကြည့်သည်။ အိပ်မောကျနေပြီဟု စိတ်ချရမှ ခုတင်မှအသာလျှောဆင်းကာ ကြောင်အိမ်ဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားသည်။ ဦးသာဝသည် အိပ်ချင်ယောင်ဆောင်နေရာမှ မျက်စေ့ဖွင့်ကာ အကဲခတ်ကြည့်သည်။

ကလေးငယ်တဖြစ်လဲ ကြောက်မက်ဖွယ်တစ္ဆေကြီးသည် ကြောင်အိမ်ကိုဖွင့်ရန် လက်လှမ်းလိုက်စဉ်မှာပင် ကျင်စက်နှင့်တို့လိုက်သကဲ့သို့ ဖျတ်ခနဲ နောက်သို့ဆုတ်လိုက်သည်ကို တွေ့လိုက်ရလေသည်။ ကြောင်အိမ်ကို မဖွင့်နိုင်ဘဲ တွန့်ဆုတ်သွားရသည်မှာ ထူးခြားမှုတစ်ခုဖြစ်သည်။

"အူး"

တစ္ဆေကြီးသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကြောင်အိမ်ကိုမထိရဲဘဲ နောက်သို့ဆုတ်လိုက်ခြင်းဖြစ်သည်။ ထို့နောက် ခြေလှမ်းကျဲကြီးများဖြင့် ပြန်လှည့်လာပြီး ခုတင်ရှိရာသို့ လျှောက်လာသည်။ ဘွားမယ်ဇံသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည်။ ဘာမှမသိရှာပေ။

တစ္ဆေကြီးသည် "ဟောက်"တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ ဘွားမယ်ဇံကို တစ်စုံတစ်ခုပြုလုပ်ရန် လက်ကြီးနှစ်ဖက်ကို ဆန့်တန်းပြီး လည်ပင်းရှိရာကို ချိန်ရွယ်လိုက်သည်နှင့် အီးခနဲတစ်ချက်ထပ်မြည်ကာ နောက်သို့ ခြေတစ်လှမ်းဆုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွားမယ်ဖဲ၏လည်ပင်းမှ ပရိတ်ကြိုးကိုမြင်တွေ့လိုက်ရပြီး ကြောက်လန့်တကြား နောက်ဆုတ်လိုက်ခြင်းဖြစ်သည်။

ထိုအခါ တစ္ဆေကြီးသည် အစားလည်းမစားရ၊ လူကိုလည်း အန္တရာယ်မပေးရသဖြင့် မကျေမနပ်ဖြစ်ကာ မျက်ထောင့်နီကြီးဖြင့် ဦးသာဝကိုစိုက်ကြည့်ပြန်သည်။ ဦးသာဝသည် အိပ်ချင်ယောင်ဆောင်ကာ မျက်စိကိုစုံမှိတ်ထားရင်း ရင်တထိတ်ထိတ်ခုန်နေသည်။ သူ နောက်ဆုံးမြင်လိုက်ရသည်က လက်ဖက်ရည်အကြမ်းပန်းကန်လုံးပမာဏရှိ မျက်လုံးနီကြီးပင်ဖြစ်သည်။

ဦးသာဝသည်လည်း လည်ပင်းတွင် ပရိတ်ကြိုးဆွဲထားရာ မည်သို့မျှ အန္တရာယ်မပေးနိုင်ရကား မကျေမနပ်ဖြစ်ကာ ခုတင်ပေါ်ပြန်တက်လိုက်သည်။ ဦးသာဝသည် လိပ်ပြာလွင့်စင်မတတ်ဖြစ်သွားကာ ချွေးစေးတွေပြန်လာသည်။ ထိတ်လန့်ကြောက်ရွံ့မှုဖြင့် သူ၏တစ်ကိုယ်လုံးရှိ ခွန်အားများ စိမ့်ယိုသွားသလို ခံစားလိုက်ရခြင်းဖြစ်သည်။ ပရိတ်ကြိုး၏ တန်ခိုးသတ္တိများကြောင့်သာ တစ္ဆေကြီး၏အန္တရာယ်ပေးမှုမှ လွတ်ကင်းသွားရခြင်းဖြစ်သည်ဟု တထစ်ချယုံကြည်လိုက်မိသည်။

ဦးသာဝသည် ကိုယ်ကိုတစောင်းလှဲကာ မသိမသာ အကဲခတ်ကြည့်လိုက်ရာ တစ္ဆေကြီးသည် ကလေးငယ်ပြန်ဖြစ်သွားပြီး တအဲအဲနှင့် ငိုလေတော့သည်။ နာနာဘာဝတစ်ကောင်၏ ရုတ်ချည်းအသွင်ပြောင်းသွားသော ကမ္မဇိဒ္ဓိတန်ခိုးနှင့်အစွမ်း အတု



www.burmeseclassic.com

www.burmeseclassic.com



မရှိ တန်ခိုးတော်အနန္တ၊ ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်၏ ပရိတ်တော်များ၏ တန်ခိုးသတ္တိကိုလည်း ယုံကြည်အားကိုးမှုများ တဖွားဖွားပေါ်လာမိတော့သည်။

ဦးသာဝ၏သွေးသားထဲမှ ကြောက်ရွံ့စိတ်များသည် တဖြည်းဖြည်း လျော့ပါးစပြုလာပြီ။ စောစောကမြင်လိုက်ရသည့် မီးအလင်းမှိန်မှိန်အောက်မှ ကြောက်မက်ဖွယ်တစ္ဆေကြီး၏ အကြမ်း ထန်းကန်လုံးပမာဏရှိ မျက်လုံးပြူးပြူးကြီးကို စားချွန်ထက်ထက် ဖြင့် ပစ်ပေါက်ချင်စိတ်ပေါ်လာသည်။ တစ်ကိုယ်လုံးဖုံးအုပ်နေ သည့် အမွေးကြမ်းကြီးများက ကြောက်မက်ဖွယ်ပင်။

ကြောင်အိမ်ထဲမှ အသားဟင်းများလည်း မစားရ၊ လူကို လည်း ဒုက္ခမပေးရသောအခါ တစ္ဆေကြီးဘဝပြောင်း ကလေးငယ် သည် မကျေမနပ်ဖြစ်ကာ တဝါးဝါးငိုလေတော့သည်။ ငိုသံ ကြောင့် ဘွားမယ်ဖဲသည် အိပ်ရာမှနိုးလာသည်။ ကလေးသည် အငိုမရပ်ဘဲ ဘွားမယ်ဖဲလည်ပင်းမှ ပရိတ်ချည်ကြိုးကို လက်ညှိုး ထိုးလေသည်။ ပရိတ်ကြိုးကို ဖြုတ်ခိုင်းနေခြင်းဖြစ်သည်။

"အို်း...သားလေးက ပရိတ်ကြိုးကို ဖြုတ်ပေးခိုင်းတာ လား"

ကလေးသည် တစ်ဖက်သို့မျက်နှာလွှဲကာ ခေါင်းညိတ်ပြီး ငိုပြန်သည်။ ဘွားမယ်ဖဲသည် လည်ပင်းမှပရိတ်ကြိုးကို ဖြုတ်ပေး ရန် ပြင်ဆင်လိုက်သည်နှင့် -



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…မယ်ဖံ နင့်ပရိတ်ကြိုးကို မဖြုတ်နဲ့။ ဖြုတ်ရဲဖြုတ်ကြည့်စမ်း။ နင် ဘာဖြစ်သွားမယ်ထင်သလဲ။ သိလား ဘွားမယ်ဖံ"

"အိုတော်…ကလေးက ဒီလောက်ငိုပြီး ဖြုတ်ခိုင်းနေတဲ့ဥစ္စာ။ အငိုတိတ်အောင် ဖြုတ်ပေးရမှာပေါ့။ ဒါလေးဖြုတ်ပေးလိုက်တော့ ဘာဖြစ်သွားမှာတုံး"

ဦးသာဝက မာမာထန်ထန်နှင့် ငေါက်ငန်းလိုက်မှ ဘွားမယ်ဖံငြိမ်သွားသည်။ ထိုအခါ ဘွားမယ်ဖံက ကလေးကို နို့ဘူးနှင့်ချော့သိပ်လိုက်မှ "အီး"ခနဲတစ်ချက်အော်ကာ ဦးသာဝကိုခြောက်လသားအရွယ်ကလေးငယ်နှင့် မလိုက်ဖက်စွာ မျက်စောင်းကြီးထိုး၍ကြည့်ရင်း အံတစ်ချက်ကြိတ်လိုက်လေသည်။

ဦးသာဝသည် ရင်ထဲမှ "ခွေးမသား တစ္ဆေ နင်တော့နေနှင့်ဦးပေါ့ကွာ"ဟု "တောက်"တစ်ချက်ခေါက်ကာ ကြိမ်းလိုက်သည်။ လောလောဆယ်တော့ မြွေပွေးခါးပိုက်ပိုက်မိပေပြီကော။

ဘွားမယ်ဖံလည်း တစ်ဖက်သို့လှည့်ကာ ချက်ချင်းအိပ်ပျော်သွားသည်။ ကလေးငယ်သည် နို့ဘူးစို့လျက်က ဦးသာဝကိုမျက်လုံးပြူးကြီးဖြင့် တစ်ချက်လှည့်ကြည့်ကာ နို့ဘူးကို တပြွတ်ပြွတ်မြည်အောင် စို့လိုက်သည်။ ဦးသာဝသည် ထိုညတစ်ညလုံးမအိပ်တော့ဘဲ သတိဝီရိယနှင့် စောင့်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက် မိုးစင်စင်လင်းသည်နှင့် ဦးသာဝသည် ဘွားမယ်ဓံ တို လက်တို့၍ ရွာလယ်လမ်းမပေါ်သို့ ခေါ်ထုတ်သွားသည်။ တလေးငယ်သည် အံ့ရှယ်နှင့်မလိုက်ဖက်စွာ ဟောက်သံပြင်းပြင်း ဖြင့် အိပ်မောကျကာ ကျန်ရစ်ခဲ့သည်။ ရွာလမ်းမပေါ်ရောက်သည် နှင့် ဦးသာဝသည် ဖြစ်ကြောင်းကုန်စင်ကို အသေးစိတ် ရှင်းလင်း ပြောပြလိုက်ရသည်။ ဦးသာဝစကားဆုံးသည်နှင့် ဘွားမယ်ဓံသည်

"အမလေးတော်...ကယ်တော်မူပါ။ ဒုက္ခတော့ လှလှ ကြီးတွေ့ကြပြီပေါ့"

ထိုင်ရမလို၊ ထရမလို ဣန္ဒြေမဆည်နိုင်ဘဲ မျက်ပြူးဆန် ဖွာ ကတုန်ကယင်ဖြစ်နေတော့သည်။

"ဒါ ငါတို့အပေါ်ကို မကောင်းကြံတာကွယ့်။ တို့တစ် တွေ စီးပွားတက်ကာ ချမ်းသာတာကို မနာလိုတဲ့လူတွေရှိတယ်။ လူဆိုတာ ကိုယ်က ဘယ်လိုပဲ မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်မတ် မတ်နေပေမယ့် ကိုယ့်အပေါ် မကျေနပ်တဲ့လူဆိုတာကတော့ ရှိ တယ်။ ထားပါတော့...လောလောဆယ် မယ်ဓံ နင်ဣန္ဒြေမပျက် နေ။

ကိုယ့်ဘက်က အမှုအရာပျက်သွားရင် ဒီသရဲကြီးက ရှောင်ထွက်သွားနိုင်တယ်။ တော်ကြာ ရှောင်လိုက်၊ ကပ်လိုက် လုပ်နေရင် အသက်အန္တရာယ်ရှိတယ်။ ပြတ်ပြတ်သားသားနှင်မှ နောင်ကြဉ်သွားမှဖြစ်မှာကွယ့်။ ငါဒီလိုလုပ်ချင်တယ် မယ်ဓံ



www.burmeseclassic.com

www.burmeseclassic.com



ဘွားမယ်ဖဲသည် တုန်ယင်သောလေသံဖြင့် -

"စီမံပါတော် စီမံပါ။ မြန်မြန်စီမံပါ။ ကိုယ်ကျိုးနည်းပါ ပြီတော်"

ဦးသာဝသည် မျက်နှာတစ်ချက်တင်းလိုက်သည်။

"နင်ကလည်းလေ တစ်ခုခုဖြစ်ရင် ဒီလိုချည်းပဲ။ ငါ ဆရာတော်ရဲ့ညီဝမ်းကွဲ ဦးဥက္ကာကိုသွားပင့်မယ်။ သူက မနော စိတ္တပူဇော်ဂိုဏ်းက ဆရာတစ်ယောက်ပဲ။ ဆေးလည်းကုတယ်ကွ။ သူမှပဲ ဒီကိစ္စတတ်နိုင်မှာ"

"မြန်မြန်ပင့်ပါတော်"

"လောလောဆယ် ဦးဥက္ကာ ကျောင်းမှာမရှိဘူး။ ပခုက္ကူ ဆေးသွားကုတယ်။ ငါမနေ့က ရောက်ပြီးပြီ။ ဒီညနေမှ ပြန်လာမှာ။ ဆရာတော်ကိုလည်း အကျိုးအကြောင်းရှင်းပြပြီးပြီ။ မှာထားပြီးပြီမယ်ဖဲ"

ဘွားမယ်ဖဲသည် သက်ပြင်းပူတစ်ချက်ကို ဟူးခနဲမှုတ်လိုက်သည်။

"အော်...မွေးစားသရဲကြီးဖြစ်နေတာကိုး။ ကျုပ်မစိတ်ထဲမှာတော့ သံသယစိတ်တစ်ခုဝင်နေတယ် ကိုသာဝရဲ့"

"ပြောကွယ်...ပြော"

"ဒီကလေးကို ယုယုယယချီပိုးတဲ့အချိန်မှာ ကျုပ်မှာတစ် ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထလေ့ရှိတယ်။ ဒါ...အမြဲတမ်းပဲ



www.burmeseclassic.com

www.burmeseclassic.com



တော့။ မနေ့ကတော့ ပရိတ်ကြိုးဆွဲပြီးတဲ့နောက်မှာ ကျွန်မချီတာ ကို လုံးဝလက်မခံတော့ဘူး။ ကော့ကော့ထိုးတယ်။ အော်ဟစ်ငို ယိုနေတယ်”

“သရဲဆိုတာ သေချာနေပြီပဲ။ နင် ဣန္ဒြေမပျက်နေနော်။ ညနေ ဆရာလာမှ ရှင်းရှင်းလင်းလင်းသိရအောင် လုပ်ရမယ်။ ဒါမှ တို့ကို ဘယ်သူတွေက မကောင်းကြံတယ်။ စိတ်ယုတ်မာရှိ တယ်ဆိုတာ သိရမှာဟ။ နင် အမူအရာမပျက်စေနဲ့”

“စိတ်ချပါတော့။ ရှင်လည်း သတိနဲ့နေဦးတော့။ ရှင့်ဗိုက် ကိုဖောက်ပြီး အူတွေစားသွားဦးမယ်”

“စိတ်ချပါကွယ် စိတ်ချပါ”

× × ×

ညနေစောင်းတွင် ဆရာဦးဥက္ကာသည် ဦးသာဝအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ကြွရောက်လာပါသည်။ ဆရာဦးဥက္ကာ သည် အမှောင့်ပယောဂ၊ မတရားလုပ်ရပ်ကို စက်ဆုပ်ရွံရှာသူဖြစ် သည့်သာမက တစ်ရွာလုံးက အားကိုးနေရသည့် ဆရာတစ်ဆူဖြစ် ရကား ပခုက္ကူမှ ပြန်ရောက်ရောက်ချင်း ဦးသာဝအိမ်သို့ ရောက် လာရခြင်းပင်။

လူ၏သဘာဝအရ စပ်စုတတ်သောညာဉ်ရှိရကား ဆရာ တစ်ယောက် နေအိမ်တစ်အိမ်သို့ ပယောဂကုလာရောက်ပြီဆို



www.burmeseclassic.com

www.burmeseclassic.com



ကြားသိလိုက်ရသည်နှင့် တစ်ယောက်စ၊ နှစ်ယောက်စဆိုသလို ဦးသာဝအိမ်သို့ စုဝေးရောက်ရှိလာကြသည်။

ဆရာသည် ဦးသာဝအိမ်ဝိုင်းထဲဝင်လိုက်သည်နှင့် သူ၏ ပယောဂအတတ်ပညာအရ ဤအိမ်ထဲတွင် အမှောင့်ပယောဂကျ ရောက်နေပြီဖြစ်ကြောင်းကို အတွေ့အကြုံအရ သိရှိလိုက်ရပေပြီ။

သို့သော် ပယောဂဖြစ်ကြောင်း၊ သရဲတစ္ဆေဝင်ရောက်ပူး ကပ်နေပြီဖြစ်ကြောင်းကို သက်သေသာဓကဖြင့် ပြသမှသာ သဘာဝကျပေပြီ။ လူတွေက လက်ခံကြပေမည်။

ဆရာအိမ်ပေါ်တက်လာသည်ကို မြင်သည်နှင့် ကလေး သည် ခြေကိုတဒုန်းဒုန်းဆောင့်ကာ အော်ဟစ်ငိုယိုလေတော့သည်။ ဆရာသည် ငိုယိုအော်ဟစ်သည်ကို အလျှဉ်းဂရုမစိုက်ဘဲ ဘုရား ဝတ်ပြုသည်။ ဆီမီးအမွှေးတိုင် ပူဇော်သည်။ ထို့နောက် တစ် ယောက်စနှစ်ယောက်စ အိမ်ပေါ်တက်လာသော ပရိသတ်ကို တစ် ချက်မျှအကဲခတ်ပြီး ဦးသာဝကို မေးခွန်းတွေ စတင်မေးမြန်းလေ တော့သည်။

“ဒီကလေးကို ဘယ်ကဘယ်လို ခေါ်လာတာလဲ”

ဦးသာဝသည် ကလေးကို စတင်တွေ့ရှိပုံ၊ အိမ်သို့ခေါ်လာ ပုံတို့ကို အသေးစိတ်ပြောပြလိုက်သည်။ ဆရာသည် မျက်စိမှိတ် ကာ အာရုံယူသည်။ ထိုအချိန်တွင် ကလေးသည် တဝါးဝါးငိုယို လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဆိုတာ လူနာရှင်ခွင့်ပြုမှ ဆေးကုရတာ။ ကဲ... ဒီကလေး ကျွန်တော့်ကိုအပ်ပါ"

"အပ်ပါတယ်ဆရာ။ ဆရာ့လက်ကို လုံးဝအပ်ပါတယ်"

ဆရာသည် ခေါင်းတစ်ချက်ညိတ်လိုက်သည်။

ကလေးသည် ဘွားမယ်ဇံလက်ထဲမှလျှောဆင်းကာ မျက်လုံးပြူးကြီးများဖြင့် ဦးသာဝကိုတစ်လှည့်၊ ဆရာ့ကိုတစ်လှည့် မကျေမနပ် မျက်မှောင်ကုတ်၍ကြည့်လေသည်။ ခြောက်လခန့်မျှသောအရွယ်နှင့် မလိုက်ဖက်စွာ အံကြိတ်ဒေါသထွက်နေခြင်းပင်တည်း။

"မြင်ပြီမဟုတ်လား ဆရာ။ ဘယ်လောက်တောင် ကြောက်စရာကောင်းလိုက်သလဲလို့"

"မြင်ပါတယ်"

ဆရာသည် ထိုမျှသာပြောပြီး ကလေးကိုလှမ်း၍စေ့စေ့ကြည့်လေသည်။ ကလေးသည် မျက်နှာကို ချက်ချင်းမဲ့ပစ်လိုက်သည်။

"ဟေ့ကောင်"

ဆရာ၏ မာထန်သောစကားသံဆုံးသည်နှင့် ကလေး၏ မျက်နှာသည် တစ်ချက်ပျက်သွားကာ တစ်ကိုယ်လုံးတုန်ခါသွားလေသည်။ ထို့နောက် တဟင်းဟင်းညည်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်…
ဘုရားအမိန့်၊ အထက်ဆရာကြီးများရဲ့အမိန့်
သွားစမ်း…ဟိုတိုင်နားမှာ ထိုင်နေ၊
ငြိမ်ငြိမ်ထိုင်နေ…မထနဲ့"

ကလေးသည် ဦးခေါင်းငုံ့လျက်ဖြင့် လူကြီးတစ်ယောက်ကဲ့သို့ ဆတ်ခနဲထကာ ဆရာညွှန်ပြသောတိုင်တွင် သွား၍ ခပ်ကုပ်ကုပ်ထိုင်နေလေသည်။ အိမ်ပေါ်တက်လာသော ပရိသတ်သည် ဟင်ခနဲဖြစ်သွားကြကာ တအံ့တဩဖြစ်သွားကြပေသည်။

"ကလေးလေးက လူကြီးတွေလိုပဲဟ"

"အေးဟဲ့…ထူးဆန်းတယ်နော်"

"မျက်စောင်းထိုးတာ၊ ခြေဆောင့်တာ လူကြီးအတိုင်းပဲတော့်"

ပရိတ်သတ်သည် ငြိမ်သက်သွားပြန်ကာ ဆရာနှင့်ကလေး၏ ရင်ဆိုင်တိုက်ပွဲကို ရင်တထိတ်ထိတ်ဖြင့် ဆက်လက်ကြည့်ရှုနေကြပြန်သည်။

"ကိုသာဝတို့ လွန်ခဲ့တဲ့ရက်တွေ၊ လတွေက တစ်စုံတစ်ယောက်နဲ့ ငွေရေးကြေးရေးကိစ္စဖြစ်ဖြစ်၊ စီးပွားရေးကိစ္စဖြစ်ဖြစ် ပြဿနာဖြစ်ဖူးလိမ့်မယ်ခင်ဗျ။ ဟိုဘက်က မကျေမနပ်ဖြစ်ပြီး လူသေအောင်၊ စီးပွားပျက်အောင် တမင်တကာ စနစ်တကျ အောက်လမ်းဆရာနဲ့ပေါင်းပြီး သရဲလွှတ်လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသာဝသည် ရုတ်တရက် ငြိမ်သက်သွားကာ အနည်းငယ် စဉ်းစားဟန်ပြုသည်။

"ပခုက္ကူမြို့ပေါ်က ပွဲစားတစ်ယောက်နဲ့ စကားများဖူးပါတယ်ဆရာ။ သူ့ဘက်က မရိုးသားတာပါ။ စာရင်းတွေလိမ်ပြတယ်။ ကုန်ကျစရိတ်တွေ ပိုတင်တယ်။ ကျွန်တော်က မခံမရပ်နိုင်ဖြစ်ပြီး သူ့အမှားတွေ ထောက်ပြပြောဆိုတော့ တော်တော်ရှက်သွားပါတယ်။ တစ်နေ့ ကျုပ်အကြောင်းသိရစေမယ်လို့ ကြိမ်းမောင်းပြီး ထွက်သွားပါတယ်။ အဲဒီပြဿနာလေးတစ်ခုတော့ လွန်ခဲ့တဲ့ တစ်လ၊ နှစ်လလောက်က ဖြစ်ဖူးတယ်ဆရာ"

ဆရာသည် ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"အဲဒီကျောင်းတော်ကရန်စပဲ ကိုသာဝရေ။ လူဆိုတာ ကိုယ့်ဘက်က ဘယ်လောက်မှန်တယ်၊ ရိုးသားတယ်ဆိုပေမယ့် မနာလိုတဲ့လူ၊ မကျေနပ်တဲ့လူဆိုတာ ရှိစမြဲပဲ။ ဒီကိစ္စက ကိုသာဝတို့မိသားစုကို စီးပွားပျက်အောင်၊ လူပါသေကြေပျက်စီးအောင် သမ္မာရင့်၊ ပညာရင့် အောက်လမ်းဆရာနဲ့ပူးပေါင်းပြီး ကြံစည်လွှတ်လိုက်တာပဲဗျို့။ ကံကောင်းတယ်။ အချိန်မီသွားလို့ ဆိုရမှာပဲ"

ဘွားမယ်ဖဲသည် ထိတ်ထိတ်ပျာပျာဖြင့် ဆရာ့ကို အားကိုးတကြီးလှမ်းကြည့်ကာ တုန်တုန်ယင်ယင်ဖြင့် -

"အမလေး ဆရာရယ် ကံကြီးပေလို့သာပေါ့။ ကယ်



www.burmeseclassic.com

www.burmeseclassic.com



တော်မူပါရှင်"

ဦးသာဝက ဆက်၍ -

"ကျွန်တော်တို့က ကလေးကလည်းမထွန်းကား၊ ကလေးလေးကလည်း ချစ်စရာ၊ စာတွေဘာတွေနဲ့ပစ်ထားတာဆို တော့ ပျော်ရွှင်ပြီး မွေးစားဖို့ခေါ်လာတာပါပဲခင်ဗျာ"

ဆရာသည် ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

ထို့နောက် လွယ်အိတ်ထဲမှ အင်းပြားကလေးတစ်ချပ်ကို ထုတ်ယူကာ ဘုရားကျောင်းဆောင်ပေါ်တွင်တင်၍ မီးပူဇော်သည်။ ထို့နောက် နေရာတကျပြန်ထိုင်ကာ တိုင်တွင်ကျောမှီပြီး မကျေ မနပ်ဖြင့် ဆောင့်ကြောင့်ထိုင်နေသော လူထူးဆန်းကလေးကို စိုက် ကြည့်လိုက်လေသည်။

"နည်းနည်းနောနောအကောင်ကြီးမဟုတ်ဘူး ကိုသာဝ ရေ။ မျက်လုံးက လက်ဖက်ရည်ပန်းကန်လုံးထက်တောင် ကြီးဦး မယ်။ အရပ်က ရှစ်ပေလောက်ရှိတယ်ဗျို့။ တစ်ကိုယ်လုံး အမွေး တွေပေါက်နေတာဗျ။ အစွယ်က လက်ညှိုးလောက်ရှိနေပြီဗျာ"

အားလုံးသောပရိသတ်များသည် အံ့သြကြောက်လန့်ကာ

"အမလေး"

"ဟာ"

"ဟင်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏မျက်လုံးများ စူးစမ်းသောအကြည့်များသည် ကလေးငယ်ဆီသို့ စုပြုံကျရောက်နေပေသည်။ အိမ်ပေါ်သို့ လာရောက်စူးစမ်းကြည့်ရှုသူ တဖြည်းဖြည်းများလာသည်။

"ဟော့ကောင် နင့်ကို ငါပိုင်ထားပြီ"

ဆရာ၏ အောင်မြင်ဝင့်ကြွားသောလေသံ၊ ကလေးငယ်က မျက်လုံးပြူးကာ ပြန်ကြည့်သည်။

"လာစမ်း"

ကလေးငယ်သည် ဝေါက်ခနဲထကာ ဆရာ၏ရှေ့တွင် မဝံ့မရဲရပ်နေသည်။ ပရိသတ်သည် အံ့သြတကြီးမျက်နှာများဖြင့် လမ်းမလျှောက်တတ်သေးသောအရွယ်က လူကြီးတစ်ယောက်ကဲ့သို့ ပြုမူလျှောက်လာပုံကိုကြည့်ပြီး တီးတိုးတီးတိုးပြောနေကြတော့သည်။

"ဒီမှာထိုင်"

ကလေးက တုန်တုန်ယင်ယင်ဖြင့် ဆရာရှေ့တစ်လံအကွာတွင် ခေါင်းကြောင့်ကလေး ထိုင်နေလေသည်။ ဆရာသည် ချောင်းတစ်ချက်ဟန့်လိုက်သည်။

"မင်းဘယ်သူလဲ"

ကလေးသည် ဟီးခနဲတစ်ချက်အော်လိုက်ကာ -

"ထိပ်နီ"

ပရိသတ်သည် လှုပ်လှုပ်ရွရွဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိပ်နီတဲ့တော့။ ကြောက်စရာကြီး။ နာမည်ကြီးကိုက အသည်းထိတ်စရာ ထိပ်နီတဲ့"

ဆရာသည် မျက်မှောင်ကြုတ်ကာ စူးစူးစိုက်စိုက်ကြည့်သည်။

"ဘယ်က ထိပ်နီလဲ"

"ဇရစ်ရိုးသင်္ချိုင်းက"

"မင်းကို ဘယ်သူလွှတ်လိုက်တာလဲ"

"ဆရာတစ်ယောက်ရောက်လာပြီး ဆေးစီရင်ပြီးခေါ်လို့ လိုက်လာရတာပါ"

"မင်းဆရာ ဘယ်သူလဲပြော"

ကလေးသည် ငြိမ်သက်နေသည်။

"ပြောလေ"

တုတ်တုတ်မျှမလှုပ်။ ခန္ဓာကိုယ်တော့ တဆတ်ဆတ်တုန်နေသည်။

"မပြောချင်လည်းရပါတယ်ကွာ။ မင်းဆရာနာမည်သိတော့လည်း ဘာမှမဖြစ်ဘူး။ မသိလည်း ဘာမှမဖြစ်ဘူး။ ငါ့အလုပ်ငါဆက်လုပ်ရမှာပဲ။ ကဲ...မင်းကို ဘယ်လိုခေါ်လာတာလဲ"

ကလေးသည် တုန်တုန်ခိုက်ခိုက်ဖြစ်လာသည်။

"ကျုပ်က အစိမ်းသေ သေခဲ့ရတယ်။ သူများသတ်လို့ သေရတာပါ။ ဆရာက ကျွန်တော့်သင်္ချိုင်းကိုဖော်ပြီး ခေါင်းခွံကို



www.burmeseclassic.com

www.burmeseclassic.com



ယူပါတယ်။ ခေါင်းခွံကိုယူထားပြီး စီရင်တာပါ"

ဆရာသည် တစ်ချက်မျှစဉ်းစားသည်။

"မင်းကို ဘာကိစ္စနဲ့ ဒီအိမ်ကို လွှတ်လိုက်ရတာလဲ"

ကလေးသည် လူအုပ်ထဲမှ ဦးသာဝနှင့်ဘွားမယ်ဖဲကို လိုက်ရှာကြည့်ရင်း -

"သာဝနဲ့ မယ်ဖဲကိုသတ်ပြီး ကုတ်ချီးစားဖို့။ စီးပွားပျက်အောင်ရှာပ်ဖို့"

ဦးသာဝနှင့် ဘွားမယ်ဖဲသည် ပြိုင်တူအော်ဟစ်လိုက်ကြသည်။

"အောင်မယ်လေးဗျ"

"အောင်မယ်လေးတော့်... သောက်ပလုတ်တုတ်ကြီး"

ပရိသတ်သည် ကလေးပါးစပ်မှ အသံနက်ကြောကြောကြီးနှင့်ပြောလိုက်သော စကားများကြောင့် မျက်လုံးမျက်ဆန်ပြူးကာ ကြောက်လန့်ကုန်ကြသည်။

"မင်း သူတို့ကို ဘာဖြစ်လို့မစားသေးတာလဲ"

"သူတို့အကြံဦးသွားလို့ပါ"

"ဘာအကြံလဲကွ"

ကလေးသည် ဘာမှမပြောဘဲ ဦးသာဝနှင့် ဘွားမယ်ဖဲတို့လည်ပင်းများမှဆွဲထားသော ပရိတ်ချည်ကြိုးများကို လက်ညှိုးထိုးပြကာ ကျန်လက်တစ်ဖက်ဖြင့် မျက်နှာကို လက်ဝါးဖြင့်အုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေသည်။ ပရိသတ်သည် ပြုံးစေ့စေ့ဖြစ်သွားသည်။ ပရိသတ်ထဲမှ ကောင်မလေးတစ်ယောက်က ခစ်ခနဲတစ်ချက်ရယ်မောလိုက်ကာ -

"ဟီး...ဟီး...ဟိ...သရဲလေးက ဒါကျတော့ကြောက်သား"

ကလေးသည် အသံလာရာသို့ တစ်ချက်မျှစောင်းငဲ့ကြည့်လိုက်သည်။

"ကြောက်တာပေါ့ဟဲ့။ မကြောက်လို့ရမလား။ မကြောက်ရင် ခန္ဓာကိုယ် ထက်ပိုင်းပြတ်သွားမှာပေါ့ဟဲ့"

ထိုအခါ အထိတ်တလန့်ဖြစ်နေသော ပရိသတ်သည် ဝါးခနဲရယ်မောလိုက်ကြပေရာ အခန်းကျယ်ကြီးတစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားလေသည်။

"ဟေး...ဟေး...သရဲလေးကြောက်တတ်တာတော့ ရှိသားပဲကွ"

"ကြည့်စမ်း...မျက်နှာကလေး ပေစောင်းစောင်းနဲ့"

"သရဲထိပ်နီဆိုတာ သူ့ကိုးကွ"

"ဟား...ဟား...ဟား"

"ဟိ...ဟိ...ဟီး"

"ခစ်...ခစ်...ခစ်"

အသံတွေ ဆူဆူညံညံဖြစ်နေစဉ် ဆရာသည် ချောင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ဟန့်လိုက်ပြီး ပရိသတ်ကို အသံတွေငြိမ်စေရန် သတိပေးလိုက်သည်။ ပရိသတ်ငြိမ်သက်သွားသောအခါ -

"ခဏကလေး သည်းခံပေးကြပါ။ ကျွန်တော် အခုဆေးကုနေတာပါ။ အမှောင့်ပယောဂကို ကုသနေခြင်းဖြစ်ပါတယ်။ သရဲထိပ်နီကို မေးခွန်းတွေစုံစုံစေ့စေ့မေးပြီး ဇစ်မြစ်ကိုသိရမှ ဆေးကုသလို့ရမှာကြောင့်ပါ။ ကဲ…မင်းကို ခု လွှတ်ပေးလိုက်မယ်။ မင်း ဘယ်ကိုသွားမှာလဲ"

"ကျုပ်ဆရာဆီပဲ သွားရမှာပါ။ ဆရာက ချုပ်ထားတာကိုး"

"ထွက်ပြေးပေါ့ကွ"

"ထွက်ပြေးလို့မရပါဘူး။ ဆရာက ခေါင်းခွံယူထားတယ်"

"မင်းကို သူ့လက်ထဲကလွှတ်အောင် ငါလုပ်ပေးမယ်။ ဘယ့်နှယ်လဲ"

ကလေးသည် တစ်ချက်တွေဝေသွားသည်။

"ကျုပ် ကျွတ်ချင်လွတ်ချင်ပါပြီ။ နှစ်တွေကြာလှပါပြီ"

ဆရာသည် ဒူးတုပ်ထိုင်နေသော ကလေးကို စိုက်ကြည့်ရင်း -

"မင်းအသက် ဘယ်လောက်ရှိပြီလဲ။ ဘယ်လိုသေတာလဲ ပြောပါဦးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အသက်က နှစ်ရာကျော်ပြီ။ အလောင်းဘုရား လက်ထက်မတိုင်မီကပေါ့"

ပရိသတ်ထံမှ အာမေဋ္ဌိတ်သံတွေ ဆူညံသွားပြန်သည်။

"မြို့ဝန်တစ်ယောက်အိမ်ကို ကျုပ်တို့ ဓားပြဝင်တိုက်ပြီး ရွှေတွေရတယ်လေ။ အဲဒီမှာ ဝေစုခွဲကြရာက အချင်းချင်း ဝေစု မတည့်ဖြစ်ပြီး သတ်ဖြတ်ကြတော့ ကျုပ်သေခဲ့ရတာပေါ့။ ကျုပ် ဒေါသစိတ်၊ လောဘစိတ်နဲ့သေခဲ့ရတာပါ။ ကျုပ်ကို ချောင်းမြောင်း ပြီး လုပ်ကြံကြတာလေ"

"ခု မင်းကို ကျွတ်လွတ်အောင်လုပ်ပေးမယ်။ မင်းကို ဒဏ်မခတ်ဘူး။ ကျွတ်လွတ်အောင် မင်းရဲ့ခေါင်းခွံယူပေးပြီးရင် အမျှအတန်းဝေပေးမယ် ထိပ်နီ"

"ကျေးဇူးတင်ပါတယ်"

"ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူးလို့ ကတိပေးစမ်း"

ကလေးငယ်သည် ခေါင်းတစ်ချက်ညိတ်သည်။ မျက်လုံး ကြီးများဖြင့် လှန်၍ကြည့်သည်။

"ကိစ္စရှိရင် မင်းကို ငါခေါ်မယ်၊ နားလည်လား"

"ကျုပ် ကတိပေးပါတယ်။ ဘယ်သူ့ကိုမှ ဒုက္ခရောက် အောင် မလုပ်ပါဘူး။ ခုဟာကလည်း အောက်လမ်းဆရာက ခေါင်းခွံယူပြီး ဆေးစီရင်နိုင်းလို့ လုပ်ရတာပါ"

ဆရာသည် ခေါင်းတစ်ချက်ညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခုပြန်တော့။ နောက် ဒီရွာထဲကိုတောင် မဝင်ရဘူး။ ကဲ···မင်းညညမှာ စားစရာတွေခိုးစားတဲ့ ရုပ်သဏ္ဌာန်နဲ့ နောက်ဖေးပေါက်ကဆင်းပြီး ပြန်ရမယ်"

"ဟုတ်ကဲ့ ဝမ်းသာလှပါပြီ။ ကျုပ်သွားတော့မယ်"

ဆရာသည် နှုတ်မိန့်ဖြင့်ချုပ်ထားသည်ကို နှုတ်မိန့်ဖြင့်ပင် ဖြေလိုက်သည်။ အချိန်ကား နေဝင်ရီတရောအချိန်သို့ပင် ကျရောက်လေပြီဖြစ်ပေသည်။ ဘွားမယ်ဇံသည် မီးအိမ်တွေကို ထွန်းထားသည်။ နောက်ဖေးတံခါးကိုမူ ရှေးမဆွကပင် ဆရာကဖွင့်ထားခိုင်းသဖြင့် ဖွင့်ထားပြီးဖြစ်သည်။ အပြင်ဘက်တွင် အလင်းကွယ်ပျောက်လျက်ရှိသည်။

"ကဲ···ထိမ်နီ သွားတော့။ နောင်ကို ဒီရွာနားတောင် မကပ်နဲ့ နားလည်လား"

ကလေးသည် ဦးခေါင်းကိုညိတ်ကာ ဒူးတုပ်ထိုင်နေရာမှ ထသည်။ ထို့နောက် နောက်ဖေးပေါက်ဆီသို့ တစ်လှမ်းချင်းလှမ်း၍ သွားသည်။ ခြေတစ်လှမ်းလှမ်းတိုင်း သူ၏အရပ်နှင့်ခန္ဓာကိုယ်မှာ မြင့်၍မြင့်၍သွားသည်။

နောက်ဖေးတံခါးပေါက်မှတစ်ဆင့် မြေပေါ်သို့ခြေချလိုက်သည်နှင့် မွေးမှင်စုတ်ဖွားနှင့် ပကတိသရဲတစ္ဆေကြီးတစ်ကောင် အဖြစ်သို့ရောက်ကာ ဆရာရှိရာသို့ လှည့်၍ပင်မကြည့်ဝံ့ဘဲ မှောင်ရီပျိုးစ ပတ်ဝန်းကျင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



သရဲကြီး နောက်ဖေးပေါက်မှ ခုန်ဆင်းပျောက်ကွယ်သွားသည်နှင့် စောစောပိုင်းက ငြိမ်သက်တိတ်ဆိတ်နေသော တစ်ရွာလုံးရှိ ခွေး သတ္တဝါအပေါင်းသည် သံပြိုင်ညီညာ ဝိုင်းဝန်းအူကြလေတော့ သည်တကား။

ခွေးများသည် တစ်ကောင်နှင့်တစ်ကောင် အူသံချင်းဆက် ကာ ဝမ်းခေါင်းသံကြီးများဖြင့် အူကြခြင်းဖြစ်ပေရာ ဦးသာဝနှင့် ဘွားမယ်ဖဲတို့၏အိမ်ပေါ်မှ ပရိသတ်သည်လည်းကောင်း၊ နေအိမ် အသီးသီးမှ ရွာသူရွာသားများသည်လည်းကောင်း ကြောက်လန့် တကြား မျက်လုံးမျက်ဆံပြူးကာ လန့်ဖျန့်ကုန်ကြပေသည်။ အသံ မထွက်ဘဲ ငြိမ်သက်နေကြသည်။

"စိတ်ချလက်ချ နေကြပေတော့။ ထိပ်နီမလာတော့ပါ ဘူး။ ဒါပေမယ့် သူ့ဆရာ အောက်လမ်းဆရာနဲ့ ဆက်ပြီးစာရင်း ရှင်းကြရဦးမှာပေါ့။ သူ့တပည့်ကို ကျုပ်တို့က ဒုက္ခမပေးဘဲ နှင်လွှတ်လိုက်တော့ အခဲမကြေဖြစ်မှာတော့ သေချာတယ်ဗျို့"

မင်းဘုန်းသိခ်သူ



www.burmeseclassic.com

www.burmeseclassic.com



# လိုက်မဆွဲနဲ့နော်

## ဂါဦးခွန်းကို

မမေးပါနဲ့ဆရာမရယ်။ ပြောရမှာကို ကျွန်တော့်ရင်ထဲမှာ ချိုလွန်းလို့ပါ။ ဟော့ဒီ ဟော့ဒီရင်ဘတ်ကြီးကို သံချွန်နဲ့ထိုးသလို ခံရလွန်းလို့။ မနာရှိမလားဆရာမရယ်။ ညီထွေးဆိုတာ အခြားသူ မဟုတ်တာ။ ကျွန်တော့်အချစ်ဆုံးညီငယ်လေ။ အို…တစ်အိမ် သားလုံးရဲ့အချစ်တော်လေးပါဗျာ။ ခုများတော့ ခုများတော့ဗျာ



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေးကို တစ်အိမ်သားလုံးက အချစ်ဆုံးဆိုပြီး အလိုလိုက်ထားတော့ သူ့ထင်ရာလုပ်တတ်တဲ့ အကျင့်လေးတော့ရှိရဲ့။ ဒီအကျင့်လေးကြောင့်ပဲ အခုထက်ထိ ဟိုဘဝမှာပျော်ဝင်ရင်း ဟိုဟိုသည်သည် လိုက်ဆွဲနေဦးမလား။ မပြောတတ်ပါဘူး။ ဪ... ကျွန်တော်က ခုလိုပြောနေပြန်တော့ ဆရာမရဲ့စိတ်ထဲ ဘာတွေများဖြစ်ခဲ့သလဲဆိုတဲ့အတွေးနဲ့ ပိုပြီးသိချင်နေမှာပေါ့။ ကဲပါလေ... ပြောလက်စနဲ့ မထူးတော့ပါဘူး။ ကျွန်တော် ရင်နာနာနဲ့ပဲ ဖြစ်ကြောင်းကုန်စင်ကို ပြောပြပါတော့မယ်။

× × ×

ညီထွေးဆိုသူ၏ အမည်ရင်းမှာ အမှန်တော့ မောင်တင်မောင်ဦး ဖြစ်သော်လည်း တစ်အိမ်သားလုံးက ချစ်စနိုးနှင့် ညီထွေးဟုသာ ခေါ်ဝေါ်ကြသောကြောင့် အမည်ရင်း တင်ဦးမောင်ပျောက်ကာ ညီထွေးသာဖြစ်နေပါတော့သည်။ တစ်ရပ်တစ်ရွာလုံးကလည်း ညီထွေးဟုသာ ခေါ်ဝေါ်ကြသည်။ ညီထွေး၏မိသားစုတွင် မိသားစုဝင် ကိုးဦးရှိသည့်အနက် ညီထွေးက အငယ်ဆုံးအထွေးဆုံး တစ်အိမ်လုံး၏ အချစ်တော်လေး။

ညီထွေးငယ်စဉ်က အတော်ချူချာခဲ့သည်။ မကြာမကြာ ဖျားနာချူချာလွန်းသောကြောင့် တစ်အိမ်လုံးက အရိပ်တကြည့်ကြည့်ဖြစ်ခဲ့ရသည်မှာ ယခုထက်ထိ။ ညီထွေးကလည်း ညီထွေး



www.burmeseclassic.com

www.burmeseclassic.com



ပင်။ ယခုလို လူပျိုပေါက်အရွယ်ရောက်ခဲ့သည့်တိုင် ဖျားနာချင် ချူချာချင်တုန်း။ သို့ကြောင့်လည်း ညီထွေးဘယ်သွားသွား ဘယ်လာလာ မိဘမောင်ဖွား အစ်ကိုအစ်မများ ထက်ကြပ်မကွာ မလိုက်ရသည်မရှိသလောက်။

"ညီထွေးရေ ညီထွေးအိမ်ရှေ့မှာ ဖိုးသာလွန်းတို့ ရောက်နေတယ်"

အစ်ကိုကြီးတင်အောင်ဦး၏ စကားကြောင့် ညီထွေး အိမ်ရှေ့သို့ ပြေးထွက်လာလိုက်သည်။ မကြာခဏ ဖျားနာပြီး အစားအသောက်နည်းပါးသော ညီထွေး၏ခန္ဓာကိုယ်ကား ပြေးထွက်အလာတွင် လှုပ်လီလှုပ်လဲ့ ယိမ်းယိုင်နေပုံမှာ စာခြောက်ရုပ်ကို လေတိုက်သကဲ့သို့ ဖြစ်နေလေသည်။

"ဟိတ်အကောင်ရ ဖြည်းဖြည်းလာစမ်းပါ။ အရိုးတွေလည်း ပြုတ်ထွက်ကုန်ဦးမယ်"

ကုလားထိုင်တွင် ထိုင်နေသူနှစ်ဦးအနက် အသားညိုညို ပုပုနှင့်တစ်ယောက်က ညီထွေးကိုလှမ်းနောက်လိုက်သည်။ ညီထွေးကလည်း ငြိမ်ခံသူမဟုတ်။ ကုလားထိုင်တွင်ဝင်ထိုင်ရင်း ပြန်ပက်လိုက်၏။

"အေး...ပြုတ်ထွက်လာတဲ့အရိုးကို ကောက်တပ်လိုက်ပေါ့။ မင်းအရုပ်အတွက် အထောက်အကူဖြစ်တာပေါ့ကွ ကိုသာလွန်းရ"



www.burmeseclassic.com

www.burmeseclassic.com



ညီထွေးရဲ့စကားကြောင့် အားလုံးပွဲကျသွားကြသည်။ ညီထွေး ထိုသို့ပြောရလောက်အောင်လည်း ဖိုးသာလွန်း၏အရပ်က ပုပျပ်နေသည်မဟုတ်လား။

"ကဲပါ...မင်းတို့ပြောတာတွေ ခဏထားဦး။ ခု ငါတို့ မင်းကိုလာခေါ်တာ။ ဟိုဘက်ရွာမှာ ပွဲဈေးရှိလို့ကွ။ အဲ့ဒါ မင်းနေကောင်းတယ်ဆိုရင် ငါတို့နဲ့လိုက်ခဲ့ပါလား"

ဖိုးချစ်ဇော်၏စကားဆုံးတော့ ညီထွေးတွေဝေသွားရသည်။ လိုက်သွားရကောင်းမလား၊ နေခဲ့ရကောင်းမလား ညီထွေးစဉ်းစားရပြီ။ ယခု အခြေအနေကိုကြည့်ရတာတော့ ညီထွေး၏ ကျန်းမာရေးအခြေအနေကလည်း ယခင်ကနှင့်မတူတော့ပဲ အတော်အတန်ကောင်းမွန်နေပြီမို့ မိဘတွေကလည်း ညီထွေးဇွတ်ပြောလျှင် လွှတ်မည်သာ။

"ဟိတ်ကောင်တွေ တွေဝေမနေနဲ့ တွေဝေရင် မယ်ရွှေနဲ့ဝေးသွားမယ်။ ဇာတ်အဖွဲ့လည်းပါမှာနော်။ ခေါင်းဆောင်မင်းသမီးက ပန့်တျာမယ်ရွှေတဲ့။ ချောမှချောဆိုပဲ"

သာလွန်းက ညီထွေးသူတို့ဘက်အလေးသာစေရန် ဇာတ်မင်းသမီးနှင့် ဆွယ်လိုက်သည်။ ညီထွေးအရွယ်ကလည်း ၁၅၊ ၁၆ နှစ်အရွယ် လူပျိုပေါက်မဟုတ်လား။

"အေးကွာ လိုက်မယ်။ ဒါပေမယ့် ခဏနေဦး။ အမေတို့ အစ်မတို့ကို သွားပြောရဦးမှာ။ မင်းတို့ပါ လိုက်ပြောပေး"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး သူ့ကိုယ်သူ ကလေးပဲအောက်မေ့နေလား မသိဘူး။ ဟိတ်ကောင်တွေ မျက်လုံးပြူးမပြနဲ့။ ငါက အသက်တို ပြောတာ။ ၁၅နှစ် ၁၆နှစ်ဆိုတာ အရွယ်ရောက်နေပြီ။ သူများတွေ ဆို လယ်တွေယာတွေတောင် လုပ်ကိုင်လို့ မိဘတွေ မျက်နှာလွှဲရ နေပြီ"

ဖိုးသာလွန်းက နောက်ပြောင်သည့်သဘောနှင့် ပြောလိုက် သော်လည်း ညီထွေးခများတော့ အားလျှော့သိမ်ငယ်သွားမိ၏။

"သာလွန်း မင်းကလည်း ညီထွေးကို အရမ်းမနောက် စမ်းပါနဲ့။ ဟိုမှာ မျက်နှာတောင်ငယ်နေပြီ။ ကဲလာ…ညီထွေး မင်းမိဘတွေကို ငါတို့ဝိုင်းပြောပေးမယ်"

ဖိုးချစ်ဇော်ကပဲ ကြားကပြန်ဖြေရင်း ညီထွေး၏မိဘများ ဆီသို့ ဦးဆောင်ထွက်လာလိုက်သည်။ ရာသီဥတု ပူအိုက်သော ကြောင့် ညီထွေး၏မိဘများက အိမ်နောက်ဘက်ကွပ်ပျစ်တွင် ဝိုင်း ဖွဲ့နေကြ၏။

"ကြီးမေတို့ နေကောင်းကြရဲ့နော်"

"ဩော်…မောင်ချစ်ဇော်တို့ပါလား။ ကောင်းပါတယ် ကွယ့်။ အလည်လာကြတာလား"

"ဟုတ်ကဲ့ကြီးမေ။ ဒါနဲ့ ညီထွေးက အရင်ကနဲ့ မတူ တော့ဘူးနော်။ အရွယ်ရောက်လာလို့လားမသိဘူး။ ကျန်းကျန်းမာ မာဖြစ်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ့်။ ကြီးမေတို့လည်း အဲ့ဒါကိုပဲ ဝမ်းသာနေရတာ။ အရင်ကဆို မိုးရွာရင်ဖျား၊ နေပူရင်ဖျားဖြစ်နေတာ။ ခုကျမှပဲ စိတ်နည်းနည်းအေးရတော့တယ်"

"ဟုတ်တယ်အမေ။ ကျွန်တော် အရင်နဲ့မတူတော့ပါဘူး။ ကျန်းကျန်းမာမာ လူကောင်းပကတိဖြစ်နေပါပြီ။ အမေ့ကို ခွင့်တောင်းစရာရှိလို့"

ညီထွေး ဝင်ပြောလိုက်သောကြောင့် မိခင်ဖြစ်သူ ဒေါ်တင်နွဲ့ မျက်လုံးများပြူးကျယ်သွားရပြီး -

"ဟဲ့…သားထွေး အမေ့ကို ဘာများခွင့်တောင်းမလို့လဲ။ ဘုရားရေ သားမှာ ရည်းစားသနာရှိနေပြီလား။ အမေလိုက်တောင်းပေးရတော့မှာလား"

"အာ…မဟုတ်ရပါဘူးဗျာ။ အမေကလည်း ဘာတွေလျှောက်တွေးနေတာလဲ။ ကျွန်တော်က ကလေးအတွေးပဲရှိပါသေးတယ်။ ခုခွင့်တောင်းတာ သူတို့နဲ့အတူ ဟိုဘက်ရွာကဘုရားပွဲကို သွားကြည့်ချင်လို့။ အဲ့ဒါ အမေခွင့်ပြုပေးဖို့ လာတောင်းတာ"

ညီထွေးစကားကြောင့် ဒေါ်တင်နွဲ့ ပြုံးတော့မလိုလိုဖြစ်သွားပြီးမှ မျက်နှာညှိုးသွားသည်။ သားငယ်ကို သူစိမ်းတစ်ရံဆံတွေနှင့် လွှတ်ရမည်ကို စိတ်မချသောကြောင့်ဖြစ်၏။

"အို…သားထွေးကလည်း သားထွေးသူငယ်ချင်းတွေနဲ့ သွားလို့ဖြစ်ပါ့မလား။ မင်းအစ်ကိုကြီးတွေနဲ့မှ သွားပါလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းအစ်ကိုကြီးတွေ သန်ဘက်ခါလောက်ဆို အချိန်အားလောက်ပါပြီ''

''ဟာ…အမေကလည်း သားကျန်းမာနေပါပြီ။ သားသူတို့နဲ့လိုက်သွားလို့ရပါတယ်။ သားလည်း သူငယ်ချင်းတွေနဲ့ လည်ချင်တာပေါ့အမေရယ်။ သားက သွားမယ်ဆို သွားရမှာနော်''

ညီထွေးက ဇွတ်အတင်းလွှတ်ဖို့ပြောသည်။ မပြောလို့လည်းမဖြစ်၊ သူငယ်ချင်းရှေ့တွင် သူဟာပျော့ညံ့သူတစ်ယောက်မဟုတ်ကြောင်း လူကြီးတစ်ယောက်ဖြစ်နေပြီဖြစ်ကြောင်း ပြချင်နေသည်။ မိခင်က တစ်ခွန်းဆိုတစ်ခွန်း နာခံတတ်သော ခပ်ညံ့ညံ့လူစားမဟုတ်ဟု ထင်စေချင်သည်။ နို့ပေမယ့် သူ့အတွေးများမှားယွင်းနေသည်ကိုတော့ သူတသိမထားမိ။

''ဒါပေမယ့် သားလေးရယ် အမေစိတ်မချဘူးကွယ်''

''ဩော်…ကြီးမေ စိတ်မပူပါနဲ့။ ကျွန်တော်တို့ ဆိုင်ကယ်နဲ့သွားကြမှာပါ။ နောက်ပြီး ညီထွေးပြုတ်ကျမှာစိုးရင် ကျွန်တော်တို့ သူ့ကိုအလယ်မှာထားစီးပါ့မယ်''

ညီထွေးကို ပါစေချင်လွန်းသော ဖိုးချစ်ဇော်က [illegible] ရာပြေလည်ကြောင်း တာဝန်ခံကာ ဝင်ပြောလိုက်သည်။

''ဟုတ်ပါတယ်.အကြီးရဲ့။ ကျွန်တော်ဆိုင်[illegible] နေးတာ တစ်ရွာလုံးအသိရယ်။ ဆိုင်ကယ်ကို [illegible] လည်း မစီးတတ်ပါဘူး။ အကြီး ညီထွေးကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ခေါ်သွားပါ့မယ်။ နောက်ပြီး မိုးလင်းမှပြန်လာမှာပါ''

သာလွန်းကလည်း မနေသာတော့၍ ဝင်ပြောလာသည်။ အားလုံးက ဝိုင်းပြောနေကြ၍ ဒေါ်တင်နွဲ့ငြိမ်းရခက်သွားသည်။ ညီထွေး၏မျက်နှာကို ကြည့်လိုက်တော့လည်း သွားလိုစိတ်အပြည့်ဖြင့် အသနားခံနေသော မျက်နှာလေး။

''ကဲပါလေ ...သားထွေး သွားချင်ဆိုလည်းသွားပါ။ ဒါပေမယ့် ရုတ်တရက် နေလို့ထိုင်လို့ မကောင်းဘူးဆိုရင် ပဲမြစ်ရွာမှာ ဆေးဆရာရှိတာပဲ။ အဲ့ဒီဆေးဆရာဆီ ချက်ချင်းသွားပြဟုတ်ပြီလား''

''ဟုတ်ကဲ့အမေ။ စိတ်ချ စိတ်ချဗျာ''

ညီထွေးက မိခင်ဆီမှ ခွင့်ပြုချက်ရသည်နှင့် အိမ်ရှေ့ဆိုင်ကယ်ရှိရာဆီသို့ ပျော်ရွှင်မြူးထူးစွာ ပြေးထွက်သွားသည်။ ညီထွေး၏နောက်မှ သူငယ်ချင်းနှစ်ယောက် ပြေးလိုက်သွားကြသည်ကို ဒေါ်တင်နွဲ့ စိတ်မသက်သာစွာငေးကြည့်ရင်း သက်ပြင်းရှည်ကြီးကို ချလိုက်မိတော့၏။

× × ×

''ပျော်လိုက်တာကွာ။ အမေခွင့်ပြုပါ့မလားလို့ ငါ့မှာ စိတ်ပူလိုက်ရတာ''

တဟားဟား တိုက်ခတ်နေသော လေညင်းများကြား၌ ညီ



www.burmeseclassic.com

www.burmeseclassic.com



ထွေး၏အသံက ခပ်ဩဩထွက်ပေါ်လာသည်။

"အကြီးက လွှတ်မယ်လို့ ငါကယုံပြီးသား။ ဟိတ်ကောင်…သေချာလည်းကိုင်ထားဦး။ မင်းပြုတ်ကျတာက အရေးမကြီးဘူး။ ငါတို့က အမှုပတ်မှာ"

ဖိုးသာလွန်းက သူ့ထုံးစံအတိုင်း အော်ဟစ်ပြောလိုက်၍ ညီထွေး မဲ့ပြလိုက်သည်။ ဖိုးချစ်ဇော်ကတော့ သူတို့နှစ်ယောက်ပြောစကားများကို နားထောင်ရင်း ပြုံးရယ်လျှက် လိုက်ပါလာ၏။ သူတို့သွားနေသည်က တစ်ဖက်ရွာပဲမြစ်။

ပဲမြစ်ရွာသို့မရောက်မီ ကွမ်းခြံတံတားကို ဖြတ်သန်းရသည်။ ကွမ်းခြံတံတားဟူသည်က နာမည်ကြီး။ ကွမ်းခြံတံတား၏ မကောင်းသတင်းကို ရွာခံလူတိုင်းသိကြ၏။ သေွးကြောတွေရပ်ဆိုင်းသွားသလို ကြောက်လန့်သွားတတ်သည်မဟုတ်ပါလား။ သို့ကြောင့်လည်း တစ်နိုင်လျှင် ရှောင်ကွင်းသွားတတ်ကြသလို တံတားမှဖြတ်သန်းသွားရသည့်အခါတွင်လည်း ဘုရားစာရွတ်သူကရွတ်၊ ပုတီးစိပ်သူကစိပ်၊ မေတ္တာပို့သူကပို့နှင့် မိမိယုံကြည်ကိုးစားရာ ကုသိုလ်များ ပွားများသွားတတ်ကြသည်။ ထိုသို့ပြုလုပ်သွားမှသာ အန္တရာယ်ကင်းသည်များ၏။ အကြောင်းက ကွမ်းခြံတံတားအနီးတွင် ဆိုင်ကယ်များ၊ ကားများ အကြောင်းပြချက်မရှိပါဘဲ၊ အဖြေရှာမရဘဲ တိမ်းမှောက်သွားခဲ့သောကြောင့်ပင်။ တစ်ခုခုဖြစ်သွားတတ်သည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်လွှန်း…ဆိုင်ကယ်ကို သတိထားမောင်းဦးနော်။ ရှေ့မှာ ကွမ်းခြံတံတားကို ရောက်တော့မယ်"

ဖိုးချစ်ဇော်က စိုးရိမ်မကင်းသောလေသံနှင့် ပြောလိုက်၏။ အပြင်လောကနှင့် အသွားအလာကျဲပါးသော ညီထွေးက ဖိုးချစ်ဇော်၏စကားကို နားမလည်ဟန်ဖြင့် -

"ဘာဖြစ်လို့လဲကိုချစ်ရ။ ကွမ်းခြံတံတားနဲ့ဆိုင်ကယ် သတိထားမောင်းဖို့နဲ့က ဘာဆိုင်လို့လဲ"

"မင်းမသိပါဘူးညီထွေးရာ။ အဲဒီတံတားကနာမည်ကြီး။ အဲ့ဒီတံတားပေါ်မှာ ဆိုင်ကယ်တွေ၊ ကားတွေ အကြောင်းမဲ့ မှောက်တတ်တိမ်းတတ်လွန်းလို့ သာလွန်းကို သတိပေးရတာ"

"ဪ…အဲဒီလိုလား။ ဒါနဲ့ ဘာဖြစ်လို့ အကြောင်းမဲ့ မှောက်ရတာလဲ။ ကိုချစ်ကရော ဘယ်လိုထင်လဲ"

ညီထွေးက နဂိုကတည်းက ကလေးစိတ်သာသာရယ်။ တောင်တောင်အီအီ သိပ်မတွေးတတ်။ သို့ကြောင့်လည်း သူမသိသည်ကို အရိုးခံအတိုင်း ဖိုးချစ်ဇော်ကို မေးလိုက်ခြင်းဖြစ်သည်။

"ဟင်…ဘယ်လိုပြောရမလဲ ညီထွေးရာ။ ဟိုးအရင်တုန်းက အဲ့ဒီတံတားမှာ ကားတစ်စီး လမ်းချော်ပြီးတိမ်းမှောက်သွားဖူးတယ်။ အဲ့ဒီကတည်းက အဲ့ဒီတံတားမှာ ခုလို အနှောင့်အယှက်တွေ ရှိနေတော့တာပဲတဲ့။ ငါတို့လည်း ကောင်းကောင်းမသိပါဘူး။ သူများပြောတာ ကြားဖူးတာပါ။ ကဲ… ဘာမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး ညီထွေးရာ။ ပြီးရင် ငါတို့ ပွဲဈေးရောက်တော့မှာပါ။ အဲ့ဒါကို မေ့လိုက်တော့ကွာ”

ဖိုးချစ်ဇော်က ညီထွေးထိတ်လန့်မှာလည်းစိုးသောကြောင့် ပေါ့ပေါ့ဆဆပြောပြီး စကားလမ်းကြောင်းလွှဲလိုက်၏။ ထိုစဉ် တစ်ချိန်လုံး စကားတစ်ခွန်းမျှဝင်မပြောသော ဖိုးသာလွန်းက -

“ငါတော့ အဲဒီအကြောင်းတွေ မယုံပါဘူးကွာ။ အဲ့ဒီလမ်းကိုသွားတဲ့ ဆိုင်ကယ်တိုင်းမှောက်လို့လား။ သတိမထားဘဲ အရမ်းကာရောမောင်းတဲ့ ဆိုင်ကယ်တွေပဲ မှောက်တာပါ။ အဲ့ဒါကိုပဲ လူတွေက ချဲ့ကားပြီးပြောကြတာ”

“ဟိတ်ကောင်လွန်း မင်းဒီလိုတော့မပြောနဲ့။ သတင်းဆိုတာ ဟုတ်လို့ကျော်တာကွ။ ဒါဆို ဟိုတလောကမှောက်သွားတဲ့ ကိုညိုကြီးတို့ဆိုင်ကယ်ဆိုရင် မင်းဘယ်လိုပြောမလဲ။ ကိုညိုကြီးက ဆိုင်ကယ်မောင်းတာ မင်းထက်တောင်နှေးသေးတယ်”

“အောင်မဲ့ မင်းမသိဘဲ လျှောက်ပြောမနေနဲ့။ ကိုညိုကြီးရဲ့ဆိုင်ကယ်မှောက်တာ ကွမ်းခြံတံတားပေါ်မှာမှမဟုတ်တာ။ တံတားကိုဖြတ်ပြီး တခေါ်သာသာလောက်ကျမှ လမ်းချော်ပြီး မှောက်သွားတာ”

ဖိုးသာလွန်းက စကားပြောရာတွင် အားပါပြီး နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်မိ၏။ ထိုစဉ် ဆိုင်ကယ်(Handle) လက်ကိုင်များကို ကိုင်ထားသောလက်မှာ အနည်းငယ်ယိမ်းသိုင်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ကွမ်းခြံတံတားနားအရောက်တွင် လမ်းချော်ကာ တိမ်း မှောက်သွားတော့သည်။

လမ်းချော်ကာ ဆိုင်ကယ်တိမ်းမှောက်သွားသောအခါ ဆိုင်ကယ်ပေါ်မှသုံးယောက်လုံး လမ်းတစ်ဖက်သို့ လွင့်စဉ်ထွက် သွားကြသည်။ ဖိုးချစ်ဇော်က လမ်းဘေးဗွက်တောထဲကျသွား၍ ဒဏ်ရာဒဏ်ချက်သိပ်မရ။ ပြုတ်ကျသည့်အရှိန်နှင့် ခြေထောက် တစ်ဖက် အတော်နာသွား၏။ ဖိုးသာလွန်းကတော့ လမ်းဘေးဆူး ချုံပေါ်ကျသွားသဖြင့် တစ်ကိုယ်လုံး ဆူးရှသည့်ဒဏ်ရာတွေနှင့် သွေးအလိမ်းလိမ်း။ သို့သော် ညီထွေးလေးခမျာမှာတော့ –

× × ×

"ညီထွေး...ညီထွေး"

ညီထွေးနာမည်ကို တကြော်ကြော်အော်ခေါ်ရင်း ဖိုးချစ် ဇော် ခေါင်းနားပန်းများပင်ကြီးသွားမိသည်။ မှောက်လျက်အနေ အထားနှင့် ညီထွေးခမျာ ပါးစပ်ကို ဟကာဟကာနှင့် အသက်ကို ပင်ပန်းကြီးစွာ ရှူရှိုက်နေပုံပေါ်၏။

"ဘုရားရေ...ညီထွေးဒဏ်ရာ ပြင်းထန်သွားပြီထင် တယ် ဘုရားကယ်ပါ"

"ဟာ...ညီထွေး...ညီထွေး"

"ဟိတ်ကောင် အော်ခေါ်မနေနဲ့။ သွား...ရွာကိုပြေးမြန်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီး ဆေးဆရာသွားခေါ်''

ဖိုးသာလွန်း သတိပေးလိုက်မှ ဖိုးချစ်ဇော် ခြေတစ်ဖက် ထော့နင်းထော့နင်းနှင့် ရွာဘက်သို့ပြန်ပြေးသွားသည်။ ဆိုင်ကယ် ကလည်း လဲကျသွားသည့်အရှိန်နှင့် သုံးမရတော့။

''ညီထွေး…ညီထွေး မင်းသတိရှိသေးရဲ့လား။ ဟိုမှာ ဆေးဆရာ သွားခေါ်နေပြီ အားတင်းထားနော်''

ဖိုးသာလွန်းက သွေးများ တစိမ့်စိမ့်ထွက်ကျဆင်းနေ သော ညီထွေး၏ရင်ဘတ်ဒဏ်ရာနားကို အသာအယာ ဖိနှိပ်ထား ရင်းပြောလိုက်သည်။ ညီထွေးက ကြားဟန်ဖြင့် မျက်တောင် နှစ်ဖက်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြ၏။

''တောက်…ဒီတမာငြောင့်ကွာ၊ တကယ့်ချက်ကောင်း ကိုမှ လာစူးရသလား''

ဖိုးသာလွန်းရဲ့စိတ်ထဲက နာနာကြည်းကြည်း ညည်းတွား လိုက်မိသည်။ ညီထွေး အရှိန်ဖြင့် လွင့်ကျသွားနေရာတွင် တမာ ငုတ်ငြောင့်တစ်ခုရှိနေ၍သာ ဤသို့ အဖြစ်ဆိုးခဲ့ရခြင်းဖြစ်၏။ ညီထွေး၏ရင်ဘတ်တည့်တည့်တွင် စူးဝင်နေသော တမာငုတ်ကို ကြည့်ရင်း ဖိုသားလွန်း၏ မျှော်လင့်ချက်တွေ မှေးမှိန်လာမိသည်။

''ဟိုမှာ ဟိုမှာ ကျွန်တော့်ကို လာခေါ်နေကြပြီ လာခေါ် နေကြပြီ''

မျက်လုံးကိုမှေးစင်းရင်း အသက်ကို ခက်ခဲစွာရှူသွင်းနေ



www.burmeseclassic.com

www.burmeseclassic.com



ရာမှ ရုတ်တရက် မျက်လုံးအစုံဖွင့်လာသော ညီထွေးထံမှ စကား သံသဲ့သဲ့ ထွက်ပေါ်လာ၍ ဖိုးသာလွန်း နားစိုက်ထောင်လိုက်ရာ ကြားလိုက်ရသည်များကြောင့် ထိတ်လန့်သွားမိသည်။

ညီထွေး ဘာတွေသွေးရူးသွေးတန်း ပြောနေပါလိမ့်။

"ဟိတ်ကောင်ညီထွေး မင်းဘာတွေပြောနေတာလဲ။ သတိထားစမ်းကွာ။ ဆေးဆရာလာတော့မှာ။ ပြီးရင် မင်းကောင်း သွားမှာပါ"

ဖိုးသာလွန်း မည်သို့ပြောပြော ညီထွေးကြားဟန်မတူ။ တစ်ဖက်ကွမ်းခြံတံတားကို ရီဝေတဲ့မျက်ဝန်းတွေနှင့်ငေးကြည့်ရင်း ပါးစပ်တစ်ချက်ဟကာ ငြိမ်သက်သွားသည်။ ဖိုးသာလွန်း ရင်ကွဲ လုမတတ် အော်ဟစ်လိုက်သည်။

"ညီထွေး...ညီထွေး"

× × ×

ဩော်...နောက်ဆုံး၌တော့ မည်သူ့ကိုမျှ အပြစ်မဖို့ဘဲ ညီထွေး၏ဆိုးဝါးလှသော အတိတ်ကံဟုသာ ဆိုရပေတော့မည်။ ဟုတ်လည်းဟုတ်သည်။ သုံးဦးလုံး လွင့်စဉ်ကျကာ ထွက်သွား သည်တွင် ညီထွေးတစ်ဦးတည်းသာ ရင်ဘတ်တည့်တည့် နလုံး နေရာသို့ တမာငြောင့်စူးကာ အသက်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

သို့သော်လည်း ကျန်းမာရေး ချူချာသောညီထွေးအံ့ တစ်



www.burmeseclassic.com

www.burmeseclassic.com



သက်လုံး အရိပ်တကြည့်ကြည့်နှင့် စောင့်ရှောက်လာခဲ့ရသော မိဘ၊ မောင်ဖွားများခများတော့ ဖြေမဆည်နိုင်အောင် စိတ်ထိခိုက်ရသည်။ ကြေကွဲဝမ်းနည်းရသည်။ သြော်…ညီထွေးဆိုတာက လည်း တစ်အိမ်သားလုံးရဲ့ အသည်းဆိုင်လေးမဟုတ်လား။ ယခု များတော့ အားလုံးရဲ့အသည်းဆိုင်လေး ပဲ့ကြွေသွားခဲ့ရပြီ။ မည် သူမျှ ဖြေမဆည်နိုင်ကြတော့။

× × ×

ကြားလိုက်ရသည့်သတင်းကို တင်အောင်ဦး မည်သို့မျှ မယုံကြည်နိုင်။ ရွာတောင်ပိုင်းက ယောဂီဒေါ်မြင့်မော်က ညီထွေး ကို အိပ်မက်မက်လို့တဲ့။ မယုံတယုံစိတ်နှင့်ပင် တင်အောင်ဦး ရွာတောင်ပိုင်းက ဒေါ်မြင့်မော်အိမ်သို့လိုက်လာတော့ အမေတို့အစ် မတို့က ရောက်နှင့်လို့နေပြီ။ ဒေါ်မြင့်မော်သည် ညီထွေးတို့မိသားစု နှင့် ဆွေမျိုးရင်းချာပမာ ရင်းနှီးကျွမ်းဝင်ကာ စားအိမ်သောက်အိမ် ဖြစ်ရသည်။

ယခုမှသာ ဒိဋ္ဌတွေ့မြင်ရခြင်းဖြစ်သည်။ ဒေါ်မြင့်မော်၏ မူလပုံစံက တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြစ်သော်လည်း ယခုများတော့ ကြမ်းတွင် တင်ပျဉ်ခွေထိုင်ပြီး ထမင်းကို ဇလုံကြီး နှင့်ထည့်ကာ ညီထွေးအလွန်ကြိုက်သော ငါးပိရည်နှင့် ဖန်ခါးသီး တို့စရာ၊ ချဉ်ပေါင်ဟင်းတို့ဖြင့် မြိန်ရေရှက်ရေ စားသောက်လျက်ရှိ သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ…လာ…အိပ်မက်အကြောင်းပြောရမယ်။ မောင်တင်အောင်ဦးတို့"

တင်အောင်ဦးဝင်သွားတော့ ဝမ်းသာအားရလှမ်းခေါ်ပြီး ထိုင်ခုံတွင်ထိုင်ခိုင်းသည်။ ဒေါ်မြင့်မော်၏အမူအရာတို့ကို ကြည့်ရသည်မှာ အမှန်ပင်ညီထွေးနှင့် ဆင်တူနေသည်။

"ဒီလိုကွယ့် အဒေါ်၊ လွန်ခဲ့တဲ့တစ်ပတ်လောက်က မောင်ညီထွေးကို အိပ်မက်မက်တယ်"

"ဟုတ်ကဲ့ ပြောပါ၊ ဆရာမကြီး"

"အိပ်မက်ထဲမှာ ညီထွေးက အဒေါ့်ကို…"

"ဒီလိုကွဲ့ အဒေါ့်အိပ်မက်က….

'ကျွန်တော် အခု ကွမ်းခြံတံတားမှာ နေနေတာ ပျော်စရာကြီးဗျာ။ သူငယ်ချင်းတွေမှ အများကြီးပါ။ အားလုံး ကျွန်တော့်ထက်ငယ်တာချည်းပဲ။ ကျွန်တော်နဲ့ မတိမ်းမယိမ်းက တစ်ယောက်နှစ်ယောက်လောက်တော့ရှိမယ်။ အားလုံး အော်ကြဟစ်ကြ ပျော်ကြရွှင်ကြ ကစားကြနဲ့ ပျော်စရာကောင်းမှကောင်း။ ဩော်…ကျွန်တော့်ကစားနည်းက ဆိုင်ကယ်တစ်စီးလာရင် ဟေး လို့အော်ပြီး လိုက်ဆွဲကြတာ။ ကားလာရင်လည်းဒီလိုပဲ။ တကယ့်ကို ပျော်စရာကြီးပါဗျာ။ တချို့ကောင်တွေက ပြုတ်ကျခဲ့ပါရော။ တချို့ဆိုင်ကယ်တွေကားတွေကျတော့ ကပ်လို့တောင်မရဘူး။ ဘာဖြစ်လို့လဲမသိဘူး။ ပူလိုက်တာဗျာ။ အဲ့ဒါမျိုးနဲ့တွေ့ရင်တော့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ဝို့အားလုံး ကစဥ့်ကလျားနဲ့ ထွက်ပြေးကြရတာပဲ။ ဒါကလွဲရင် တော်တော်ပျော်ဖို့ကောင်းတာ။ အခု အဲ့ဒီမှာ သူငယ်ချင်းတွေနဲ့ပျော်နေတာ တော်တော်ကြာတော့ မိုက်ဆာလာလို့ဗျာ’ လို့ ညီထွေးကပြောတယ်”

ဒေါ်မြင့်မော်စကားဆုံးတော့ ကြားလိုက်ရတဲ့စကားတွေကြောင့် တင်အောင်ဦးအပါအဝင် မိသားစုဝင်အားလုံး ရင်နင့်သွားရသည်။ ဩော်...ပရလောကသားတွေက တကယ်ရှိနေပါလားဟုလည်း တင်အောင်ဦးတွေးလိုက်မိသည်။ တွေးနေရုံနှင့်မပြီးသေး။ ညီထွေး ကျွတ်လွတ်သွားအောင်လုပ်ပေးမှဖြစ်မည်။

“ကျွန်တော့်ညီလေးကို ဘယ်လိုလုပ်ပေးရင် ကောင်းမလဲဟင်။ အကြံပြုပါဦး”

“သူ့အတွက် အလှူအတန်းလုပ်မှ သူကျွတ်လွတ်ပြီး ကောင်းရာဘုံဘဝကိုရောက်မှာပေါ့”

“ဒါဆို ခု တနင်္ဂနွေနေ့မှာ ဘုန်းတော်ကြီးတွေပင့်ပြီး လှူဖွယ်ဝတ္ထုတွေနဲ့ ဒါနပြုကြရတာပေါ့ဗျာ”

မိသားစုဝင်အားလုံးသည် ညီထွေးကို သနားလွန်းလို့ ငိုလိုက်ယိုလိုက်ကြသည်မှာ ကမ္ဘာပျက်နေသလိုပင်။ ဝိုင်းအုံနေ ထောင်ကြည့်ရှုနေသော ရွာသူရွာသားအပေါင်းမှာလည်း ညီထွေးကို ကရုဏာသက်၍ စုတ်သတ်သူသတ်။ ကွမ်းခြံတံတားရှင် ထိုသို့သော မမြင်အပ်သော ပရလောကသားများကို အမြင်တင်သူ

www.burmeseclassic.com



တင်နှင့်။ ကွမ်းခြံတံတားတွင် ထိုသို့သော မမြင်အပ်သော ပရလောကသားများရှိနေ၍ ဆိုင်ကယ်များ၊ ကားများ တိမ်းမှောက်ခြင်းဖြစ်ရကြောင်း သတင်းဖြန့်သူကဖြန့်နှင့် ကျွတ်ကျွတ်ညံသွားတော့၏။

× × ×

ဤနေ့သည် ညီထွေး၏ တစ်လပြည့်ဆွမ်းသွတ်အလှူဖြစ်သည်။ ရေစက်ခွက်မှ ရေများ လင်ပန်းအတွင်းသို့ တစက်စက်သွန်းလောင်းကျနေသလို ဒေါ်တင်နွဲ့၏မျက်ဝန်းမှ မျက်ရည်များသည်လည်း ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးဆင်းကျနေလေသည်။ ထို့နောက် တသိမ့်သိမ့်ရှိုက်နေလေသည်။

BURMESE CLASSIC

"လွန်ခဲ့သော တစ်လခန့်က ကွယ်လွန်အနိစ္စရောက်သွားသော သားငယ်ညီထွေးအပါအဝင် ဝေနေယျသတ္တဝါအပေါင်းကို အမျှ-အမျှ-အမျှပေးဝေပါတယ်။ သာဓု…သာဓု….သာဓု"

သာဓုသုံးကြိမ်ခေါ်ဆို၍အပြီးတွင်တော့ တံခါးမကြီးတွင် တပ်ဆင်ထားသော လိုက်ကာစသည် လေမတိုက်ပါဘဲ လှုပ်တစ်ချက်နံဘေးက အရှိန်နှင့်ဖြတ်လျှောက်သွားသည့်အလား လေဟာနယ်ထဲတွင် ခဏတာမျှ ဝေ့ဝဲလွင့်ပါးသွားသည်ကို ဒေါ်တင်နွဲ့အပါအဝင် အလှူလာသူပရိသတ်အပေါင်း မြင်တွေ့လိုက်လေသည်။ ညီထွေးတစ်ယောက် သူ့အပေါင်းအပါတစ်စုနှင့်အတူ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မြင့်တ်သောဘဝသစ်တစ်ခုဆီသို့ ကျွတ်လွတ်သွားရှာလေပြီဟု ယူဆလိုက်ရပါတော့သည်။

(ပဲမြစ်ရွာမှ အစ်မတစ်ဦးပြောပြသော ဖြစ်ရပ်မှတ်ဇာတ်လမ်းကို ဆီလျော်သလို ရေးသားလိုက်ပါသည်။)

ဂါဦးနွန်းကို

BURMESE CLASSIC



www.burmeseclassic.com